စာပေဗိမာန်စာမူဆုရ



မြန်မာ့သဘင် နွယ်စုံသစ်စေသည့်

# ပြည်ချစ်အနုပညာရှင်များ

## တင်အောင်သွင်



Illustration & design: THET PAING KHA 9/969
http://artofkha.wordpress.com





၂၀၀၆ ခုနှစ်၊ စာပေဗိမာန်စာမူဆု
မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာဘာသာရပ်
တတိယဆုရ

## မြန်မာ့သဘင်မှုယဉ်စုံသစ်စေသည့် ပြည်ချစ်အနုပညာရှင်များ

ရေးသူ - တင်အောင်သွင်

အဖ ဦးဘချော၊ အမိ ဒေါ်တင်ရွှေတို့မှ ၁၉၄၉ ခုနှစ်၊ မေလတွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ ၁၉၆၇ ခုနှစ်တွင် ကျိုက်လတ်မြို့ အစိုးရ အထက်တန်းကျောင်းမှ တန်းမြင့်ကျောင်းထွက်စာမေးပွဲ အောင်မြင်သည်။

၁၉၆၈ ခုနှစ်တွင် တိုက်ကြီးမြို့ အထက၌ တွဲဖက်စာကြည့်တိုက်မှူး အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၅ ခုနှစ်၊ ရွှေပြေးရုပ်ရှင်ဂျာနယ်တွင် စာပေများ စတင်ရေးသား ခဲ့ပြီး စာနယ်ဇင်းများတွင် စာပေယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးပုဒ်ရေ (၁၀၀)ကျော်နှင့် ဘာသာရေးဆိုင်ရာ ဆောင်းပါးပုဒ်ရေ ၄၀၀ ကျော် ရေးသား ခဲ့သည်။ လုံးချင်းစာအုပ် (၆)အုပ် ရေးသားထုတ်ဝေခဲ့သည်။

ပန်းတနော်မြို့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့နယ်အင်ဂျင် နီယာရုံးတွင် တာဝန်ထမ်းဆောင်လျက် စာပေများ ရေးသားပြုစုခဲ့သည်။

| | | |
|---|---|---|
| အမည်ရင်းမှာ | - | ဦးအုန်းသွင် ဖြစ်သည်။ |
| နေရပ်လိပ်စာ | - | အမှတ် (၇)၊ မေတ္တာလမ်း၊ အလယ်ပိုင်း ရပ်ကွက်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်း။ |

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

၂၀၀၈ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၃၅၀၀

တန်ဖိုး (        )ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင်(မောင်ဆွေငယ်)က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်၊

၂၀၀၆ ခုနှစ် စာပေဗိမာန်စာမူဆု

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဘာသာရပ်

တတိယဆုရ

# မြန်မာ့သဘင် စွယ်စုံသစ်စေသည့် ပြည်ချစ်အနုပညာရှင်များ

တင်အောင်သွင်

စီစဉ်တည်းဖြတ်သူ - ဒေါ်တင်တင်ဝင်း (ဒီဇင်ဘာမွန်း)

စာတည်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | နိဒါန်း | | |
| ၁။ | ဗုဒ္ဓဝင်စာရေးဆရာ မင်းသားကြီး<br>အမယ်ကြီးအို အောင်စိန် | ... | ၀ |
| ၂။ | ဦးတောကျော် | ... | ၀ |
| ၃။ | ဓာတ်ပြားတက္ကသိုလ် ရွှေကျီးညို | ... | ၀ |
| ၄။ | ဩဘာစိန် | ... | ၀ |
| ၅။ | မင်္ဂလာ ဦးအောင်မောင်း | ... | ၀ |
| ၆။ | ရုပ်သေးမင်းသား ရွှေဘိုတင်မောင် | ... | ၀ |
| ၇။ | အကာဝိဇ္ဇာ ဗလပြန် | ... | ၀ |
| ၈။ | သဘင့်ဥသျှောင် ကနက်စိန် | ... | ၀ |
| ၉။ | စိန်လှကြည် | ... | ၀ |
| ၁၀။ | အောင်လံတော် ခင်စိန် | ... | ၀ |
| ၁၁။ | ဝဏ္ဏကျော်ထင် စိန်အောင်မင်း | ... | ၀ |
| | ကိုးကားသော စာအုပ်စာတမ်းများ | | |

# နိဒါန်း

ကျွန်တော်သည် မိဘမျိုးရိုးမရှိပါဘဲလျက် ငယ်ရွယ်စဉ်ကပင် သုခုမ အနုပညာကို ဝါသနာထုံခဲ့သည်။ ငယ်စဉ်ကဆိုလျှင် ပွဲကြည့်ရမည့်ညများတွင် ထိုနေ့ည၊ ညစာကိုပင် စား၍မရတော့။ ပွဲကြည့်ရမည်ဟူသော အသိ၊ ပွဲကြည့်ရမည်ဟူသော ပီတိဖြင့် ရင်ထဲ၌ ပြည့်နေတတ်သည်။ ထိုစဉ်က ပွဲကြည့်ခဲ့ရသော်လည်း ခံစားမှုကား သိပ်ရှိလှသည်တော့ မဟုတ်။ ပွဲကြည့်ရလျှင် ပျော်နေတတ်ခြင်းသာ ဖြစ်သည်။

နောင်အသက်အရွယ် အတန်ငယ် ရလာသောအခါ ဇာတ်ပွဲကို ခံစားပြီး ကြည့်တတ်လာသည်။ နှစ်ပါးသွားတွင် မင်းသား မင်းသမီး တို့ ဆိုကြ၊ ကကြ ချစ်ရေးပျူငှာ တီတာကြသည်ကို ဆွတ်ပျံ့ကြည်နူး နေတတ်သည်။ လူရွှင်တော်တို့၏ ပြက်လုံးများကို ရယ်မောရွှင်မြူးနေတတ် သည်။ နောက်ပိုင်း ဇာတ်ထုပ်များမှ မင်းသား မင်းသမီးတို့၏ အပြော၊ အဆို၊ အငို၊ အလွမ်းတို့ကို ဆို့နစ် ကြေကွဲနေတတ်သည်။

ထိုစဉ်က ကျွန်တော်ကြည့်ခဲ့ရသော ဇာတ်အဖွဲ့များမှာ ရွှေမန်း တင်မောင်၊ စိန်အောင်မင်း၊ မင်္ဂလာဦးအောင်မောင်း၊ ကနက်စိန်၊ တိုင်းချစ် သန်းစိန်၊ မြို့တော်သိန်းအောင်၊ ရွှေမန်းကျော်အောင်၊ ပန်တျာမြဝင်း၊ ပန်တျာ ကြည်လင်၊ ပုလဲစိန်၊ ပြည်တော်စိန် အစရှိသည့် ဇာတ်ကို ဇာတ်နှင့်တူအောင် ကသော ဇာတ်အဖွဲ့များ ဖြစ်သည်။ သို့နှင့် ကျွန်တော်သည် ဇာတ်သဘင်၏ အရသာကို တင်းပြည့်ကျပ်ပြည့် ခံစားနိုင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်ပတ်ဝန်းကျင်လောက်တွင် ဆန်းညွှန့်ဦး - ဦးလှခင် စီစဉ်ထုတ်ဝေသော ဇာတ်သဘင် မှတ်တမ်းတင် စာအုပ်ကလေးများ ထွက်ပေါ်လာခဲ့သည်။ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ မဂ်လာ ဦးအောင်မောင်း၊ ရွှေနန်းတင်၊ ရွှေမန်းကျော်အောင် စသည့် ဇာတ်အဖွဲ့ များမှ စီစဉ်ကပြကြသော ရှေ့ပိုင်းပြဇာတ်၊ အော်ပရာ ဇာတ်လမ်းများနှင့် နောက်ပိုင်း ဇာတ်ထုပ်များ၊ နှစ်ပါးသွားသီချင်းများ၊ ပြက်လုံးများပါမကျန် အသေးစိတ်မှတ်တမ်းတင်ထားသောစာအုပ်ကလေးများဖြစ်၍ကျွန်တော့် အတွက် တန်ဖိုးရှိလှသည်။

"အချိုရှာ သကာတွေ့" ဟူသော စကားကဲ့သို့ ကျွန်တော်သည် ဇာတ်သဘင်ပညာကို လေ့လာလိုက်စားလျက်ရှိရာ သဘင်ဝန် ဦးနု၊ ဦးဂုဏ်ဘဏ်၊ ဦးသော်ဇင်၊ ဦးအောင်သိန်း၊ လူထုဒေါ်အမာ၊ ပန်တျာ မြင့်အောင်၊ လှသမိန်၊ မောင်ကြည်ရှင်၊ ဂုဏ်ထူးဦးသိန်းနိုင်၊ ဗမိုးစသူတို့၏ ဇာတ်သဘင်ဆိုင်ရာစာအုပ်စာတမ်းများကို လေ့လာဖတ်ရှုခဲ့ရသည့် နည်းတူ၊ အထက်ဖော်ပြပါ ဆန်းညွှန့်ဦး - ဦးလှခင်၏ဇာတ်သဘင်မှတ်တမ်း တင်စာအုပ်ကလေးများကိုလည်းအမြတ်တနိုးဝယ်ယူစုဆောင်းခဲ့ပါသည်။ စာနယ်ဇင်းများပါ သဘင်မှုဆိုင်ရာဆောင်းပါးများကိုလည်း ဖြတ်ယူ စုဆောင်းထားခဲ့သည်။

ဤသို့ဖြင့် မြန်မာ့အနုသဘင်ဝါသနာသည် ကျွန်တော့်ရင်၌ တစ်စထက်တစ်စ ကြီးထွားရှင်သန်လာခဲ့ရသည်။ အထူးသဖြင့် စာရေး ဆရာမကြီး လူထုဒေါ်အမာ၏ "ပြည်သူချစ်သော အနုပညာသည်များ" "အောင်ဗလဖိုးစိန်၊ စိန်ကတုံး" နှင့် "ရွှေမန်းတင်မောင်" ဟူသောစာအုပ် ၃ အုပ်သည် ကျွန်တော်၏ ဝါသနာမျိုးစေ့ကို ကြီးထွားရင့်သန်အောင် လှုံ့ဆော်ပေးနိုင်ခဲ့ပါသည်။ ယင်းစာအုပ် ၃ အုပ်အနက် "အောင်ဗလဖိုးစိန် စိန်ကတုံး" စာအုပ်ကိုအကြိုက်နှစ်သက်ဆုံးဖြစ်ရကားအကြိမ်ကြိမ်အထပ်ထပ်

ဖတ်ဖြစ်ခဲ့ပါသည်။ အောင်ဗလ ဖိုးစိန် စိန်ကတုံးတို့ ကပြသော ဇာတ်ထုပ်များမှ ဇာတ်ဝင်ငိုချင်းများကိုအသံထွက်ဖတ်ကာ ရှေးခေတ် ဇာတ်စာရေးဆရာကြီးများ၏စာပေရသ အလင်္ကာဂုဏ်မြောက်လှသောအရေးအသားကို ချီးကျူးလေးစားမဆုံးဖြစ်ရလေသည်။

ဤသို့ဖြင့် ကျွန်တော်သည် သဘင်မှု ဆောင်းပါးများ၊ သဘင်ပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိဆောင်းပါးများ ရေးသားရန် ဆန္ဒပြင်းပြလာသည်။ ရန်ကုန်မြို့မြူနီစပယ်ရုံးကြီး (ယခု မြို့တော်စည်ပင်)တွင် အလုပ်လုပ်နေစဉ်အတွင်း နိုင်ငံကျော် သဘင်ပညာရှင်ကြီးများဖြစ်ကြသော ဦးတောကျော်၊ ဒေါ်ဗလပြန်တို့နှင့် တွေ့ဆုံမေးမြန်းလျက် သူတို့ဘဝ၊ သူတို့အကြောင်း သူတို့အနုပညာစွမ်းရည်များကို မှတ်တမ်းတင်ခဲ့ပါသည်။

ရန်ကုန်မြို့မှ အလုပ်ထွက်ပြီး နေရင်းဒေသသို့ ပြန်ရောက်လာပြီးနောက် မိမိတို့မြို့တွင် လာရောက်ကပြသော ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းနှင့် ပန်တျာကြည်လင်ဇာတ်အဖွဲ့မှ မင်းသားကြီး စာရေးဆရာ အမယ်ကြီးအို ဦးအောင်စိန်တို့နှင့် တွေ့ဆုံမေးမြန်းလျက် မှတ်တမ်းတင်ဖြစ်ခဲ့ပြန်သည်။

အချို့အချို့သဘင်ပညာရှင်ကြီးများမှာ အရွယ်နုစဉ်၊ စန်းထစဉ်အခါက တစ်တိုင်းပြည်လုံး ဟိုးဟိုးကျော်ခဲ့သော်လည်း အသက် အရွယ်ထောက်၍ စန်းကျလာသောအခါ သဘင်လောကမှ တဖြုတ်ဖြုတ်ကြွေလွင့်သွားကြပြီး ဘဝနေဝင်ချိန်တွင် မထင်မရှားဖြင့် ဇာတ်သိမ်းသွားကြရသည်ကို ဤစာမူပြုစုရင်း တွေ့ရှိလာရသည်။

ထိုအခါကျွန်တော်သည် ဘဝအာမခံချက်မရှိသော သဘင်ပညာရှင်များ၏ဘဝကိုထောက်ထားစာနာလာမိသည်။ တရားသံဝေဂရလာမိသည်။

အခြားခြားသော သဘင်ပညာရှင်များသည်လည်း ထိုသဘင်ရှင်ကြီးများ၏အဖြစ်အပျက်တို့ကို သင်ခန်းစာ ယူကြစေလိုပါသည်။ ထို့သို ယူနိုင်ကြစေရန်အတွက်လည်းကောင်း၊ ရှေးရောင်လွှမ်းသည့်သူတို့ခေတ် သူတို့အခါကသူတို့တတ်စွမ်းရာ သုခုမအနုပညာဖြင့် တိုင်းပြည်တာဝန် ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်ကိုလည်းကောင်း၊ ဘဝတူ သဘင်ပညာရှင်များနှင့် အနုသုခုမပညာကို ချစ်မြတ်နိုးကြသည့် အနာဂတ်မျိုးဆက်သစ်လူငယ်များ တစေ့တစောင်း သိရှိနိုင်ကြစေရန် ရည်ရွယ်၍ ဤစာမူကိုရေးသားပြုစုရခြင်းဖြစ်ပါသည်။

ဤသို့ ရေးသားပြုစုရာတွင် လက်လှမ်းမီသမျှ အကိုးအကားအထောက်အထားရှာဖွေ၍ ရသမျှကိုသာ ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။ သို့ပါ၍ နာမည်ကျော် သဘင်ပညာရှင်ကြီးများ များစွာကျန်ရှိနေဦးမည်ဖြစ်ကြောင်းဝန်ခံလိုပါသည်။

ကျွန်တော်သည် ဤစာမူကို လွန်ခဲ့သော ၁၇ နှစ်ကျော်ကပင် ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်ရေးသား ပြုစုခဲ့သည့် ခေတ်ကာလနှင့်ယနေ့မျက်မှောက်ခေတ်ဇာတ်သဘင်လောကအခြေအနေမှာ ကွာခြားပြောင်းလဲသွားပြီဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် တင်ပြရသော်မြန်မာ့ဇာတ်သဘင်သမိုင်းပြုစုရာတွင် ကျွန်တော်၏ စာစုသည် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ အထောက်အပံ့ဖြစ်မည်ဆိုပါက၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းတွင် တစ်စိတ်တစ်ဒေသ အကျိုးပြုမည်ဆိုပါက ကျွန်တော့်အဖို့ အပင်ပန်းခံ၍ပြုစုရေးသားရကျိုးနပ်ပြီဟု ဆိုရမည်ဖြစ်ပေသည်။

တင်အောင်သွင်

# ဗုဒ္ဓဝင် စာရေးဆရာ မင်းသားကြီး
# အမယ်ကြီးအို အောင်စိန်

မြန်မာဇာတ်သဘင်လောကတွင် မင်းသားကြီး၏ အခန်းကဏ္ဍမှာ လွန်စွာအရေးပါသော ကဏ္ဍဖြစ်သည်။ ဇာတ်ထုပ်တစ်ထုပ်ကပြရာ၌ မင်းသား၊မင်းသားကြီး၊ လူရွှင်တော်စသည်ဖြင့် ထောင့်လေးထောင့် လုံအောင် ကပြနိုင်မှသာ အောင်မြင် ကျော်ကြား သော ဇာတ်ထုပ်တစ်ထုပ် ဖြစ်လာ နိုင်ပေမည်။ ရှေးခေတ်ဇာတ်သဘင်များတွင် မင်းသားကြီးကို နေရာပေး၍ ကပြလေ့ရှိကြသည်။ ယခုခေတ်၌ကား ဤသို့မဟုတ်။ မင်းသားကြီး၏ အခန်းကဏ္ဍမှာကွယ်ပျောက်လုနီးရှိနေပါပြီ။ ခေါင်းဆောင်မင်းသားသာလျှင် ပေါ်လွင်လျက် မင်းသားက အသားယူရသော ဇာတ်ထုပ်များဖြင့် ကပြလျက်ရှိနေကြပေသည်။

ဇာတ်သဘင်ပညာတွင်မင်းသမီးတို့တတ်အပ်သောပညာရပ်(၁၂) ရပ်ရှိကြောင်း ဇာတ်သဘင်ကို လေ့လာလိုက်စားသူတိုင်း သိရှိပြီး ဖြစ်သည်။ ယင်းပညာ(၁၂)ရပ်မှာ "ပိုး၊ မွေး၊ မျှော်၊ ခေါ်၊ အောင်၊ ဇော်၊ လု၊ ဘ၊ ရှူး၊ အ၊ သော၊ ပစ်" ဟူ၍ဖြစ်သည်။ ထိုသို့မင်းသမီး၏ပညာပိုင်းဆိုင်ရာ အင်္ဂါရပ်များရှိသကဲ့သို့ မင်းသားကြီးတို့၏ ပညာပိုင်းဆိုင်ရာ အင်္ဂါရပ် (၇)ရပ်ရှိလေသည်။

မင်းသားကြီးပညာ(၇)ရပ်မှာ "ညည်း၊ ဖော်၊ ငို၊ ရေ၊ လွမ်း၊ ဖွဲ့၊ ဖြေ - မှတ်လေ ခုနစ်ဖြာ၊ မင်းသားကြီးမည်၊ နှုတ်စွမ်းရည်၊ ကျင်လည် တတ်ကျွမ်းရာ" ဟူသော လင်္ကာအတိုင်းဖြစ်သည်။ ထို(၇)ရပ်သော မင်းသားကြီးတို့၏အတတ်ပညာများကို အကျဉ်းမျှတင်ပြလိုပေသည်။

(၁) ညည်း - ဆိုသည်မှာ ဇာတ်ကွက်ဇာတ်လမ်းအရ မိမိ၌တွေ့ကြုံခံစားနေရသော ဒုက္ခဝေဒနာ၊ သောကမီး ဖိစီးနှိပ်စက်ပုံ အကြောင်းရင်း အဖြစ်အပျက်တို့ကို စဉ်းစားဆင်ခြင်လျက် သရုပ်သကန်ပေါ်လွင်လာအောင် ညည်းညူတတ်ရသည်ကို ဆိုလိုပါသည်။

(၂) ဖော် - ဆိုသည်မှာ မိမိ၏ အဖြစ်အပျက်ဒုက္ခတို့ကိုလည်းကောင်း၊ မိမိမြင်တွေ့ရသော အနိဋ္ဌာရုံ မြင်ကွင်းတို့ကိုလည်းကောင်း၊ ပွဲကြည့်သူများ စိတ်၌ကွက်ကွက် ကွင်းကွင်း မြင်ယောင်လာအောင် သရုပ်ဖော်၍ ပြောဆိုတတ်ရမည်ကို ဆိုလိုပါသည်။

(၃) ငို - ဆိုသည်မှာ မင်းသားကြီးတို့ မည်သည့်မင်းသားကလေးလို လေးချိုး၊ ဒွေးချိုး၊ ငိုချင်းရှည်များဖြင့် အော်ဟစ်ငိုကြွေးခြင်း မပြုရတဲ့ ဂဏ္ဍန္တြေရှိရဖြင့် မိမိတို့တွေ့ကြုံဖြစ်ပျက်သော ဒုက္ခဖြစ်အင်ကိုရင်တွင်း၌တမြည့်မြည့်ဆွေးမြည့်ကြေကွဲလာပုံဖြင့် ငိုတတ်ရသည်ကိုဆိုလိုသည်။

(၄) ရေ - ဆိုသည်မှာ မိမိကိုယ်၌ တွေ့ကြုံခံစားနေရသော အဖြစ်အပျက်တို့ကို ဖော်ပြ၍ လွမ်းဆွတ်ငိုကြွေးပြီးနောက် စိတ်မာန်ချကာ မိမိ၏ အဖြစ်ကို အပြစ်ဆိုပြီး မချင့်မရဲဟန်ဖြင့် သနားကရုဏာသက်လာအောင် ရေရွတ်ပြောဆိုတတ်ရသည်ကို ဆိုလိုပါသည်။

(၅) လွှမ်း – ဆိုသည်မှာ ဇာတ်ထုပ်ဇာတ်ကွက်ဆိုင်ရာနှင့်ပတ်သက်၍ပွဲကြည့်ပရိသတ်များရင်ထဲနင့်လာအောင်လွှမ်းတတ်ရမည်ကို ဆိုလိုပါသည်။

(၆) ဖွဲ့ – ဆိုသည်မှာ မင်းသားကြီးတို့သည် ရွှေဘုံနိဒါန်း ထီးနန်းဆိုင်ရာ အသုံးအနှုန်း၊ တောသားတောင်သူ မိလက္ခုတို့၏ အသုံးအနှုန်း များ၊ ရာဇသတ်၊ ဓမ္မသတ်ဆိုင်ရာ အသုံးအနှုန်းများ၊ စာပေကျမ်းဂန်ဆိုင်ရာ အသုံးအနှုန်းများ၊ တောဘွဲ့ တောင်ဘွဲ့စသည့် အသုံးအနှုန်း များကိုလည်း ဇာတ်ကွက်ဇာတ်လမ်းအလိုက် ထည့်သွင်းပြောဆိုတတ်ရသည်ကို ဆိုလိုသည်။

(၇) ဖြေ – ဆိုသည်မှာ မိမိတွေ့ကြုံခံစားရသော ဆင်းရဲဒုက္ခတို့ကို တရားသံဝေဂယူကာစိတ်ကို ဆုံးမ၍ဖြေသိမ့်တတ်ရသည်ကို ဆိုလိုပါသည်။

ဤမျှဆိုလျှင် မင်းသားကြီးကောင်းတစ်လက် ဖြစ်မြောက်ရန် အဘယ်မျှ ခက်ခဲနက်နဲလှကြောင်း သိရှိနိုင်ပေပြီ။ ရှေးက ဇာတ်သဘင်များကပြရာတွင် ယနေ့ည မင်းသားဇာတ် (ဝါ) မင်းသားအသားယူသော ဇာတ်ကိုကပြခဲ့သော် မနက်ဖြန်ည မင်းသမီးဇာတ် (ဝါ) မင်းသမီးအသားယူသောဇာတ်ကို ကပြသည်။ သဘင်ပညာသည် အချင်းချင်း တန်ဖိုးထားလျက် ပင်ကိုအရည်အသွေး ပို၍ တောက်ပလာအောင် ဖော်ထုတ်ပေးသည့် သဘောပင်ဖြစ်သည်။ ယနေ့ မျက်မှောက်ခေတ်၌ကား ထိုသို့ မဟုတ်တော့ဘဲ မင်းသားဇာတ် (ဝါ) မင်းသားချည်းသာ အသားယူရသောဇာတ်များကပြနေကြပေတော့သည်။

ထို့ကြောင့် မျက်မှောက်ခေတ်ဇာတ်သဘင်လောကတွင် မင်းသားကြီး၏ အခန်းကဏ္ဍမှာ တဖြည်းဖြည်း ကျဆင်းမှေးမှိန်လာခဲ့ရသည်။ ဤသို့သော အခြေအနေ၌ ကွယ်လွန်သည်အထိ နာမည်ကျော်ကြားခဲ့သော ဇာတ်ထုပ်ပေါင်းများစွာ ရေးသားခဲ့သော မင်းသားကြီးအဖြစ် နှစ်ပေါင်းများစွာ ကပြခဲ့သော ဇာတ်သဘင်ပညာရှင်ကြီးတစ်ဦး ရှိခဲ့ပါသည်။ ထိုပညာရှင်ကား အခြားမဟုတ်။ "ဗုဒ္ဓဝင် စာရေးဆရာကြီး မင်းသားကြီးအမယ်ကြီးအိုအောင်စိန်" ပင်ဖြစ်လေသည်။

ဦးအောင်စိန်ကို ၁၂၆၄ ခုနှစ်၊ နယုန်လဆုတ် ၂ ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ အဖမှာ ပန်းပုဆရာကြီးဦးအောင်မြတ်ဖြစ်၍ အမိမှာ ဒေါ်ငွေရီဖြစ်သည်။ ငယ်မည်မှာ မောင်အောင်သိန်းဖြစ်၏။ အသက် ၁၄ နှစ်ခန့်တွင် မင်းသမီးကြီး ကျိုက်လတ်ဒေါ်သင်ထံ သွားရောက်၍ ပညာဆည်းပူးရင်း ထိုဇာတ်ထဲ၌ အပျိုတော်ကလေးအဖြစ် ကပြခဲ့ရသည်။ တစ်နှစ်ပြည့်လျှင် ထိုဇာတ်မှထွက်၍ ရန်ကုန်မြို့ရှိ လူရွှင်တော်ဦးညက်ကျယ်ထံရောက်ရှိသွားပြန်သည်။ ဦးညက်ကျယ်၏အကူအညီဖြင့် ဒေါ်ထွေးစိန်တည်ထောင်သော ကိုထွန်းကြိုင်ဇာတ်တွင် ဝင်ရောက်ကပြခဲ့သည်။

ဤသို့ကပြနေစဉ် ဆရာဖြစ်သူ ဦးညက်ကျယ်က ၎င်းဇာတ်မှ နုတ်ထွက်လိုက်သဖြင့် ဦးအောင်စိန်လည်း နုတ်ထွက်ခဲ့ရသည်။ ထို့နောက် ဦးထွန်းညွန့်၊ ဒေါ်မြမေတို့က ဇာတ်တည်ထောင်ပေးခဲ့ရာ "အောင်မြစိန်" အမည်ဖြင့် ကပြခဲ့သည်။ တစ်နှစ်ခန့် ကပြပြီးနောက် ဇာတ်ဖြုတ်၍ ဦးညက်ကျယ်နှင့်အတူ ရန်ကုန်သို့ဆင်းခဲ့ကြသည်။ ရန်ကုန်သို့ရောက်လျှင် ဦးအောင်စိန်သည် ကြည့်မြင်တိုင်မှ ဇာတ်ထောင်ဆရာ ဆရာထွန်း၊ မငွေဆိုင်တို့ထံ သွားရောက်ပြီး သဘင်ပညာကို ဆက်လက်ဆည်းပူးလေသည်။ ပညာဆည်းပူးရင်း ဦးညက်ကျယ်နှင့်အတူ ကပြနေခဲ့သည်။

သုံးနှစ်ခန့်ကြာသောအခါဦးညက်ကျယ်ထံမှခွဲထွက်ပြီး မော်လမြိုင်မြို့မှ ဇာတ်ဆရာဦးရွှေနဲ့ ဒေါ်သောင်းမေ တည်ထောင်သည့် ဇာတ်အဖွဲ့၌ "အောင်သိန်းကျော်" နာမည်သစ်ဖြင့် ဝင်ရောက်ကပြ ခဲ့ပြန်သည်။ နောင်အခါ ရုပ်သေးမင်းသားကြီး ဗုဒ္ဓဝင် ဦးစိန်ညွှန့်၏ဇာတ်သို့ ရောက်ရှိသွားပြီး "အောင်စိန်"အမည်ဖြင့် ကပြခဲ့သည်။ ထို့နောက် ဆင်ဖြူကျွန်း ဦးဘခင်တည်ထောင်သော ဇာတ်အဖွဲ့ထဲသို့ ရောက်ရှိသွားပြန်သည်။ ဤသို့ကပြရင်း ရုပ်သေးထဲက အမယ်ကြီးအိုရုပ်ကပြသည်ကိုနည်းယူ၍ "အမယ်ကြီးအိုအက" ကပြခဲ့ရာမှ "အမယ်ကြီးအိုအောင်စိန်" ဟု ထင်ရှားလာခဲ့သည်။ ထိုခေတ် ထိုအချိန်က မကွေး၊ ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီးနယ်တစ်ဝိုက် အမယ်ကြီးအိုအောင်စိန်ဇာတ်မှာ အလွန်လူကြိုက်များပြီး ကျော်ကြားခဲ့သည်။

ဦးအောင်စိန်သည် ၁၉၄၆ ခုနှစ်တွင် အိမ်ထောင်ကျပြီး၊ ဇာတ်အလုပ်ဖြုတ်ကာ ပွဲရုံတည်ထောင်နေခဲ့သည်။ ထိုစဉ် မင်္ဂလာဦးအောင်မောင်းက ခေါ်သဖြင့် ဦးအောင်မောင်းဇာတ်ထဲသို့ ရောက်ရှိခဲ့သည်။ ဦးအောင်မောင်းနှင့် တွဲဖက်ကပြစဉ် "တေဘုမ္မကသံသရာ ခွင်ဝယ်" နှင့် "ပဋ္ဌိစ္စသမုပ္ပာဒ်စက်ရဟတ်အတွင်းဝယ်" ချီနှစ်ပါးသွား သီချင်းနှစ်ပုဒ် ရေးပေးခဲ့ရသည်။ ဦးအောင်မောင်းကြီး ပဒုကသလနှင့် ကုလိုသဒ္ဓိစိတ္တ ဇာတ်ထုပ်များ ဓာတ်ပြားများ သွင်းသောအခါ ဦးအောင်စိန်လည်း ပါဝင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ချောက်မြို့မှ ဓာတ်ပုံဆရာ ဦးမန်း၏ ဆက်သွယ်ပေးမှုဖြင့် ရွှေမန်းတင်မောင် ဇာတ်ဖွဲ့ထဲသို့ ရောက်ရှိခဲ့လေသည်။

ရွှေမန်းတင်မောင်ဇာတ်တွင် မင်းသားကြီးအဖြစ် ကပြနေရာမှ "မင်းသားကြီး အမယ်ကြီးအိုအောင်စိန်" ဟု ထင်ရှားခဲ့သည်။ ဤသို့

ကပြနေစဉ် ရွှေဘိုပွဲခွင်၌ ရွှေမန်းတင်မောင်အား "သာသနာ တက်မယ့် ခရီး" အမည်ရှိ နှစ်ပါးသွားသီချင်းတစ်ပုဒ် ရေးပေးခဲ့သည်။ ဦးအောင်စိန်၏ အရည်အသွေးကို သိသောရွှေမန်းတင်မောင်က ဇာတ်စာရေးဆရာ လုပ်ရန် တိုက်တွန်းသဖြင့် ဇာတ်ထုပ်များ ရေးပေးခဲ့ရသည်။ ရေးသားခဲ့သော ဇာတ်ထုပ်များမှာ တေမိယ၊ ဇနယ၊ သုဝဏ္ဏသျှံ၊ တမ္ဗဒီပ၊ ဗုဒ္ဓဝင် ဖွားတော်မူခန်း ၊ လေးတော်တင်ခန်း၊ တောထွက်ခန်း၊ မဟောသဓာ၊ အရိန္ဒမ၊ ပဒုမမာလာ၊ တံခါးမှူးဒတ္တ၊ ညီတော်မင်းနန်၊ စမ္ပာနယပဏ္ဍိစ္စ၊ ရှင်သီဝလိဖွားတော်မူခန်းနှင့် ဝိဓူရတို့ဖြစ်သည်။

ဗုဒ္ဓဝင်ဖွားတော်မူခန်းမှာ မန်လည်ဆရာတော်၏စာ၊ ကျပင်းဆရာဖိုး၏စာများနှင့် ကိုယ်တိုင်ရေးစပ်သောစာများကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ လေးတော်တင်ခန်းနှင့် တောထွက်ခန်းတို့မှာမူ ဦးအောင်စိန်၏ လက်ရာသန့်သန့်ချည်းဖြစ်သည်။ ရွှေမန်းတင်မောင်သည် ယင်းဗုဒ္ဓဝင်ဇာတ်ထုပ်များဖြင့်လွန်စွာ အောင်မြင်ကျော်ကြားခဲ့သလို ဦးအောင်စိန်သည်လည်း "ဗုဒ္ဓဝင်စာရေးဆရာကြီး" ဟူ၍ ထင်ရှားခဲ့သည်။

ဦးအောင်စိန်သည် နဘေထပ်ရေးကောင်းသူဖြစ်ရာ ဗုဒ္ဓဝင်ဇာတ်ထုပ်များ၌မန်ကျည်းရွက်သပ်နဘေထပ်နည်းကိုများစွာ အသုံးပြုခဲ့သည်။ လေးတော်တင်ခန်းတွင်ဇကအမတ်ကြီးနှင့် ကာဠုဒါယီအမတ်တို့ ယသော်ဓယာ မင်းသမီးတောင်းရန်အသွားလမ်းခရီး၌ လုမ္ဗိနီအင်ကြင်းတောသို့ရောက်ရှိလာခဲ့ကြသည်။ ထိုအခါဇကအမတ်ကြီးက ကာဠုဒါယီအား မာယာဒေဝီမိဖုရား အလောင်းတော်ဖွားမြင်ခဲ့စဉ်က အဖြစ်အပျက်များကိုပြန်လည်ပြောပြခန်းမှာ အလွန်ပင် ပြောင်မြောက် လှသည်။

"အလောင်းမင်းသား သန္ဓေစလို့ရရင်ပဲ၊ မကောင်းသတင်း စကားချေပပြမဟဲ့လို့၊ ဒေဝဒဟာသို့မြန်းထွက်လာပါရော့ မောင်ရဲ့၊ လမ်းတစ်ဝက်မှာ လေကမ္မဇလျှမ်းလာတော့၊ ပန်းလျက်သာ ခြေကြွ၍ မလှမ်း နိုင်ဘူးတဲ့၊ ဒေဝနန်းဘုံ သီဟာ မဝင်ခင်၊ လုမ္ဗိနီဝနာတွင် ပတ္တမြားသန္ဓေတော်အတွင်းက သားရွှေလျော် အသားဝင်းကလေး ဖွားသန့်စင်တာပါပဲ မောင်ရယ်၊ သားရွှေလျော် မဖွားခင်ကလေး၊ အားအင်သေးပြီးတော့ စကားသွဲ့သွဲ့နဲ့ ပြန် လိုက်တာက၊ အားအင် နွံ့နွဲ့ အသံတွေတွေက ညည်းပြီး၊ သွားမယ်ကျန်တဲ့ ဒေဝဒဟာ ခရီး ဟာ၊ ပြေကမနီးလို့ အခြေဟာ မဟန်ဘူးတဲ့၊ အဖေ ဗကကြီးက စေတနာသန်ပေမယ့်၊ ကျွန်မတော့ သေရဖို့နီးလို့ထင်ရဲ့ ဝေဒနာ ခံရတာပါပဲ၊ နေ့အခါသမယံမို့ နေအပြင်းက လွန်သမို့၊ ရေဆာ ပြန်တယ်လို့ ဖြေမရှင်တဲ့ အခင်းကြောင့်၊ ရွှေပဝါသန့်သန့်နဲ့ ငွေရင် တင်းပြီးတော့၊ ရွှေအင်ကြင်း အရိပ်အေးတဲ့အောက်၊ တစ်ဆိတ် ကလေးလောက် နားကာနေပါရစေဦး အဖေရဲ့တဲ့၊ အဲဒီလိုစကား တာရှည် လို့မှ အစအခြေ မချုပ်သေးပါဘူး၊ သားရတနာ သန္ဓေက ကမ္မဇလှုပ်လာတော့၊ ပတ္တမြားရွှေကြုတ်က ဖိုလှိုက်တဲ့ သဘော ကြောင့်၊ အားတွေဆုတ်ပြီအဖေရဲ့လို့၊ ငိုရှိုက်လို့တောင် ပြောသေး သကွယ့်၊ အင်း အလိုလိုက်တဲ့သဘောနဲ့ အနားကပ်မလာခင်၊ သားမြတ်ရတနာဖွားမြင်ဖို့ ဈေ့လာတော့၊ သိကြား၊ နတ်၊ ဗြဟ္မာ တွေက အားအင်ဖြည့်ကြသထင့်၊ အပါးတွင်ရှိတဲ့ အင်ကြင်းပင်၊ အထင်အလင်းပင် ကိုင်းပြတ်ကလေး၊ ကိုင်းညွှတ်ပေးတာ ယခုထိ ရှိပါသေးတယ်ကွယ်"

အထက်ပါဇာတ်စာကို ဗကအမတ်ကြီးအဖြစ် သရုပ်ဆောင်သည့် လူရွှင်တော်ကြီး ဦးဓာတ်ရှင်က ဌာန်ကရိုဏ်းကျနစွာ ရွတ်ဆိုပြခဲ့ရာ၊ နောင်တွင် "ဗကဦးဓာတ်ရှင်" ဟု ဇာတ်သဘင်လောကတွင် ထင်ရှားကျော်ကြားခဲ့ပေသည်။ ဗကအမတ်ကြီးနှင့် ကာဠုဒါယီအမတ်တို့ ဒေဝဒဟပြည်သို့ရောက်ရှိသွားပြီး ယသော်ဓယာမင်းသမီးအား တောင်းရမ်းကြရာ သုပ္ပဗုဒ္ဓမင်းက သမီးတော်မပေးသည့်အပြင် အချေမင်း ပြောလွှတ်လိုက်သည်။ ထိုအခါ ဖွားဖက်တော် ကာဠုဒါယီ ဝမ်းနည်း ကြေကွဲခြင်း ဖြစ်ရပုံကို ဦးအောင်စိန်က ဤသို့သရုပ်ပေါ်အောင် ရေးခဲ့သည်။

"မျက်နှာမရ၊ ခြေထောက်ရတယ်လို့ ပြောကြတဲ့စကားပုံ၊ ပမာပြုလိုက်လျှင်ကာဠုကြုံရပေါ့၊ ရွှေဘုံဌာန မပြတ်စည်တဲ့ကပ္ပိလ၊ ပြန်ရဖို့အတွက်၊ အလောင်းသခင် ကျုပ်အရှင်၊ တင်ရန် ခက်လွန်းလို့၊ ရှက်လိုက်လေခြင်း၊ သဘောပုပ်ပုပ် မနောယုတ်တဲ့ သုပ္ပမင်းက၊ အဆင်းလှဆန်းလူ့ပေါက်ပန်း၊ ထောက်လှမ်းမညှာ၊ ဘာတစ်ရပ်မှာ မတတ်ပါ။ ပမာပုံထား၊ ပညာချို့တဲ့ နို့ပုန်းစားလို့ သနားမညှာ၊ ကျုပ်အရှင်အရှက်ခွဲလိုက်တာက ဘိုးဘိုးရယ်၊ အသဲနိုက်အောင် နာလွန်းလို့၊ ဘယ်ဟာမှမကြောက်၊ မင်းသုပ္ပစံနေတဲ့ သည်ပြည်ထောင်မှောက်နိုင်ရဲ့၊ ထောက်စရာမျက်နှာ၊ ဆွေတော်စဉ်မျိုးတော် ဆက်ပါလားလို့၊ သည်တစ်ချက် ညှာလိုက်ရပြန်သော်၊ ဘုံကနက်မှာ ပြည်ဘုရင်အတင်ခက်လွန်းလို့၊ ကျုပ်ရင်ဓားတင်တွက်ပြီး (အမယ်လေး) အသက်စွန့်လိုက်ချင်ပေါ့"

ဗုဒ္ဓဝင်တောထွက်ခန်းတွင် သုဒ္ဓေါဒနမင်းကြီးက ချွေးမတော် ယသော်ဓယာအားသားတော် သိဒ္ဓတ္ထမင်းသား တောမထွက်နိုင်ရန် အတွက်မည်သို့မည်ပုံဂရုစိုက်သင့်ကြောင်း၊ ပြောဆိုဆက်ဆံသင့်ကြောင်း

ဆုံးမသည့် ဇာတ်စာမှာ ထိမိပြောင်မြောက်လှသည်။ ဦးအောင်စိန်က ဟာသရယမြောက်အောင် ရေးသားခဲ့သည်မှာ ...

"တချို့မိန်းမတွေကျတော့ လင့်အပေါ်မှာ အချစ်တရာလွန်ပြီး၊ မေတ္တာရေတဲ့ခွန်တသွင်သွင်ဆင်း၊ အထင်အမြင်မကောင်းလို့သဘော နုတတ်တယ်၊ သဘောနုလို့တချို့သဝန်တိုပြီး၊ ကိုယ့်လင်ကို စိတ်မှာ မသက်သာတော့၊ အိပ်ရာဝင်တာတောင် နားတစ်ဆိတ်ကမှာ မအေး ရအောင်၊ အလကားကြိတ်ကြိတ်မေးပြီး စကားရန်စ၊ တခြားအနှိပ် ကလေးတွေနဲ့ နှစ်ပါးစံရမို့ ကြားကလန့်မှတွေ့က အမြှောင်အဆွယ် ကောင်းတာနဲ့၊ နောင်အငယ်အနှောင်းတွေ့နေဟယ် မဟုတ်လား၊ ရိပ်မိတာပေါ့။ ခုအနေက အသွင်တစ်မျိုးပြောင်းနေတော့၊ အရင် အချိုးပေါင်းနဲ့ တစ်ရွေးသားမှ မတူဘူးဆိုတာ၊ ဘေးကလူတောင် အကဲခတ်မိတာပဲ၊ အမြဲမပြတ်ကြည့်နေတဲ့သားမယားမဆိုနဲ့တော့၊ အလကားစကားအပိုတွေနဲ့ ရှောင်ဖယ်ကွေ့မနေပါနဲ့၊ အမြှောင် အဆွယ်တွေ့လို့၊ အချိုးအသစ်ပြောင်းတာပေါ့။ ခေါင်းပေါင်းစ တလူလူတင်၊ လူသူမြင်အောင် ဟန်ဓာတ်ခုတ်ပြီး၊ ဇာတ်ရှုပ်မယ် တစ်ခါမကြံနဲ့မောင်ရေ့ မာယာဉာဏ်က လိမ်ပြောင်းလိုက်ခဲ့ရင်၊ အာကာယံ ဝတီစောင်းခိုက်ပေ့စီ၊ ထဘီခါးတောင်းကျိုက်ပြီး၊ အငယ်တွေ့နေခဲ့ရင်၊ ငါးဖယ်တေတေမယ်သာမှတ်တော့လို့ တချို့ ပြောတတ်တယ်၊ ငါတော့ မသိပေါင်" ဟူ၍ဖြစ်လေသည်။

ဗုဒ္ဓဝင်ဇာတ်ထုပ်များမှာ ဦးအောင်စိန်၏လက်ာဂုဏ်မြောက်သော အရေးအသား၊ ရွှေမန်းဇာတ်အဖွဲ့သားများ၏ ပြောင်မြောက်သော သရုပ် ဆောင်မှုများ၊ တိကျပြတ်သားသော အပြော၊ အဆိုများကြောင့် အထူးပင် အောင်မြင်ကျော်ကြား လူကြိုက်များခဲ့သည်။ ဓာတ်ပြားလည်း သွင်းခဲ့ သည်။

ဦးအောင်စိန်သည် ရွှေမန်းတင်မောင်နှင့်တွဲ၍ အထက်ဖော်ပြပါ ဇာတ်ထုပ်များအပြင် တောင်ပြုန်းမင်းညီနောင်၊ ဝိမာန၊ နက္ခတ်စန္ဒီ၊ သခံ၊ လက်ဝဲသုန္ဒရ၊ ဝိမ္ဗိသာရ၊ ဝါနရသိဂီ၊ ဘုရင့်နောင်၊ ကျားမာယာ၊ မဏိကတ်၊ မယားလိမ္မာ ပူဇိကာ၊ သန္တတိ၊ မနောဟာရီ စသည့်ဇာတ်ထုပ်များကို ကပြခဲ့သည်။ ၁၉၅၉ ခုနှစ်မှစ၍ ရွှေမန်းတင်မောင်၏ ဇာတ်ထုပ်များကို ဓာတ်ပြားသွင်းခဲ့ရာ ဦးအောင်စိန်လည်း ပါဝင်ခဲ့ပါသည်။ ထို့ပြင် ရွှေမန်းတင်မောင်၏ ရုပ်ရှင်ဇာတ်ကားများဖြစ်သော သခံနှင့် မနောဟာရီ တို့တွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့သည်။ ညွှန့်ဝင်းရိုက်ကူးသည့် "ငါ့ညီ၊ ငါ့မြေ၊ ငါ့အမေ" ဇာတ်ကား၌လည်း ပါဝင်ခဲ့သေးသည်။

၁၉၆၉ ခုနှစ်တွင် ရွှေမန်းတင်မောင်ကွယ်လွန်လေရာ ဦးအောင်စိန် သည် ကြေကွဲဝမ်းနည်းမဆုံးဖြစ်ရသည်။ ရွှေမန်းတင်မောင်သည် ပညာရှင်ကို ကိုးကွယ်ဆည်းကပ်သူဖြစ်ရာ ၎င်းကွယ်လွန်ခြင်းသည် ဦးအောင်စိန်အဖို့ အစားထိုးမရသော ဆုံးရှုံးမှုကြီးတစ်ရပ်ပင် ဖြစ်သည်။ ထို့ကြောင့် ဦးအောင်စိန်သည်နှလုံးသားဖြင့်ရင်းကာ ကဗျာတစ်ပုဒ်ရေးဖွဲ့၍ ငိုကြွေးခဲ့လေသည်။

"သေလမ်းဝင်အောင် အကာအဆိုစွမ်းပါတဲ့၊ ရွှေမန်းတင်မောင် မရဏာကိုလှမ်းသော်ကြောင့်၊ တငိုတမ်းမိပါပေပေါ့ ညီလေးရယ်။

အစ်ကိုကြီးကိုလ၊ ကြိုးဆီးကာ မာယာဆောင်လို့၊ ပျော်ရှင်အောင် ကျူပ်ကိုချွဲပုံက၊ နောင်အခါ ရှောင်ကာ မချွဲပါနဲ့၊ ညီအစ်ကို ဒီလိုတွဲစို့၊ နွဲ့လို့ပျော်မယ်။

ငိုညည်းလို့မပြေနိုင်ပေါင် ဆိုကာတမိပါပေါ့၊ အစ်ကိုကြီး သေတာ တောင် သင်္ဂြိုဟ်ပါရစေတဲ့၊ ဟိုအခါက သူပြောတယ်၊ (အခုတော့) ပျက်ပြယ်ပါပေါ့ မင့်စကား။

ငါ့မှာကွယ်၊ သက်ကြီးဇရာရွယ်မို့၊ အသွယ်သွယ် မျက်ရည်ဆင်းမိပါပေ့၊ ငါမသေခင် မရဏာပြည်တွင်းကိုလ၊ မင်းအရင် ဆင်းပါလို့၊ အစ်ကိုငါ သင်္ဂြိုဟ်စရာ ကင်းတဲ့အောင် (ညီမလေးရယ်) မင်းလိမ်လို့သွား"

ရွှေမန်းတင်မောင်ကွယ်လွန်ပြီးနောက် ဦးအောင်စိန်သည် ရွှေမန်းသဘင်အဖွဲ့တွင် ဝင်းမိုလ်၊ ဆန်းဝင်းတို့နှင့် တွဲဖက်ကပြခဲ့သည်။ ထို့နောက် ပုလဲစိန်ဇာတ်အဖွဲ့နှင့် လည်းကောင်း၊ အောင်နေလင်းဇာတ်အဖွဲ့ နှင့် လည်းကောင်း တွဲဖက်ကပြခဲ့ပြန်သည်။ နောက်ဆုံးတွင် ပန်တျာကြည်လင် ဇာတ်အဖွဲ့သို့ ကူးပြောင်းကပြခဲ့သည်။ ပန်တျာကြည်လင်အတွက် "သုပ္ပဗုဒ္ဓ၏နောက်ဆုံးနေ့" နှင့် "ရှင်မောဂ္ဂလာန်၏နှောင်းအတိတ်မှ ကံကြမ္မာ" ဇာတ်ထုပ်များကို ရေးသားပေးရသည်။ ယင်းဇာတ်ထုပ်များကို တိတ်ခွေဇာတ်လမ်းသွင်းသောအခါ ဦးအောင်စိန်လည်း ပါဝင်သရုပ်ဆောင်ခဲ့သည်။ ဦးအောင်စိန်သည် သဘင်ကောင်စီ စည်းရုံးရေးကော်မတီတွင် နာယကအဖွဲ့ဝင် လူကြီးအဖြစ် ဆောင်ရွက်ရင်း ၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့၌ ကွယ်လွန်ခဲ့သည်။

၁၉၇၈ ခုနှစ်တွင် စာရေးသူတို့မြို့သို့ ဦးအောင်စိန်သည် ပန်တျာကြည်လင်ဇာတ်အဖွဲ့နှင့်အတူလာရောက်ကပြခဲ့ရာ၊ ဤစာရေးသူသည် သွားရောက်၍ ဂါရဝပြုခဲ့ပါသည်။ စာရေးသူအား တစ်နာရီခန့်ကြာမျှ သဘင်မှု ဗဟုသုတများပေးဝေခဲ့ပြီး အော်တိုစာအုပ်၌ အမှတ်တရ ရေးပေးလိုက်သော အောက်ဖော်ပြပါ လေးချိုးကဗျာလေးမှာ စာရေးသူ အဖို့ မမေ့နိုင်အောင် ရှိနေပါတော့သည်။

"မြန်မာ့သဘင် အနုပညာဘဝကိုဖြင့်
စံပမာတင်ကာ တုယှဉ်ပြမှာမို့

(အိုဗျာ ရှုမြင်လာကြပါတဲ့
ပေါင်းမိတ်ကာလျာ။
အသီ အကာတွေနဲ့
ဂီတကဗျာလင်္ကာငဲ့ပြင်
စာသဘင်မှာ နဘောကာရန် အနှုန်းရယ်နဲ့
မြန်မာစဉ်အလာ အခြေသုံးခဲ့တယ်
လုံးထပ်ပညာ။
ဗရုတ် ဗရက်အပိုတွေ အတုတစ်ခါရတာနဲ့
သရုပ်ပျက်အဆိုတွေ ပြုလာကြပါပေါ့
ယခုခေတ်ကာလမှာတော့ ပျက်ပြယ်လာပြီ
ရက်ဖွယ်ရာ အနုပညာသမိုင်း။
တိုင်းရင်းသားတွေက
တခြားအသံယူလို့
မြန်မာမှုရိုးရာပစ်တာကြောင့်
နားမထောင်ချင်အောင်
ကြားကောင်တွေ ဖြစ်ကုန်ပေါ့
ယခင်ရှေးစနစ်မပြု ယခုထင်ရာ စိုင်းကြတာမို့
(အိုဗျာ) ယဉ်ကျေးမှု အဖြစ်ပါဘု
အနုပညာပါ ရှိုင်း။ ။

# ဦးတောကျော်

၁၉၇၁ - ၇၃ ခုနှစ်များအတွင်းက ကျွန်တော်သည် ရန်ကုန်မြို့ မြို့နယ်စပယ်ရုံးကြီး(ယခုမြို့တော်စည်ပင်)တွင် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ကျွန်တော်သည်ပင်ကိုကပင်မြန်မာစာမြန်မာမှုနှင့်မြန်မာ့သဘင်မှုအနုပညာတို့ကို ဝါသနာထုံသဖြင့် ရန်ကုန်မြို့သို့ရောက် ရှိသော အခါလေ့လာလိုက်စားရန် အခွင့်အလမ်းပို၍ရရှိလာခဲ့ပေသည်။

ထို့ကြောင့် ရုံးအားလပ်ချိန်များတွင် ပန်းဆိုးတန်းရှိ စာအုပ်အပေါင်းတန်းသို့ သွားရောက်၍ စာအုပ်များ ဝယ်ယူစုဆောင်းခြင်း၊ စာရေးဆရာကြီးများဖြစ်ကြသော ဦးရန်အောင်၊ ငွေဥဒေါင်း၊ ဦးလေးမြိုင်စသူတို့နှင့်မိတ်ဆက်၍ရင်းနှီးခင်မင်ခွင့်ရအောင်ကြိုးစားခြင်းစသည်ဖြင့်ပျော်မွေ့နေခဲ့ပါသည်။

တစ်နေ့တွင် သတင်းစာများ၌ စိတ်ဝင်စားဖွယ် သတင်းတစ်ပုဒ်ဖတ်လိုက်ရပါသည်။ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ပန်းဆိုးတန်းလမ်းရှိ လူငယ်များကြီးပွားရေးအသင်းတိုက်တွင် ဂီတနှင့်သဘင် ပညာရှင်ကြီးများက သရုပ်ပြဟောပြောကြမည်ဖြစ်၍ မည်သူမဆိုတက်ရောက်နိုင်သည်ဟူသော သတင်းပင်ဖြစ်သည်။ ကျင်းပမည့်နေ့ရက်မှာ ၁၃၃၃ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ စနေနေ့ (၂၀ - ၁၁ - ၇၁) ဖြစ်သည်။ ကျွန်တော်သည် ထိုသတင်းကို စိတ်ဝင်စားသဖြင့် ရုံးမှမိတ်ဆွေတစ်ဦးနှင့်အတူ ယင်းအခမ်းအနားသို့တက်ရောက်ရန် ချိန်းဆိုလိုက်သည်။

ချိန်းဆိုထားသည့်နေ့ညနေ ၅နာရီကျော်ကျော်အချိန်တွင်ကျွန်တော့်မိတ်ဆွေနှင့်အတူပန်းဆိုးတန်းလမ်းရှိလူငယ်များကြီးပွားရေးအသင်းတိုက်သို့ ရောက်ရှိသွားကြသည်။ အခမ်းအနားကို ၆ နာရီကျော်ကျော်လောက်တွင် စတင်ဖွင့်လှစ်ပါသည်။ စောင်းအိမ်မဲဦးသော်ဇင်၊ စောင်းဦးအောင်ညွန့်နှင့်ဆရာထွေး(အဆိုတော်)တို့က "ထူးမခြားနား" သီချင်းကြီးဖြင့်အခမ်းအနားဖွင့်လှစ်သည်။ ထို့နောက် လူရွှင်တော်ကြီးဦးစန္ဒယော်က ဟာသပညာနှင့် ပတ်သက်၍ ဟောပြောရာ ပရိသတ်များ တဝါးဝါးဖြစ်နေသည်။

ဆက်လက်၍ ဇာတ်မင်းသားကြီး ဦးတောကျော်က မဟာဂီတ သီချင်းကြီးများ သီဆိုမှုနှင့် စပ်လျဉ်း၍ သတိထားပြုပြင်ရန်၊ လိုက်နာရန်၊ ရှေးခေတ်ဇာတ်သဘင်များကပြစဉ်က ဒွေးချိုး၊ လေးချိုး၊ ဒိုချင်းများ သီဆိုကြဟန်တို့ကို ဟောပြောပါသည်။ ဦးတောကျော် အလှည့်ပြီးသောအခါ မင်းသမီးကြီး ဒေါ်ဇလပြန်က အဆိုအကတို့ဖြင့် သရုပ်ပြ ဟောပြောတင်ဆက်ပါသည်။

သီချင်းကြီးများကို ဒေါ်ခင်သက်နှင့်မေနွယ်စိုးတို့က သီဆိုဖျော်ဖြေကြသည်။ ပန်းချီကိုလေးဝင်းနှင့် ကိုမြင့်ဆွေတို့ကလည်း စောင်း ဖျာပုံဦးသိန်းဟန်ကြီးနှင့်တွဲဖက်၍ သီဆိုကြပြန်သည်။ တစ်ဖန် ဆရာကြီးဆရာတောက်က မဟာဂီတ သီချင်းကြီးများ၏ နည်းစနစ်များ၊ စည်းကမ်းများကိုဟောပြောရာ လွန်စွာမှဗဟုသုတတိုးပွားရပါသည်။ ကျွန်တော်တို့သည် ကြုံတောင့်ကြုံခဲဖြစ်၍ အခမ်းအနားပြီးဆုံးသည်အထိ နေချင်သေးသော်လည်း အပြန်တွင် ကားအခက်အခဲ ရှိမည်စိုးသဖြင့် ပွဲမပြီးမီ ၁၀ နာရီခွဲခန့်တွင် ပြန်ခဲ့ကြလေသည်။

ကျွန်တော်သည် ထိုနေ့တွင်မှ မင်းသားကြီးဦးတောကျော်ကို စတင်တွေ့မြင်ဖူးခြင်းဖြစ်ပါသည်။ သူ၏အပေါ၊ အပြော၊ အဆို၊ အဝိုနှင့် မဟာဂီတကျွမ်းကျင် နှံ့စပ်ပုံတို့ကိုလည်း စိတ်ဝင်စားခဲ့မိသည်။ သို့နှင့် မင်းသားကြီး ဦးတောကျော်နှင့်တွေ့ဆုံရန် ဆန္ဒဖြစ်ခဲ့ပါသည်။ ထိုစဉ်က ယဉ်ကျေးမှုဝိမာန်မှ ဆရာမနုသသကျော်ဝင်း၏အကူအညီဖြင့်မင်းသားကြီး ဦးတောကျော်နှင့် တွေ့ဆုံခွင့် ရရှိခဲ့ပါသည်။ ဦးတောကျော်နေအိမ်သို့ ၃-၄-၇၃ နေ့နှင့် ၄-၄-၇၃ နေ့များတွင် နှစ်ကြိမ်တိုင်တိုင် သွားရောက် တွေ့ဆုံပြီး သူ၏အနုပညာခရီးကို မေးမြန်း၍မှတ်တမ်းတင်ခဲ့ပေသည်။

"အဝေယျာ မေတ္တာထားပါလို့
စေတနာလှစ်ခါကြားခဲ့မယ်
သစ္စာစကားရယ်နဲ့ ကိုတောကျော်
ဂယက်လျှမ်းစေဖို့
လက်ပံတန်းမောင်ဌာနေက
အောင်ပါစေ ဩောင်ရေလောင်းလို့ရယ်
တောင်းဆုကိုမျှော်။
တစ်နှစ်တစ်ခါ ပေါင်းဆွေတစ်ခုရယ်နဲ့
အသစ်ရာကာ အကောင်းတွေစုပါလို့
အောင်းဇေယျာ သဗ္ဗမင်္ဂလာတော်
မြတ်ဓမ္မနော် ပလ္လင်ခံရင်ဖြင့်
အမှန်ပင်ဝေ။
အေးမေတ္တာ
ဒေါးပစ္စယာ ဘယာသွေလို့
တံတျာတော တစ်ဖန်တစ်ဂုဏ် မမောက်ပုံပါဘု

ဟံသာမြေရန်ကုန်သို့ရောက်ခဲ့ပါပေါ့
ပဌ္ဌာနာစုံမြောက်လို့တစ်သက်မှန်းလိုက်ပ
လက်ပံတန်းမြို့က ထွက်ခဲ့တဲ့အသားနက်လေး—

အထက်ပါလေးချိုးခွန်းတောက်ကိုဦးတောကျော် မင်းသားဖြစ်စက ဆိုခဲ့သည်။ ဦးတောကျော်သည် အသားမည်း၏။ တောသားဟန်ပါ၏။ မိဘမျိုးနွယ်ကလည်း လယ်သမားမျိုးနွယ်ဖြစ်သည်။ ဦးတောကျော်မှာ အသားမည်းသော်လည်း အသံကောင်းသည်။ အကကောင်းသည်။ ထို့ကြောင့်ဦးတောကျော်သည်မင်းသားဖြစ်လာသောအခါတောပရိသတ် က မြို့ပရိသတ်ထက် ပို၍ကြိုက်နှစ်သက်ကြသည်။ ဤသို့ဖြင့် ကျေးလက် တောရွာများတွင် နာမည်ကျော်ကြားလာ သည်။

ဦးတောကျော်၏ ဇာတိမှာ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့ ဘုရားကြီးတန်းမှ ဖြစ်သည်။ ၁၂၆၉ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက်၊ တနင်္လာနေ့တွင် အဖ ဦးချစ်ထွေး၊ အမိ ဒေါ်မဲတို့မှ မွေးဖွားခဲ့သည်။ ငယ်မည်မှာ မောင်ခန့်ဖြစ်၏။ ဦးတောကျော်သည် မွေးချင်း ၄ ယောက် အနက် ဒုတိယမြောက်သားဖြစ်သည်။ ၎င်း၏အောက် တတိယမြောက် သားမှာ သီချင်းကြီးလောကတွင် ထင်ရှားသော အဆိုတော်ဦးနီတိုး ဖြစ်လေသည်။

ဦးတောကျော်သည် ၁၀ နှစ်သားအရွယ်မှစ၍ အနုပညာကို လေ့လာလိုက်စားခဲ့သည်။ ဆိုင်းပညာတွင် အထူးဝါသနာထုံသည့် အလျောက်ကြိုးစားလေ့လာ သင်ယူခဲ့သည်။ ထိုသို့ ဆိုင်းပညာကို လေ့လာသင်ယူနေစဉ် ဦးရီးတော်သူ မင်းသားကြီးဦးစံရှားနှင့် တွေ့ရှိ ပြီး၊ ဇာတ်လောကသို့ ရောက်ရှိခဲ့လေသည်။ ရန်ကုန်တွင် ၂ နှစ်ခန့် ကပြ ပြီးနောက် မိခင်ဖြစ်သူက သားအားလွမ်းဆွတ်လှပါသည်၊ အမြန်လာ

ခေါ်ပါဟု ခေါ်ယူသဖြင့် ဇာတ်မြေ လက်ပံတန်းမြို့သို့ ပြန်ခဲ့ရသည်။ ထို့နောက် မူလရိုးရာလက်ငုတ်လက်ရင်းဖြစ်သော လယ်ယာလုပ်ငန်းကိုပင် လုပ်ကိုင်ရလေသည်။

ဦးတောကျော်သည် မိခင်ကြီး၏ စိတ်ချမ်းသာမှုကို ရှေးရှု၍ လယ်ယာ လုပ်ငန်းကို လုပ်ကိုင်နေရသော်လည်း စိတ်မပါလှ။ သူ့စိတ်ပါသည်က အနုသုခုမပညာ။ ထို့ကြောင့်တစ်ဖက်က လယ်လုပ်ငန်းလုပ်ကိုင်ရင်း တစ်ဖက်ကလည်း သီချင်းကြီး သီချင်းခံ့နှင့် ဆိုင်းပညာကို လေ့လာလိုက်စားခဲ့သည်။ နဲ့အတတ်ကို ထူးထူးကဲကဲ လေ့လာဆည်းပူးခဲ့ရာ ၁၆ နှစ် သားအရွယ်၌ နဲ့ခေါင်းဆောင်အဖြစ် ထင်ရှားခဲ့သည်။ အသက် ၂၀ အရွယ်၌ ဒေါ်ချစ်နှင့် အိမ်ထောင်ကျပြီး သားယောက်ျားချည်း ၄ ယောက်ထွန်းကားခဲ့သည်။ တတိယမြောက်သားမှာ အငြိမ့်လောကတွင် ထင်ရှားကျော်ကြားခဲ့သည့် ဟာသမင်းသား "သာကျော်" ဖြစ်သည်။ အသက် ၂၇ နှစ်အရွယ်၌ ရန်ကုန်မြို့မှ ဇာတ်ထောင်ဆရာ ဦးဘဆင်၊ ဒေါ်ရွာဘီတို့က ခေါ်ယူ၍ ဇာတ်ထောင်ပေးခဲ့သည်။

ဦးတောကျော်၏ ဝယ်ဆရာ ဇာတ်ပညာသင်ကြားပေးသူမှာ မင်းသားကြီး ဦးစံရှားနှင့်ဦးပန်စဖြစ်သည်။ "ဦးတောကျော်" ဟူသော အမည်မှာ မင်းသားကြီး ဦးချစ်စိန်ပေးသော အမည်ဖြစ်ကြောင်း သိရသည်။ ဦးတောကျော်နှင့်တွဲဖက်ကပြခဲ့သော မင်းသမီးများမှာ ဒေလဘာတီခင်ညွန့်၊ ဂျပိုးတင်သိန်း၊ အောင်မွန်ကြည်၊ ညောင်ဝတီခင်မြရီ၊ ရွှေဘိုမြ၊ ဩဘာသိန်း၊ ဩဘာအံ့၊ အိုကေကြိုင်၊ လှလေးစိန် (မင်းသား ဦးအောင်ငြိမ်း၏ဇနီး)၊ အော်ပရာသန်း၊ ဝဇီရာ မမြညွန့်၊ မငွေစိန်၊ ရွှေဘိုစိန်၊ ဗလပြန်တို့ဖြစ်သည်။

ဦးတောကျော်သည် အသက် ၂၇ နှစ်အရွယ်မှ အသက် ၆၀ အရွယ် အထိ ကပြခဲ့ရာဇာတ်ကသက် ၃၃ နှစ်ရှိလေသည်။ ဇာတ်ကသက် ရှည်လျားသလို ဇာတ်ထုပ်တွေကလည်း အများအပြားကခဲ့သည်။ ကပြခဲ့ သော ဇာတ်ထုပ်များမှ ကိုသိန်းရှင်၊ ဂုတ္တိလ စောင်းဆရာ၊ အရိန္ဒမာ၊ ရွှေလူဝံ၊ ဝိဇယ၊ စန္ဒကိန္နရီ၊ မင်းကုသ ပဋိသန္ဓေယူခန်း၊ မြစိမ်းရှင် သိုက်သမိုင်း၊ ပန်းပဲမောင်တင့်တယ် စသောဇာတ်ထုပ်များဖြစ်သည်။ ထိုဇာတ်ထုပ်များအနက် ရွှေလူဝံဇာတ်ထုပ်မှာ နာမည်အကြီးဆုံး ဇာတ်ထုပ်ဖြစ်သည်။ ရွှေလူဝံဇာတ်ထုပ်ကို မင်းသားကြီး ဧရာဝဏ် ဦးတင့်ထံမှ ရခဲ့ခြင်းဖြစ်သည်။

ရွှေလူဝံဇာတ်တွင် ဗာရာဏသီပြည်၊ ဗြဟ္မဒတ္တမင်း၏ သမီးတော် ငွေသရဲသည် မင်္ဂလာကန်တော်တွင် ရေဆင်းချိုးစဉ် ငှက်ဆင်က အစာမှတ်ပြီး ထိုးသုတ်သွားသည်။ ငှက်ဆင်ကြီးသည် ဟိမဝန္တာတော အတွင်းရှိ လူဝံများ ကျက်စားသောနေရာ၌ မင်းသမီးကို ချထားခဲ့သည်။ ဤတွင် အစာရှာထွက်လာသော လူဝံကြီးနှင့်တွေ့ပြီး ချစ်ကြိုက်သွားလေ သည်။ နောင်အခါ သမီးနှစ်ယောက်မွေးလာသည်။ တစ်နေ့သောအခါ ငွေသရဲအား တိုင်းပြည်မှ အတင်းလာရောက် ခေါ်ဆောင်သွားသဖြင့် လူဝံကြီးမှာ သမီးကလေးနှစ်ယောက်နှင့် ကျန်ရစ်ခဲ့ရသည်။

လူဝံကြီးသည် သမီးကလေးနှစ်ယောက် စားသောက်ဖို့ရန် နေ့စဉ် တောထဲမှ သစ်သီးဝလံများ ရှာဖွေကျွေးမွေးရသည်။ တီရစ္ဆာန်ပင်ဖြစ်လင့် ကစား မိဘမေတ္တာကြီးမားလှပုံကို ဤသို့ သရုပ်ဖော်ခဲ့သည်။

"ပေါမဝန် ငွေစွန်မြမှာလ၊ ရေတံခွန် ထွေသွန်ကျပြန်တော့ (ပေါ...) ဖေဝံပါ့လှည့်ခဲ့တယ်။

ချစ်သမီးတို့ရယ်ကြောင့်၊ သစ်သီးအဖေရှာခဲ့၊ သေလာယ် တောင်ခြေရိုးဆီက၊ ပျားဖွပ်ကာ အမြန်ပိုးခဲ့ပါ့မိုးချုပ်ပေါ့ကွယ်။ ချစ်ကြင်နာ ရင်သိင်္ဂငယ်တို့၊ ပြစ်တင်ကာ ပင်ထိန်ခွဆီ၊ လွမ်းတ လျက် မျှော်ရှာမယ်၊ မပေါ်လာတယ်လို့ဆိုမည့်အရေး။ အပြီးကွယ်၊ သမီးငယ်အပျိုစို့က၊ ငိုလို့တော်အဖေခေါ်မှဖြင့်၊ အမေနော် ချော့သူကင်းတာမို့၊ ရဝေပျော် ဖော့အူယမင်းလေးတို့ ရယ်၊ ဆယ့်နှစ်ထွေမျက်ရေသာဆင်းမိပေ့။ အရင်းသမီးနှစ်ယောက် အဖေဝေးသူကြောင့်၊ အပြင်းခရီးတစ်ထောက်မနေ ပြေးခဲ့ရ၊ (အမလေး) အတွင်းမီးတောက်မလောက် အဖေဝံမှာဆွေး..."

လူဝံကြီးသည် သမီးကလေးနှစ်ယောက်ကို ချစ်ခင်ယုယစွာ ကျွေးမွေးစောင့်ရှောက်လာခဲ့သည်။ သမီးနှစ်ယောက်အရွယ်ရောက်လာ သောအခါ ဖခင်ဖြစ်သူလူဝံကြီးကို သူတို့မိခင်အကြောင်း မေးမြန်းကြရာ မပြော အခက်ပြောအခက်နှင့် ဘေးကျပ်နံကျပ်ဖြစ်ရပုံ သရုပ်ဖော်သွား သည်မှာ အနုပညာဂုဏ်မြောက်လှသည်။

"သိချင်တာ၊ မိခင်ဘာကြောင့်မေးရတာတုန်း၊ ကလေးညီမယ်ဆိုင် ရဲ့ သည်နယ်မြိုင်ရိပ်ထိန်နန်းမှာလေ၊ စိတ်ချမ်းသာပျော်စွာနေရှော့ ပေါ့၊ သော်တာငွေနှုန်း။

ခင်းမသွေ့ မင်းတို့အမေ မသေဆုံးပါဘု၊ နေဦးကွယ် အဖေဆွေး ခိုက်မို့၊ စကားမှာကြားရာဖို့ မမေးပါနှင့်၊ ထားကညာ သနားစရာ လေးတို့ ရယ်၊ စားစရာများစွာ ရှာလို့ကျွေးပါ့မယ် (အမယ်လေး) မွေးဖေ့ချစ်ဆုံး" ဟူသောငိုချင်းဖြင့်ပွဲကြည့်သူတို့ကိုညှို့ယူဖမ်းစား နိုင် ခဲ့သည်။

တစ်ဖန် သမီးနှစ်ယောက်က ဖခင်ဖြစ်သူ လူဝံကြီးနှင့် အတူမနေလို၍ တိတ်တဆိတ်ထွက်ပြေးသွားကြသည်။ ထိုအချိန်မှာ လူဝံကြီး သစ်သီးရှာ ထွက်နေချိန်ဖြစ်သည်။ အချိန်တန်လျှင် လူဝံကြီးသည် သမီးများစားရန် သစ်သီးတွေတနင့်တပိုးကြီးသယ်ပိုးပြီး ပြန်လာသည်။ လမ်းတွင် သမီးလေးနှစ်ယောက်ကို သူအဘယ်မျှချစ်ခင် ယုယကြောင်း၊ သမီးလေးတွေကလည်း သူ့အပေါ်ဘယ်လိုဆိုးနွဲ့တတ်ကြောင်း စသည်ဖြင့် ပြောဆိုရင်း...

"စားစရာ၊ ပျားသကာ အချိုဖက်ပါလို့၊ သရက်မာလကာနှင့်၊ သံပရာ ဩဇာစွက်တဲ့ပြင်၊ ပိန္နဲလိမ္မော်နှင့်၊ သစ်တော်တစ်မျိုး။
တောင်လက်ယံ၊ ဘောင်ဘဲဖံ ဗျစ္စင်နှောပါလို့၊ ငှက်ပျောသူ ငယ်စာငဲ့ပြင်၊ မြေညီရာဂနိုင် အောက်မှာလ၊ ရေသီလ် ရခိုင်နောက်ပြန်တော့၊ တောခလေ့တစ်ခွင်မှာ၊ ငှက်ပျောအလေ့ပင်တွေ ပေါက်ရာကြ၊ သမီးနှစ်ယောက်ဖို့ အဖေသယ်ပိုးခဲ့ပါပေ့ (အမလေး) ဆီးရောက်ရယ်နဲ့ လိမ္မော်ကနစိုး"

ဟူသောငိုချင်းကို ဆိုချလိုက်သောအခါ ပွဲကြည့်ပရိသတ်တွင်းဝယ် ကြီးမားသော မိဘမေတ္တာ၏ ရောင်ပြန်ဟပ်မှုကြောင့် လှိုက်လှိုက်ဆွတ်ဆွတ် ကြေကွဲကြရလေသည်။

ဤနေရာတွင် ဇာတ်သဘင်ငိုချင်းများနှင့် ပတ်သက်၍ အကြောင်း တိုက်ဆိုင်လာသဖြင့် အနည်းငယ် တင်ပြလိုပါသည်။ ရှေးအခါကဇာတ်ရုပ်သေးတို့တွင် အလွမ်းကောင်းမှ လူကြိုက်များပါသည်။ ယနေ့ခေတ်၌ကား ငိုချင်းကို ဝေဖန်လာကြသည်။ မင်းသားလုပ်သူသည် ယောက်ျား ရင့်မကြီး တစ်ယောက်ဖြစ်ပါလျက် ငိုချင်းတဟိုဟို ချနေသည်မှာ မသင့်လျော်ကြောင်း အပြစ်ပြောလာကြသည်။ ငိုချင်းနှင့်ပတ်သက်၍ လူထုဒေါ်အမာက "ပြည်သူချစ်သော အနုပညာ သည်များ" စာအုပ်တွင် –

"ယခုခေတ် ဇာတ်တွေ၊ ရုပ်သေးတွေက ငိုချင်းချကြသည်။ လွမ်းခန်း ဖော်ကြသည်များရှိပါသည်။ သို့သော် သူတို့လွမ်းခန်းမှာ အသံရှိကြ ၍ အဆိုအငို ကောင်းသူများဖြစ်ပါက နားထောင်၍ ကောင်းရုံသာ ရှိပြီး ကြားရသူ၏ ရင်ထဲစိတ်ထဲ၌လွမ်း၍ မလာပါ။ အချို့ကမူ အဆို အငိုပင် မကောင်းသဖြင့် နားထောင်၍ မျှကောင်း မလာဘဲနိမိတ်မရှိသည့်အမင်္ဂလာအသံကြီး "အမယ်လေး" သာလျှင် တဟိုဟို ကြားနေရသလို ရှိလာပါသည်။ ထို့ကြောင့် ဇာတ်က လွမ်းခန်းဖော်သည်၊ ငိုချင်းချနေသည်ဆိုခြင်းကို ပရိသတ်က မကြည့်ချင်မကြားချင်တော့။ ဇာတ်တွေရုပ်သေးတွေမှလွမ်းခန်းကို ဖြုတ်ပစ်ကြပါစို့ဟူ၍ တောင်းဆိုသူက တောင်းဆိုလာသည်။

ဤသို့ဖြစ်ရခြင်းမှာ စင်စစ် ဇာတ်၊ ရုပ်သေးပညာသည်တို့က ပရိသတ်တကယ်လွမ်းစရာကောင်းအောင် မကတတ်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ပထမတရားခံမှာ သဘင်ပညာရှင်များ၏ ပညာရည်ချို့တဲ့ချက်ဟူ၍ပင်ဆိုချင်ပါသည်။ သူတို့တစ်တွေကလည်း ပွဲကြည့်သူတွေ အဟုတ်လွမ်းလာအောင် ဇာတ်ကိုသယ်ပိုးလာနိုင်ခြင်း မရှိတော့ဘဲ ငိုချင်းဆိုပြီး လွမ်းခန်းကနေသောကြောင့် ဤအခြေဆိုက်လာခြင်းဖြစ်သည်" ဟူ၍ ဝေဖန်ရေးသားခဲ့ဖူးလေသည်။

မှန်ပါသည်၊ ဇာတ်သဘင်ပညာရှင်တို့သည် ပညာရည် ပြည့်ဝကြပါမှ၊ ဇာတ်ပို့ဇာတ်စီး ဇာတ်လိုက်ကောင်းပါမှ ပရိသတ်က လက်ခံမည် ဖြစ်သည်။ မျက်မှောက်ခေတ်ဇာတ်သဘင်လောကတွင် အသံကောင်းရုံ၊ ရုပ်ချောရုံနှင့်အချိန်တိုအတွင်းမင်းသားဖြစ်လာ သူများကိုတွေ့ရပါသည်။ ထိုသူတို့သည် သဘင်ပညာကိုအခြေခံမှစ၍ခြေခြေမြစ်မြစ် လိုက်စားခဲ့ပါမှ၊ ရေးဆက်ကြိုးစားပါမှ၊ အရှည်တည်တံ့မည် ဖြစ်သည်။ ရှေးခေတ်က

သဘင်ပညာရှင်များမှာမူ အဘက်ဘက် စွယ်စုံရ၍ "သေတ္တာမှောက်" နိုင်သူများဖြစ်သည်။ ထို့ကြောင့်လူသေသွားသော်လည်း နာမည်မသေဘဲ တွင်ကျန်ရစ်ခြင်းဖြစ်သည်။ ယနေ့ခေတ် ဇာတ်သဘင်လောက၏ အခြေအနေနှင့်ပတ်သက်၍ စာရေးသူက ဦးတောကျော်အား မေးမြန်းခဲ့ရာ အောက်ပါအတိုင်း ဖြေဆိုခဲ့ပေသည်။

"ယနေ့ဇာတ်သဘင်လောကမှာဇာတ်စုံအပြင်အဆင်၊ အခမ်းအနားတွေ၊ မီးရောင်စုံဆလိုက်တွေ၊ အဝတ်အစားတွေကတော့ တိုးတက်ပါရဲ့၊ ဒါပေမဲ့ ဇာတ်ပညာဘက်ကတော့ ကျဆင်းနေတယ်။ ခုခေတ်မှာ လေပြေထိုး၊ ဆိုင်းဆင့်၊ ပတ်တိုက်တာတွေတောင် မရှိတော့ဘူး။ ရှေးကဆိုရင် ရဟန္တာထွက်လာရင်၊ ရဟန္တာလေပြေ၊ တံငါလေပြေ၊ ဖော်ကျီလေပြေ၊ တောလေပြေ၊ တောင်လေပြေ စတဲ့ လေပြေတွေရှိရတယ်၊ ရှိခဲ့တယ်။

ခုခေတ်တော့ မပြောနဲ့တော့၊ နာမည်ကျော်မင်းသားကြီး တစ်ယောက်ရဲ့ဇာတ်ထုပ်ဓာတ်ပြားထဲမှာ "တံခါးပိတ် - ဂျိတ် - အိပ်မယ်" လို့ ဆိုထားတာကြားရတယ်။ အဲဒါကိုကြည့်ရင် ယနေ့ ဇာတ်ပညာဇာတ်စကား ဇာတ်စာတွေ ဘယ်လောက်ကျဆင်းနေတယ်ဆိုတော့ ခန့်မှန်းနိုင်တာပေါ့ကွယ်" ဟု ပြောပါသည်။

ဦးတောကျော်သည် မင်္ဂလာဦးအောင်မောင်းဇာတ်တွင် မင်းသားအဖြစ်လည်းကောင်း၊ ငွေနဲ့ကိုင်အဖြစ်လည်းကောင်း လိုက်ခဲ့ဖူးပါသည်။ ၁၉၆၈ ခုနှစ်တွင် မြန်မာ့အသံ၌ ကွက်စိပ်၊ ဟာဒယရွှင်ဆေး၊ သီချင်းကြီး၊ ဇာတ်၊ အငြိမ့်၊ ဆိုင်းစသည်တို့ကိုတည်းဖြတ်ရသည့် ယဉ်ကျေးမှုအကြံပေး အဖွဲ့ဝင် အဖြစ်ဆောင်ရွက်ခဲ့ရသည်။ ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန အကြံပေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ရသည်။

ဦးတေ့ာကျော်သည်မဟာဂီတကိုမွှေနှောက်ချောက်ချားနိုင်သူဖြစ်၍ သီချင်းကြီး အပုဒ်ပေါင်း ၂၀၀ ခန့် ရရှိသူ သီဆိုနိုင်သူလည်း ဖြစ်သည်။ ထို့ကြောင့် "လက်ပံတန်း ဦးတေ့ာကျော်" အမည်ဖြင့် မြန်မာ့အသံမှ သီချင်းကြီးများ လွှင့်ထုတ်ခဲ့ဖူးသည်။ထို့ပြင် "စောင်း ဦးချမ်း" အဖွဲ့၊ "စိုးအမှုန်" အဖွဲ့များနှင့်လည်းတွဲဖက်ကူညီ၍အသံလွှင့်ခဲ့သည်။

ဤသို့လျှင် သဘင်ပညာကို ချစ်သော၊ မဟာဂီတကိုမြတ်နိုးသော ဦးတေ့ာကျော်သည် ၁၉၇၉ ခုနှစ်၊ ဖွန်လ၊ ၂၃ ရက်နေ့တွင် သူချစ်သော အနုပညာလောကကို ကျောခိုင်းထွက်ခွာသွားခဲ့ပါသတည်း။

# ခတ်ပြားတက္ကသိုလ် ရွှေကျီးညို

သူ့ဖခင်က ဇာတ်မင်းသားကြီး ဦးမာဒင်ညွှန့်၊ မိခင်က မင်းသမီး ဒေါ်စိန်ပွင့်၊ ဇာတ်မင်းသားကြီး ဦးဖိုးစိန်၊ ဦးစိန်ကတုံးတို့ ခေတ်မစား မီကပင် သူ့ဖခင်နှင့်သူ့မိခင်တို့က မြေပိုင်းခေတ်သာသာ၌ ထင်ရှားခဲ့ကြသူများဖြစ်သည်။ မိဘက ဇာတ်သဘင်မျိုးရိုးမို့ သူကလည်း အလိုအလျောက် ဇာတ်သမား ဖြစ်ရတော့မည်မှာ မမွှတာပင်။ သူဆိုသူကား အခြားမဟုတ်၊ ၁၉၃၅ ခုနှစ်ဝန်းကျင်တွင် ခတ်ပြားအရှိန်ဖြင့် တစ်ဟုန်ထိုး ကျော်ကြားလာခဲ့သော "ရွှေကျီးညို" ပေတည်း။

"ရုပ်ချော၊ သံချို၊ အဆိုကျန၊ အကညက်ညော၊ အပြောကောင်းစွာ၊ မာယာပါ" ဟူသော ဇာတ်မင်းသားကောင်းတို့၏ ရှိသင့်ရှိထိုက်သော အရည်အချင်းများအဖြစ် ရှေးသဘင်ပညာရှင်ကြီးများက သတ်မှတ်ခဲ့ကြသည်။ ယင်းအရည်အချင်းများနှင့် ရွှေကျီးညိုကို တိုင်းတာကြည့်စေချင်ပါသည်။

ရွှေကျီးညိုသည် သူ့မိခင်က ငါ့သား ဒီတစ်သက် မင်းသားလုပ်စားပေတော့ဟု လူ့ပြည်ကိုလွှတ်လိုက်သကဲ့သို့ပင် ရုပ်ရည်ရူပကာယ ချောမောလှပသည်။ အသံမှာ ကြည်လင်ချိုမြ၍ မြေကျသာသည်။ လွှမ်းခန်း၌ ကရုဏာသံထွက်သည်။ အဆိုကောင်းသည်။ စည်းဝါးကို

ကျွမ်းကျင်နိုင်နင်းသည်။ အကာမှာမူ ခြေကျဲလက်ကျဲနှင့်မှန်တမ်းအဆင့်၌ ရှိသော်လည်း အခြားအရည်အသွေး များက ဖုံးလွှမ်းသွားသဖြင့် အက မကောင်းသည်မှာ အလိုလိုပျောက်သွားရသည်။

ရွှေကျီးညိုဟူသောအမည်နာမကာပင် စိတ်ဝင်စားစရာဖြစ်ရသည်။ သည်နာမည်တွင်လာရပုံကလည်းအဆန်းသား။ ရွှေကျီးညိုဟု မတွင်ခင် သူ၏အမည်ရင်းမှာ မောင်ဘဖေဖြစ်သည်။ သူ့ကို ၁၉၀၈ ခုနှစ်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်၌ မွေးဖွားခဲ့သည်။ ညီအစ်ကို မောင်နှမသုံးယောက် အနက် အကြီးဆုံးဖြစ်သည်။ ခြောက်နှစ်သားအရွယ်တွင် ကြည့်မြင်တိုင် စကားဝါပင်လမ်းရှိအစိုးရကျောင်း၌ တတိယတန်းအထိ ပညာသင်ကြားပြီးနောက် ရပ်ကွက်အတွင်းရှိ လက်ခုပ်ကျောင်း ဆရာတော် ဦးကေတုထံ၌ ရှင်သာမဏေပြုခဲ့သည်။

ရှင်သာမဏေအဖြစ်မှထွက်ပြီးသောအခါ မောင်ဘဖေသည် ဇာတိချက်ကြွေ ကြည့်မြင်တိုင်တွင် ကြေးတီ၊ မောင်းတီးသင်ခဲ့၍ ဆိုင်းနောက်ထလုပ်နေခဲ့သည်။ တစ်ခါသော် မော်လမြိုင်မြို့မှ ဦးဘိုးမျှင်၊ ဒေါ်အုန်းမေတို့ ရန်ကုန်ရောက်ရှိနေစဉ် သူ့အသံကို သဘောကျသွားသဖြင့် မော်လမြိုင် အပြန် တစ်ပါတည်းခေါ်ဆောင်သွားကာ သားအဖြစ် မွေးစားလိုက်ကြသည်။

မွေးစားမိဘများက မော်လမြိုင်မြို့ရှိ မင်းသားကြီးများဖြစ်ကြသော ဦးရွှေလင်း၊ ဦးရွှေဆိုင်း၊ ဆရာအင်းတို့ထံ၌ သဘင်ပညာများ သင်ကြားစေသည်။ ပညာသင်ကြားရာတွင် ယခုခေတ်ကဲ့သို့အလွယ်တကူသင်ကြားရသည် မဟုတ်။ ဆရာ့ခြေရင်း၌ ဝပ်စင်းလျက် ခြေဆုပ်လက်နယ်ပြုကာ ဝတ်ကြီး၊ ဝတ်ငယ်အသွယ်သွယ်ကို ဆောင်ရွက်ပေးရသည်။

ဆရာသမားများကလည်း တပည့်ဖြစ်သူ၏ ဉာဏ်ရည်ဉာဏ်သွေးကို ကြည့်ကာ သင်ကြားပေးလေ့ရှိသည်။ ဤသို့ဖြင့် ၁၆ နှစ်သားအရွယ်၌ သဘင်ပညာရည်ပြည့်ဝလာခဲ့သည်။ လိုအပ်နေသည့် ကကြိုးကကွက် ပညာရပ်များကိုမင်းသားဦးစပယ်တင်ထံ၌ထပ်မံဆည်းပူးခြင်းအားဖြင့် မောင်ဘဇံသည်အဆို၊အက၊အငို၊အပြောတို့ဘက်စုံပြည့်စုံသောမင်းသား ကောင်းတစ်လက် ပီပီပြင်ပြင်ဖြစ်လာခဲ့လေသည်။

ဇာတ်မင်းသားလုပ်ရန် အဘက်ဘက်ကပြည့်စုံနေပေပြီ။ သို့သော် ဇာတ်နဖူးစည်း မင်းသားနာမည်ရွေးရန် ကျန်ရှိနေသေးသည်။ မွေးစား ဖခင်ဦးဖိုးမှူင်က နာမည်ရွေးရန်အတွက် ဗေဒင်ဆရာတစ်ဦးထံ ခေါ်သွား သည်။ ဗေဒင်ဆရာက နာမည်တွေတစ်ခုစီရေးပြသော်လည်းမကြိုက်နှင့် အခက်တွေ့နေကြသည်။ နောက်ဆုံး ဗေဒင်ဆရာ၏ စေခိုင်းချက်အရ သီချင်းတစ်ပုဒ်ကောက်ကာငင်ကာ ခုနစ်သံချီတင်၍ ဆိုပြလိုက်သည်။

"လေးမျက်နှာ ရှုယ်ရည်လို့ လွမ်းလှပါပေ့၊ တွေးလျက်သာ ဘယ်ဆီသို့ မှန်းရပ့ါ × × × ဪ...(တကယ်အမည်ဆန်း)-ပါတဲ့ ရွှေကျီးညို × မည်သံကချို × ငွေမြိုင်ရေလို့ခေါ်သလိုလို × နှုတ်သီး ချွန်းနဲ့ လွမ်းအောင်မြည်တတ်သလို (ရွှေကျီးညို)-× × × × ×"

သူ့သီချင်းမဆုံးခင်မှာပင်ဗေဒင်ဆရာက "မင်းဒီနေ့ကစပြီးရွှေကျီးညို နာမည်နှင့် မင်းသားလုပ်စားပေရော့" ဟုအမည်ပေးလိုက်သည်။ သို့နှင့် သူ့နာမည် ရွှေကျီးညို ဖြစ်ခဲ့ရတော့သည်။ သူဆိုပြသည့် သီချင်းမှာ ထိုခေတ်ထိုအချိန်က နာမည်ကျော်ကြားလှသည့် မင်းသမီး မြခြေကျင်း မငွေမြိုင်ဆိုခဲ့သည့်နန်းတော်ရှေ့ဆရာတင်၏လက်ရာ ရွှေကျီးညိုသီချင်း မဟုတ်ပါလား။

ရွှေကျီးညိုအမည်နှင့် ဇာတ်မင်းသားဖြစ်လာပြီးနောက် မွေးစားမိဘများကို ဆယ်နှစ်ခန့်လုပ်ကျွေးခဲ့သည်။ ထို့နောက် လူရွှင်တော်ဦးမင်းမောင်က ခေါ်သဖြင့် ရန်ကုန်သို့ပြန်ဆင်းပြီး ဦးမင်းမောင်ဇာတ်တွင် ခေါင်းဆောင်မင်းသား ဖြစ်လာခဲ့ရသည်။ ရန်ကုန်နှင့် မန္တလေးတို့တွင် နာမည်ရစ ကျော်ကြားစပြုလာပြီဖြစ်သည်။

ထိုခေတ်က ပွဲကြည့်ကြသည်မှာ ယခုခေတ်လို အပျော်သဘော မဟုတ်။ ပေါးလား၊ ဝါးလား၊ နောက်ပြောင်ခြင်းလည်း မရှိ။ ဇာတ်သဘင်ကို အဟုတ်တကယ် မြတ်မြတ်နိုးနိုးဖြင့် ဝါသနာကို အရင်းခံလျက် ကြည့်ကြခြင်းဖြစ်သည်။ ဇာတ်သဘင်ပညာရှင်တို့တက်ကလည်းပြီးလျှင် ပြီးရောဟု လုပ်၍မရ။ ထိုက်ထိုက်တန်တန် ကြိုးစားကာ သီဆိုကပြကြရသည်။ "ဇာတ်သမားပြန်လျှင် မှတ်သားစရာ ကျန်ရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ပွဲကြည့် ပရိသတ်များ စွဲကျန်ရစ်အောင် ပညာပဟုသုတ သင်ခန်းစာရအောင် ကပြကြရလေသည်။

ရွှေကျီးညိုတို့ မင်းသားဖြစ်စက လျှပ်စစ်အင်ဂျင်မီးလည်း မပေါ်သေး။ အသံချဲ့စက်ဆိုသည်မှာ ဝေလာဝေးဖြစ်ရကား ပင်ကိုအသံကိုပင် အားကိုးကြရသည်။ ပရိသတ်နှစ်ထောင်ကျော် သုံးထောင်မက ပိုင်းထားသည့်လှည်းဝိုင်းမှ လှည်းပန်းတောင်းကိုပင် ထိအောင်ဆိုရသော ခေတ်ဖြစ်ရာ သူ့လိုအော်နိုင် ဟစ်နိုင်သည့် မင်းသားမျိုးအဖို့ အံကိုက်ဖြစ်တော့သည်။ အသံကောင်းသည် အလွမ်းပိုင်သည်ဟူသော ဂုဏ်ကြောင့် တစ်ပြည်လုံးကျော်ကြားလာခဲ့သည်။

သူနှင့်ခေတ်ပြိုင်မင်းသားများမှာ မဂ်လာဦးအောင်မောင်း၊ စာတော်ပြန်ကိုရွှေဘုတ်နှင့် မဟာမိတ် ထွန်းစိန်တို့ဖြစ်ရာ သူတို့နှင့် ရင်ပေါင်တန်းလိုက်နိုင်အောင် အားသွန်ခွန်စိုက် ကြိုးစားခဲ့ရသည်။ ထိုသို့ ကြိုးစားမှု

ကြောင့်ပင် သူ့ဇာတ်ဆရာရန်ကုန် ၁၁ လမ်း၊ လမ်းမတော် ဖိုးတုတ်၏ညီ ဦးဘသိန်းက သူ၏ကြိုးစားအားထုတ်မှုကိုသဘောကျပြီးလခ ၁၅၀ ကျပ် စ၍ပေးခဲ့သည်။

ရွှေကျီးညို အကြောင်းရေးလျှင် သူနှင့်အတွဲညီခဲ့သည့် မင်းသမီး ပဲခူးမြအကြောင်းမပါရှိက ပြည့်စုံမည် မဟုတ်ပါ။ ရွှေကျီးညိုအနေဖြင့် အသံကောင်းသည်။ မြေကျသာသည်။ အဆိုပိုင်သည်။ နောက်ပိုင်း ဇာတ်ထုပ်ကိုနိုင်နိုင်နင်းနင်းကပြနိုင်သည်။ ဤသို့ကပြနိုင်အောင်လည်း သူ့မင်းသမီးပဲခူးမြက ဇာတ်လိုက်ဇာတ်စီးကောင်းသည်။ လိုအပ်သည့် နေရာမှအထောက်အပံ့ပေးနိုင်သည်။

ဤသို့ဖြင့်မင်းသမီးပဲခူးမြနှင့်တွဲဖက်ကာ ခွေးတံဆိပ်ကုမ္ပဏီမှ သဒ္ဒါ သုမန၊ မာတင်၊ ပဥ္စပါပီ၊ ဒွေးမယ်နော်၊ သုမ္ဗမိတ္တာ၊ မအောင်ဖြူ ဆည်စတေး အစရှိသော ဇာတ်ထုပ်ဓာတ်ပြားများ ပေါ်ထွက်လာခဲ့ သည်။

"ချစ်ကြည်ဖြူ ပန်းညှာဆက်ချင်ရဲ့
ချမ်းသာလျက်တည်နေ
ကျန်းမာသက်ရှည်စေငယ်
ဝစီချွေ မာန်လျှော့
ကိုသောန ချစ်တာရှည်အောင်
ရှစ်နှာရီတိုင်းရှင့် ကန်တော့။
စိန်တကောင်းမြရေစင်
ညနေဝင်ကျော်ကျော့။
လှကမျှင်သော်မော့က
တမျှော်မျှော့ရွယ်ကာ
စောဖျူဂါသင်ပရိတ်ကယ်နှင့်

သခင်စိတ် အေးဖို့နော် ဖျာ။

ဗုဒ္ဓေါစ ဂါထာကို

အခါခါ ပြန်ညှိလို့

ဖန်ရဝိ သောင်းထိပ်အပျံ

ဒေါင်းပရိတ္တံ။

ဥဒေတာ ပေတာယံကို

မေ အံ့မယ် နေ့တိုင်း ရွှင့်လေး”

သဒ္ဒါသုမန ဇာတ်တွင် သဒ္ဒါသုမနအဖြစ် သရုပ်ဆောင်သော ပဲခူးမြ သီဆိုသော တေးထပ်ဖြစ်ပါသည်။ တိုင်းတစ်ပါးသို့ ကုန်ရောင်းကုန်ဝယ် သွားမည့် ကိုသောနအား ကျန်းမာချမ်းသာစေရန် ဆုတောင်းသည့် အနေဖြင့် သီဆိုထားသော တေးထပ်ဖြစ်သည်။ ဇာတ်လမ်းဇာတ်ကွက်နှင့် ဆီလျော်သည်ကတစ်ကြောင်း၊ ပဲခူးမြ၏အဆိုပိုင်နိုင်သည်ကတစ်ကြောင်း တို့ကြောင့် ပွဲကြည့်ပရိသတ်တို့ အထူးနှစ်မြို့က်စွဲလမ်းခဲ့ကြသည်။

“ကာမဆယ့်တစ်ဘုံမှာဟယ်၊ ရာဂပွက်ပုံ တစ်ထောင်ငါးရာနဲ့၊ ယောကျ်ားတွေအပိုရှာလိုက်ပုံက၊ ဟယ်... မယ်သုမနရဲ့ နင်လိုဟာရှား... နင်လိုဟာရှား” ဟူသော ငိုချင်းမှာ တိတ္ထိဂိုဏ်း သာသနာကို ယုံကြည် ကိုးကွယ်သော ယောက္ခမသူဌေးက ဗုဒ္ဓဘုရားရှင်ကို ကိုးကွယ်ကြည်ညို သည့် ချွေးမအား သူ၏သား မောင်သောနမရှိခိုက် အိမ်မှနှင်ချလိုက် သဖြင့် အိမ်အပြန် ဇနီးပျောက်ရှာပုံဖွင့်သူ သူဌေးသား မောင်သောန၏ ကရုဏာဒေါသောဖြင့် ငိုလိုက်သော ငိုချင်းတစ်ပုဒ်ဖြစ်သည်။

ရွှေကျီးညိုနှင့်ပဲခူးမြတို့အတွဲညီလှသဖြင့် ကပြရာနေရာတိုင်းတွင် အောင်ပွဲခံအောင်လံ လွှင့်နိုင်ခဲ့သည်။ သူတွဲခဲ့သော မင်းသမီးများတွင်

ပဲခူးမြအပြင် ဒဂုံခင်လှကြည်၊ ဩဘာစိန်၊ ဩဘာအဲ့၊ မငွေစိန်၊ ပဲခူးကျော်တင့်၊မြန်မာညွှန့်သင်းကြိုင်နှင့်မကျားညွှန့်တို့ပါဝင်သည်။နောင်တွင်မကျားညွှန့်နှင့်ပင်ပထမဖူးစာဆုံခဲ့လေသည် -

ဦးအောင်မောင်းကြီး၏နာမည်အကြီးဆုံးဇာတ်ထုပ်ဖြစ်သောပန်းပဲမောင်တင့်တယ်ဇာတ်ထုပ်ကိုလည်း သူကခဲ့ဖူးသည်။ဦးအောင်မောင်းကိုမကျော်လွှားနိုင်သည့်တိုင် ရိုးစွဲလိုက်နိုင်အောင်တော့ သူအစွမ်းပြခဲ့ဖူးသည်။ဦးအောင်မောင်းက အံ့နှင့်ကျင်းနှင့်လက်ခုပ်လက်ဖောင်ကောင်းအောင်ကနိုင်သလို၊သူကလည်းသူတစ်ယောက်ကောင်းဖြင့်ကခဲ့သည်။

"တောင်ရင်းအလယ်မှာ၊ မောင်တင့်တယ် ဒွေးဖြူနမငယ်တို့၊
မြတ်လှရယ် ကညာပျို ဆင်ပါတော့၊ ငါကိုရင် မလျှိုစွန်းဆီက၊
ရည်ညွှန်းကာ ကုလ္လာလာအိုင်မှာဖြင့်၊ (ပဒုမ္မာကြာခိုင်မျိုး)၊
ခရီးဝေးတဲ့တောင်မှာ၊ မီးသွေးတောင် ငါမဖုတ်နိုင်ဘု၊ ကြာကို
နတ်ကာ သပြေပင်နဲ့စိန္တေရှင်မြတ်စွာဘုရားကိုလ (စိတ်အကြံငယ်
လေ)၊ မိဋ္ဌာန်ထားလို့ရယ်၊ ချစ်နမတို့ရေ(အမယ်လေး) မင်းတို့
အတွက် စိတ်အကြံ မိဋ္ဌာန်ထားလို့ရယ်၊ အားပျက်လို့ညို့" ဟု...

မိုးလင်းခါနီး ဟစ်ငိုလိုက်လျှင်ပွဲကြည့်သူတိုင်းမျက်ရည်မဆည်နိုင်အောင် ဖြစ်ခဲ့ကြရသည်။ သူ့အသံက ကြည်မြ ပီသသည်။ မြေကျသာသည်။ စာပေါင်ပဲ့အောင် ဆိုနိုင်သည်။ မိုးလင်းခါနီးလေ ကောင်းလေပင်။ ထို့ကြောင့် အချို့သော ပွဲကြည့်သူများက ရုံဖွင့်ကိုတမင်စောင့်၍ကြည့်ကြသည်။

မင်းသမီး မကျားညွှန့်နှင့်အိမ်ထောင်ပျက်ပြီးနောက် ဒဂုံခင်လှကြည်နှင့် အကြောင်းပါသည်။ဒဂုံခင်လှကြည်မှာ မအူပင်မြို့နယ် ထနီးသုံးခွရွာမလက်တိုဇာတိဖြစ်၍ မန္တလေးမြို့အငြိမ့်လောကတွင် အထူးအောင်မြင်

ကျော်ကြားခဲ့သူဖြစ်သည်။ သူ၏ဦးကလိန်သီချင်းမှာ တစ်ပြည်လုံးရေပန်းစားခဲ့ဖူးသည်။ ရွှေကျီးညိုနှင့်အကြောင်းပါစဉ်က သူ့အသက် ၂၅ နှစ်သာ ရှိသေးသည်။

လွတ်လပ်ရေးခေတ်တွင် ရွှေကျီးညိုနှင့်ဒဂုံခင်လှကြည်တို့တွဲ၍ ရှင်သာရိပုတ္တရာ ဒေွးအနံ့ခန်း၊ ဥဒါရီကုမာရီ၊ မိဂ္ဂဒီလာကာန်တော်သမိုင်း၊ စန္ဒာကုမ္မာရ၊ ရွှေဂုမ္မာန်ဘီလူးကြီး၊ ပြည်မြို့ရှာဇဝင် ဖိုဦးတောင်သမိုင်း ဇာတ်ထုပ်ဓာတ်ပြားများကိုတောရောမြို့ပါလူကြိုက်များသဖြင့် "ဓာတ်ပြားတက္ကသိုလ် ရွှေကျီးညို" ဟူ၍ သူ့ကိုယ်သူ တင်စား ခေါ်ဆိုခဲ့ခြင်း ဖြစ်လေသည်။

ရွှေကျီးညိုအဖို့ကပြရာနေရာတိုင်းတွင် ရုံပြည့်ရုံလျှံခဲ့သော အကြိမ်ပေါင်းလည်း မနည်းပြီ။ ထွက်သမျှ ဇာတ်ထုပ်ဓာတ်ပြားတွေကလည်း ရောင်းမလောက်အောင်တွင် ကျယ်လှသည်။ တစ်နေရာတည်း၌ ၁၀ ညီ အထိ ကခဲ့ရသည့် အခါမျိုး၊ တစ်နှစ်လျှင် ပွဲညီ ၂၀၀ နီးပါး ကရသည့် အခါမျိုးလည်း ရှိခဲ့သည်။ ၁၉၄၈ ခုနှစ်မြန်မာပြည် လွတ်လပ်ရေးရသည့် နှစ်ကား ရွှေကျီးညိုတို့ လျှမ်းလျှမ်းတောက် အအောင်မြင်ဆုံးအချိန်ပင် ဖြစ်လေသည်။

ထိုအချိန်တွင် အဖွဲ့သားတစ်ရာကျော်ပါဝင်သည့် ဇာတ်ကြီးအဖြစ် တည်ထောင်နိုင်ခဲ့ပြီး ကိုယ်တိုင် ဇာတ်ဆရာကလည်း ဖြစ်လာခဲ့သည်။ တစ်မြို့မှ တစ်မြို့ တစ်ရွာမှ တစ်ရွာသို့ ကူးလျှင် ကား၆ စီးတိုက်ရှိရုံမျှမက ကိုယ်ပိုင်အင်ဂျင်စက်၊ ကိုယ်ပိုင်ဆိုင်းပစ္စည်းနှင့် အဘက်ဘက်က ပြည့်စုံလာခဲ့သည်။ ဓာတ်ပြားဂယက်ကြောင့် ပြည်မဍ္ဍသာမက ရှမ်းပြည်တောင်ပိုင်း၊ မြောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်စသည့်ပြည်နယ်ဒေသများသို့ပင် ခြေဆန့်နိုင်ခဲ့ရာ ရွှေကျီးညိုအဖို့ အောင်မြင်မှုတံခွန်ကို တလူလူလွှင့်ထူနိုင်ခဲ့လေသည်။

ဤသို့အောင်မြင်လာသည်နှင့်အမျှပုထုဇဉ်တို့သဘာဝအောက်မြေ လွတ်လာတော့သည်။ အလောင်းအစားစွက်လာသည်။ ဦးစိန်ကတုံး သည်ကာက်ဆွဲဝါသနာကြီးသလိုဦးအောင်မောင်းကကြက်တိုက်ဝါသနာ ကြီးသည်။ ထို့အတူ ရွှေကျီးညိုက မြင်းလောင်း ဝါသနာကြီးလှသည်။ အလောင်းအစားဘက်ကို အာရုံရောက်နေသဖြင့် သဘင်အလုပ်ကို ဂရု မစိုက်နိုင်တော့ပြီ။ တစ်ခါတစ်ရံ ကပြဆဲပွဲခွင်ကိုပင် ရပ်နား၍ ရန်ကုန် ဆင်းကာ မြင်းလောင်းသည်။ ဇာတ်ပွဲကပြရေးထက်မြင်းပွဲအရေးကိုသာ ဦးစားပေးလွန်းသဖြင့်ကြာတော့အလုပ်ပါထိခိုက်လာတော့သည်။

မြင်းပွဲရှုံးပါများတော့ ကြွေးတင်လာသည်။ ရှိသမျှ အိမ်တို့၊ ဇာတ် ပစ္စည်းတို့ကိုရောင်းချကာကြွေးဆပ်ရသည်။ "ငွေများလျှင်ငွေနှင့်လိုက်" ဟူသော ကစားသမားတို့၏ စကားအတိုင်းပင် မြင်းပွဲ ထပ်လောင်း၊ ထပ်ရှုံး၊ ကြွေးတင်နှင့်သံသရာလည်ကာ အောင်မြင်မှုသရဖူကို စွန့်လွှတ် လိုက်ရသည်။ သူ့နောက်မှ မင်းသား လေးတွေ ကသူ့ကိုဖြတ်ကျော်ကာ ရေ့တန်းရောက် သွားကြပြီကိုး။

သဘင်မျိုးဆက်ဖြစ်သော သားနှစ်ယောက်ကို "စိန်ကျီးညို"၊ "မြကျီးညို" ဟုအမည်ပေးကာပွဲထုတ်ခဲ့သော်လည်းဖခင်လောက် ပညာ မစုံသဖြင့်လည်းကောင်း၊ ဖခင်၏စန်းက သူ့ခေတ်သူ့အခါအလျောက် မရှိရှာတော့သဖြင့်လည်းကောင်း အောင်မြင်မှုမရခဲ့ချေ။ ရွှေကျီးညိုသည် အသက်၆၀ကျော်သည်အထိသားများနှင့်အတူ တွဲကာ ကပြနေခဲ့သည်။

သည့်နောက်တော့ပဒေသာကပွဲကလေးတွေနှင့်ချိကောက်လိုက်၍ ကပြနေခိုက်နိုင်ငံတော်အစိုးရယဉ်ကျေးမှုနှင့် အနုပညာဦးစီးဌာနမှ ခေါ်ယူကာ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်လိုက်သဖြင့် ဘဝနောင်ရေး စိတ်အေးသွားရသည်။ ဘဝနေဝင်ချိန်တွင် အေးဆေးစွာ မေးမိတ်

နားခိုမည့် ရွှေကျီးညိုအား ကံဇာတ်ဆရာသည် မနာလိုဖြစ်နေသလား မသိ။ ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အနုပညာလောကမှ ကျောခိုင်းထွက်ခွာသွားစေရန် အမိန့်ချမှတ်လိုက်လေတော့သည်။

# ဩဘာစိန်

၁၉၈၇ ခုနှစ်၊ ဖွန်လထုတ် ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းတွင် မထင်မရှား နာရေးသတင်းတစ်ပုဒ်ကိုဖတ်လိုက်ရသည်။

"မင်းသမီးကြီး ဒေါ် ဩဘာစိန်(၈၂ နှစ်)သည် ၂၄-၅-၈၇ နေ့ ညနေ ၅ နာရီအချိန်တွင် အင်းစိန်ရွာမနေအိမ်၌ ကွယ်လွန်သည်"

ရှေးခေတ် ဇာတ်သဘင်လောကတွင် အောင်မြင်ကျော်ကြားခဲ့ပြီး ဦးဖိုးစိန်၊ ဦးစိန်ကတုံး၊ မင်္ဂလာဦးအောင်မောင်း၊ ဦးအောင်ဘညို အစ ရှိသည့် ထိပ်တန်းမင်းသားများနှင့် တွဲဖက်ကပြခဲ့သော နိုင်ငံကျော် အနုပညာရှင်ကြီးတစ်ဦးအဖို့ ကွယ်လွန်ချိန်တွင် နာရေးကြော်ငြာကိုမျှ သတင်းစာထဲမထည့်နိုင်ဘဲ၊ မဂ္ဂဇင်းကလေးတစ်စောင်၌ မထင်မရှား ဖော်ပြထားသည်မှာ ကြေကွဲဝမ်းနည်းစရာကောင်းလှသည်။ ဘဝနေဝင်ချိန်တွင် ညှိုးညှိုးငယ်ငယ်နှင့် ဇာတ်သိမ်းခဲ့ရသော အနုပညာရှင်တို့၏ လောကဓံတရားကိုလည်း သံဝေဂရနေမိသည်။

ဩဘာစိန်ကို ၁၂၆၂ ခုနှစ် တပို့တွဲလဆုတ် ၈ ရက်နေ့တွင် တွံတေးမြို့ ကွမ်းခြံပိုင်းနေ အာဖဗိန္နောဆရာကြီးဦးဖေ၊ အမိဒေါ်သဲဖြူတို့မှ မွေးဖွားခဲ့သည်။ သားသမီးငါးယောက်အနက် အထွေးဆုံးဖြစ်၍ ငယ်မည်မှာ မစိန်ဟုခေါ်သည်။ ငယ်ရွယ်စဉ်ကပင် အဆိုအက ဝါသနာ ထုံသည်။ ထို့ကြောင့်မိဘများက မစိန်ကလေးအသက် ၆ နှစ်အရွယ်တွင်

တစ်မြို့ဟည်းနေ မင်းသမီး တွံတေးဆံတောက်မငွေသင် (နောင်အလင်္ကာကျော်စွာ ရှာစားကြီးဦးဟန်ပ၏ဇနီး)ထံ၌ ပညာယူရန် အပ်နှံပေးသည်။ တွံတေးဆံတောက် မငွေသင်ထံ၌ ၃နှစ်တိုင်တိုင် ပညာရင်နို့သောက်စို့ပြီးသောအခါ အသက် ၉နှစ်အရွယ်တွင် ရန်ကုန်မြို့ကြည့်မြင်တိုင်၊ ရေတွင်းကုန်း ဆရာညဏ်ထံသို့ ပညာဆက်လက်ဆည်းပူးရန် လိုက်ပို့ပေးခဲ့ကြသည်။

ဆရာညဏ်ထံတွင်ပညာသင်ယူနေစဉ်မစိန်ကလေးသည် "စကင်းငွေစိန်" အမည်ဖြင့်အငြိမ့်ကပြခဲ့ရာ လူကြိုက်အတော်များခဲ့သည်။ ထိုစဉ်က ဆရာညဏ်ထံတွင် မစိန်နှင့်အတူပညာသင်ဖက်များမှာ နိုင်ငံကျော်မင်းသားအောင်ဘညိုနှင့်ဗလကာလေးထွန်းရင်တို့ဖြစ်သည်။ မကြာမီမှာပင် မစိန်ကို ပသီမြညွန့်ဇာတ်အဖွဲ့က လာခေါ်သဖြင့် လိုက်သွားပြီး၊ ယင်းဇာတ်အဖွဲ့၌ခေါင်းဆောင်မင်းသမီးအဖြစ် ကပြရလေသည်။ ထိုအချိန်က မစိန်၏အသက်မှာ ၁၃နှစ်သာရှိသေးသည်။

မစိန်သည်ပသီမြညွန့်ဇာတ်အဖွဲ့သို့ရောက်ရှိပြီးနောက် စကင်းငွေစိန်ဟူသော အမည်ကိုဖျောက်၍ဩဘာစိန်ဟူသော အမည်သစ်ကိုယူလိုက်သည်။ စကင်းငွေစိန်ဟုဆိုလျှင်ပထမတန်းမဖြစ်ဘဲဒုတိယတန်းသာ ဖြစ်မည်ဟု တွေးမိသဖြင့် ဩဘာစိန်ဟု အမည်ပြောင်းလိုက်ခြင်းဖြစ်သည်။ ပသီမြညွန့်နှင့်ဩဘာစိန်တို့မှာ သဘင်ရည် ပြည့်ဝသူများဖြစ်ပြီး တက်ညီလက်ညီ ကပြနိုင်ရကား ပွဲကြည့်ပရိသတ်တို့ အထူးအားပေးခြင်းကိုခံခဲ့ရလေသည်။

ပသီမြညွန့်နှင့် ကပြနေစဉ် အငြိမ့်ထောင်ဆရာ ဦးဘိုးညွှင်းကလာရောက်ဆက်သွယ်သည်။ သို့နှင့်ဩဘာစိန်သည်အငြိမ့်လောကသို့ရောက်ခဲ့ပြန်သည်။ ဦးဘိုးညွှင်း၏အငြိမ့်တွင် ခေါင်းဆောင်မင်းသမီးအဖြစ်

ကပြခဲ့ရာ၊ ယိုခေတ်က နာမည်ကျော် လူရွှင်တော်ကြီးများဖြစ်ကြသော ဦးကြင်ခဲ၊ ဦးရွှေဒင်္ဂါးတို့နှင့် တွဲဖက်မိရာ အထူးကျော်ကြားခဲ့လေသည်။

ဤသို့ကပြရင်း မန္တလေးမှ မင်းသားဦးစိန်အုပ် လာရောက်ခေါ်သဖြင့် အငြိမ့်မှ ထွက်ပြီး၊ ဦးစိန်အုပ်ဇာတ်အဖွဲ့ထဲရောက်ခဲ့ရသည်။ ပထမဆုံး တွဲရသောမင်းသားမှာ ဦးစိန်အုပ်ဖြစ်သည်။ ဦးစိန်အုပ်ဇာတ်အဖွဲ့နှင့် ကပြနေရင်းပင် အောင်စည်ဗလဇာတ်အဖွဲ့၌လည်းကောင်း၊ ဦးဖိုးလှိုင်ရုပ်စုံသဘင်၌လည်းကောင်း ခေတ္တလိုက်၍ ကူညီကပြပေးခဲ့ရသည်။ ဦးစိန်အုပ်ဇာတ်အဖွဲ့တွင် ကပြစဉ်က နေမျိုးဗလကျော်သူဘွဲ့ရ ရှာစားကြီးစိန်ပေဒါဆိုင်းအဖွဲ့နှင့် တွဲခဲ့ရ၍ ဩဘာစိန်အဖို့ ပညာပိုမိုတိုးတက်ခဲ့ရသည်။

မန္တလေးမြို့ပေါ်၌ ဇာတ်အဖွဲ့နှင့် ကပြ၍ တစ်နှစ်တာကုန်ဆုံးသွားသောအခါ မင်းသားစိန်ကတုံး ဇာတ်အဖွဲ့သို့ ကူးပြောင်းသွားခဲ့သည်။ စိန်ကတုံးဇာတ်သို့ရောက်ရှိချိန်တွင်မင်းသမီးမပြနရှိနေသည်။ ထို့ကြောင့် စိန်ကတုံး၏နှစ်ပါးသွားသီချင်းတစ်ပုဒ်တွင် –

"ယခုညမြားနှစ်ပွေ့အမည် × မြနကလေးကိုချစ်သည် × အဝိဇ္ဇာနဲ့ နိပ်သောမြားတွေ ဇာတ်ပွဲမို့ခေါ်သည် × လှော်မည် × ဩဘာစိန်ကလေးကိုလ × နှစ်ထောင်ပေးကာခေါ်ရသည် × သနပ်ခါးလူးလို့မှုရာသည် × မျက်ခုံးမွှေးတားလို့မှုရာသည် × ယှမှာအတည် × မောင်စိန်ကတုံးရယ်က × မယားနှစ်ယောက်နဲ့လျှောက်၍လည်ဦးမည် × ×"

စိန်ကတုံးနှင့်ဩဘာစိန်တွဲဖက်ကပြရာ ၁၄နှစ်ခန့်ကြာခဲ့သည်။ စိန်ကတုံးလို ပညာရည်ပြည့်ဝသော မင်းသားမျိုးနှင့် တွဲရသဖြင့် ဩဘာစိန်အဖို့လည်းတစ်စထက်တစ်စအရည်အချင်းပြည့်ဝလာသည်။

စိန်ကတုံးကလည်း ဩဘာစိန်ကို နမလိုတစ်သွယ် တပည့်လိုတစ်မျိုး ချစ်ရှာသည်။ ကရင်းနှင့် ပညာပေးသွားသည်။ လွမ်းခန်းတွင် ရတုဖြင့် ငိုနည်း၊ နောက်ကြောင်းပြန်ပြောခန်းတွင် ငိုချင်းရှည်ဖြင့်ငိုနည်းစသည်ဖြင့် သင်ကြားပေးသည်။ ဩဘာစိန်ကလည်း ကြိုးကြိုးစားစား လေ့လာ မှတ်သားသည်။ သို့ဖြင့်နောင်အခါ ဩဘာစိန်သည် စိန်ကတုံး အားထား လောက်သော ဇာတ်လိုက်ဇာတ်စီးကောင်းသော မင်းသမီးကြီး ဖြစ်လာ ခဲ့ရလေသည်။

စိန်ကတုံးနှင့် တွဲဖက်ကပြခဲ့သော ဇာတ်ထုပ်များမှာ ဝိဋ္ဋူပ၊ သာနသာမဏေ၊ အညဘောဂ၊ ပဒုမသနီ၊ အာသက်ာ၊ အမတ် အောင်စွာငယ်၊ အာဠာဝကချွတ်ခန်း၊ အင်္ဂုလိမာလ၊ ပန်းထိမ်သည် ဣသိတာ၊ တိဿရဟန်းကြီး၊ သမ္ဘာရသားသတ်၊ ယောဟက ဘဒ္ဒ၊ ညီတော်မင်းနန်ချွတ်ခန်းစသည်တို့ဖြစ်သည်။

အင်္ဂုလိမာလဇာတ်တွင် မယ်တော်ပုဏ္ဏေးမကြီးအဖြစ် ဩဘာစိန် ပိုင်နိုင်စွာ ကခဲ့သည်။ သားဆိုး သားမိုက်အတွက် ရတက်မအေးရသော မိခင်အဖြစ် သရုပ်ပေါ်အောင် ဖော်နိုင်ခဲ့သည်။

"သားမိုက် ရတနာရေ
အများမကြိုက်တာ ဆိုးပွေလုစ်ပါလို့
တစ်မျိုးအမေညစ်စရာ ပူဗျာပါ လှုံ၍
ဆူညံရင်မအေး။
အချိန်မရောက်ရင်လ
အိမ်ပေါက်က အမေမျှော်ရ
အဖေနော် သိမှာစိုးတာကြောင့်
ဆိုးပေတဲ့လူကလေး...."

ဟူသော ဝိချင်းဖြင့် မိဘမေတ္တာ၏ ကြီးမားပုံကို ပေါ်လွင်အောင် ကပြခဲ့သည်။

အညာဘောဂဇာတ်တွင်မူ စိန်ကတုံးနှင့် နင်လား၊ ငါလား အစွမ်းပြခဲ့ရာ ပွဲကြည့်တို့ အလွန်ကြိုက်နစ်သက်ခဲ့ကြသည်။ ဇာတ်လမ်းအချုပ်မှာ ဤသို့ဖြစ်သည်။ ဘောဂဗလသူဌေးကြီးသည် မိမိတိုင်းပြည်အတွင်းရှိ ဥဒုမ္ဗရဝိဟာရ၌ တရားထူးပေါ်မည်ကို သတင်းစကား ကြားရသဖြင့် ထိုနေရာ၌ ပန်းပြာသာဒ်ကြီးတစ်ဆောင် ဆောက်လုပ်ရန်အတွက် သားဖြစ်သူ မောင်ဘောဂကိုတာဝန်ပေးသည်။

သူဌေးသား မောင်ဘောဂသည် ပန်းဝယ်ထွက်ရင်း မယ်အညာနှင့် တွေ့ကာ ချစ်ကြိုက်သွားသည်။ မယ်အညာကို အိမ်သို့ခေါ်သွားရာ ဖခင်သူဌေးကြီးက အဆင့်အတန်းချင်းမတူသဖြင့် မနစ်သက်သော်လည်း သားကိုချစ်သောကြောင့် လက်ခံထားသည်။ ထို့နောက် ဖခင်သူဌေးကြီးက မောင်ဘောဂအား မဏ္ဍပ်ဆောက်လုပ်ရန်အတွက် ချက်ချင်းခရီးထွက်ခိုင်းသည်။ မယ်အညာကိုလိုက်ခွင့်မပြုချေ။

မောင်ဘောဂထွက်သွားပြီးနောက်မယ်အညာသည်တရားထူးနာလိုလှသဖြင့်သစ္စာပြုကာ သမုဒ္ဒရာအတွင်း၌လက်ပစ်ကူးလေသည်။ ဤတွင် ပဏ္ဏပဗ္ဗတနတ်ကကယ်ဆယ်ထားပြီးမယ်အညာမှာယောကျ်ားဖြစ်သူနှင့် ချက်ချင်းတွေ့ခဲ့သော် ရဟန္တာအဖြစ်သို့ မရောက်မည်ကို စိုးသဖြင့် မယ်အညာ၏ လင်ငယ်အဖြစ်ဖန်ဆင်းကာ တရားပွဲသို့ လိုက်ပါသွားလေသည်။

တရားပွဲသို့ရောက်လျှင် မောင်ဘောဂသည် လင်ငယ်နှင့် အတူပါလာသော မယ်အညာကိုမြင်ရာ ဒေါသထွက်ခုန်တော့သည်။ ဤနေရာတွင် မောင်ဘောဂ(စိန်ကတုံး)နှင့် မယ်အညာ(ဩဘာစိန်)တို့ ဝါရင့်သမ္မာရင့်

ပညာရှင်ကြီးများပီပီ တစ်ယောက်နှင့်တစ်ယောက် အပြိုင်အဆိုင် အစွမ်းပြခဲ့ကြသည်။

လင်ငယ်နှင့်အတူ နစ်ယောက်တွဲလာသော မယ်အညာကိုမြင်လျှင် မြင်ချင်း မောင်ဘောဂက ဤသို့ပြောဝိုသည်။

(ပြောဝို) "မယ်အညာရယ် ဖေမြင်ရတာ ရွှေရင်ဝ ဆူကာလှိုက်ပါဘိ၊ နစ်ထပ်ပြန် ဇရပ်ထရံနဲ့ တိုက်ချင်လှ (အမယ်လေး)မင်းမိုက်ပုံထူးလှချည့်ရဲ့မယ်အညာရဲ့..."

(ဝိုချင်း) "ဟုတ်မှန်ရာကိုလေ၊ ထုတ်ပြန်ကာ လင်းခါကြားခဲ့ပါဦး၊ တို့များ အမြင်ပါကွယ့် ၊နင်လာတာ အဖော်တစ်ယောက်ကာယ်နဲ့ ပျော်မျောက်မထား"

(စကားပြော) "သူငယ်ချင်းတို့ရယ်ကြည့်စမ်းပါဦး၊ ငါကတော့ သူ့ကိုပြန်ခေါ်ဖို့ကြံစည်စဲ၊ အခုတော့ သူ့လင်ငယ်နဲ့လာတာ မြင်ကြရဲ့လားကွယ့်၊ တရားရှင်မကလေးဆို ကိုင်း.... ခုတော့ ကိုယ်တွေ့မဟုတ်လား"

(လူရွှင်တော်) "မောင်ဘောဂရယ်၊ တရားပွဲဆိုတာ ဒီလိုပါပဲ၊ တချို့လူယုတ်မာတွေက ပွန်းပွန်းတီးတီးလိုက်လုပ်နေတတ်ကြပါတယ်၊ အထင်မလွဲပါနဲ့"။

(မောင်ဘောဂ) "သူလာတာ အဖော်တစ်ယောက်ကာယ်နဲ့ ပျော်မျောက်မထား"

ညအိပ်ခရီးပါလား၊ ဒင်း စိပ်ပုတီး လိမ်ညာဏ်ခြယ်၍ ထိမ်ကြံရှယ် လင်ငယ်ကို မက်တဲ့ပြင်တရားနာနားသာဖို့ မြှက်ခဲ့တယ် (အမယ်လေး) သင်းမရှက်လေးအား မမြင်ဝံ့ပါပြီ ကလား"

(မယ်အညှ) "ကိုဘောဂ၊ ကိုဘာတွေ ပြောနေတာလဲ၊ ကျွန်မလဲ ဘာမှမသိရပါလားမောင်ရယ်"

(မောင်ဘောဂ) "ကြည့်စမ်းကြည့်စမ်း၊ လက်ဆုပ်လက်ကိုင် မိရက်သားနဲ့၊ မုန်လာဥဖြစ်အောင် လုပ်တဲ့မိန်းမ၊ မင်း ငါ့အနားမလာနဲ့၊ မင်းလင်ငယ်ရိုက်လိမ့်မယ်"

(မယ်အညှ) "တစ်ယောက်တည်းပါ သခင်ရယ်၊ နောက်တစ်ကွဲအဖော်လင်နဲ့၊ ပျော်မရွှင် မယ်အညှကိုဖြင့် မြင်ရတာမှောင်ကြာနိုတယ်လို့၊ မောင်ကွာလိုသလား"

(စကားပြော) "ကိုဘောဂ… မောင်အထင်မှားနေပြီ၊ ကျွန်မလေတရားနာချင်လွန်းလို့ ပင်လယ်ကို လက်ပစ်ကူးလိုက်လာ ခဲ့ပါတယ်၊ ကျွန်မအပေါ်အထင်မလွဲပါနဲ့"

"မြင်ရတာ မှောင်ကြာနိုတယ်လို့၊ မောင်ကွာလိုသလား"

"ကိုယ့်အဖေပြောတာနဲ့၊ သဘောအလိုတူလို့၊ အပျိုဖြူဟိုလူနှင့်မသမုတ်လိုက်ပါနှင့်၊ စင်ကြယ်သူလင်ငယ်နှင့်မရှုပ်တယ်ရှင် (အမယ်လေး) မဟုတ်တဲ့စကား"

(မယ်အညှ) "ကိုဘောဂ ကျွန်မကို အထင်မလွဲပါနဲ့၊ သနားပါမောင်ရယ်"

(ဝဏ္ဏပဗ္ဗတနတ်) "အညှ မင်းကဘာလဲ၊ လင်ကြီးကို မြင်ပါလို့ ငါ့ကိုကလီကမာလုပ်ချင်တာလားကွ၊ သေသွားမယ်ကောင်မ"

(မောင်ဘောဂ) "အမယ်လေး - ပြောနေလိုက်တာ ခင်ဗျားတို့ကြားတယ်မဟုတ်လား၊ အဲဒါမင်းငါ့ကိုပြောင်လိမ်နေတာလားကွယ်"

(မယ်အညှ) "ကိုဘောဂ ကျွန်မဘာမှ မသိဘူး၊ ကိုဘောဂအပြင်ကျွန်မဘယ်သူနဲ့မှမဆက်ဆံခဲ့ပါဘူးမောင်ရယ်"

(မောင်ဘောဂ) "တရားနာကိုလေ၊ စကားပမာ ဘယ်လိုဆိုက်လေသည့်၊ မျောက်လိုက်မွေးသူတစ်လင်ပါကွယ့်မြင်တာထင်ရှား"

(စကားပြော) "မျက်စိမြင် နားကြားနေရက်သားနဲ့ ကျုပ်ကို ပြောင်လိမ်တာ၊ ကျုပ်တော့ သေချင်တာပါပဲဗျာ"

"မျောက်လိုက်မွေးသူ တစ်လင်ပါကွယ့်မြင်တာထင်ရှား"

"ဟုတ်လို့ ရှိတာဖြင့်၊ ကျုပ်သိအောင် နစ်ကိုယ်ကြားသာပ၊ စကားလင်ကို မချန်နဲ့၊ မြင်သလို အမှန်ပြောတာများကိုလ၊ ယောကျ်ားအဖော် နောက်ပျော်ပါးသူနဲ့(အမယ်လေး)ညားခဲ့လေသလား"

(မယ်အညှ) "ကိုဘောဂရယ်၊ ကျွန်မဟာ အဆင့်အတန်းမရှိတဲ့အမိုင်းအစေမလေးတစ်ယောက်ပါ၊ ကိုဘောဂ မပေါင်းချင်လို့ အပြစ်ရှာတာလား မောင်ရယ်၊ အားကိုးမရှိတဲ့ကျွန်မကိုကလေးကျွန်တစ်ယောက်နဲ့ မပေါင်းချင်လို့လားမောင်ရယ်၊ကိုဘောဂကိုအားကိုးပါတယ်၊ ဘယ်သူ့ကိုမှ စိတ်ကတောင် ပြစ်မှားခြင်း

မရှိတဲ့ လူတစ်ယောက်မို့ ဒီလောက် မရက်စက်ပါနဲ့ မောင်ရယ်"

(ငိုချင်း) "အပျိုဖြူကိုလေ၊ နစ်ကိုယ်တူ ပြက်ရယ်ပြောပါလို့၊ ရှက်ဖွယ်သဘော သူ့အဖေဆိုသူက၊အလိုမတူရှာဘူး"

"စဉ်းစားလို့ယုံပါကိုဘောဂရဲ့သတင်းစကားသည်လို ကြုံမှဖြင့်၊ ဟိုတစ်ဖုံ သည်တစ်ဝသာပ၊ မတရားသူ ကြားလူက ဆွတယ် (အမယ်လေး) ကြားရစကားထူး"

ဤမျှဆိုလျှင်ဩဘာစိန်၏ပညာစွမ်းကိုအကဲခတ်မိပါပြီ၊ သူ၏ဘဝဖာတ်လမ်းကိုဆက်လက်တင်ပြလိုပါသည်။ ဩဘာစိန်သည်စိန်ကတုံးနှင့်အတူ ကနေစဉ် မင်းသားရွှေမျက်မှန်၏ အစ်ကိုဖြစ်သူ မင်းသားဦးလွန်းမောင်နှင့် အကြောင်းပါလေသည်။ မင်းသမီးအဖြစ် ကပြရင်းအိမ်ထောင်ကျသွားသော်လည်း ဩဘာစိန်အဖို့ နာမည် မမှိန်ခဲ့ပါပေ။ အဘယ်ကြောင့်ဆိုသော် ဩဘာစိန်သည် ပညာပြည့်သောကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် လူထုဒေါ်အမာက "အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး" စာအုပ်တွင် အောက်ပါအတိုင်းမှတ်ချက်ချထားပေသည်။

"မင်းသမီးဆိုတာ နောက်ပိုင်းကတတ်တယ်အလွမ်းနိုင်တယ်ဆိုတဲ့မင်းသမီးကရှားတယ်။ မင်းသမီးတွေအိမ်ထောင်ပြုကြတယ်ဆိုရင် ဗုန်းဗုန်းကျသွားတတ်ကြတာပဲ။ ဒီလိုဖြစ်ရတာ မင်းသမီးပညာမရှိကြလို့ပါ၊ ပညာရှိတဲ့မင်းသမီးဆိုရင်တော့ ယောက်ျားရပေမယ့်ကျမသွားပါဘူး၊ စိန်ကတုံးတွဲတဲ့ မင်းသမီးထဲက ဩဘာစိန်

ဆိုတာ အဲဒီ မင်းသမီးမျိုးပဲ၊ သူကဒင်္ဂါးရုံမှ မငွေမြိုင်နဲ့ အပြိုင်ခေတ်ထလာတဲ့မင်းသမီးပါ၊ ဇာတ်စီးအင်မတန်နိုင်ပါတယ်"

ဩဘာစိန်အဖို့စိန်ကတုံးသည် ဖခင်သဖွယ်အားထားရာလည်းဖြစ်သည်။ ဆရာသမားသဖွယ် ကိုးကွယ်ရာလည်း ဖြစ်သည်။ မိမိအား ထိပ်တန်း မင်းသမီးကြီးတစ်လက်ဖြစ်အောင် ပို့ဆောင်ပေးခဲ့သူလည်း ဖြစ်သည်။ စိန်ကတုံး၏ ကျေးဇူးတရားကြီးမားပုံကို နှစ်ပါးသွားတေးတစ်ပုဒ်၌ဖော်ထုတ်ခဲ့သည်။

"ရွှေဂုန်ဟံသာပြည်နယ်နဂရ × ချစ်ခင်စေတနာ × ဩဘာအောင်လံ
ထွေထွေနှင့် ပေးသနားတော်မူရှာ × ဘူဘူဝါဝါရှုကြည့်ချင်တာက
တော့လင်ဆရာကတုံးနှင့်ဩဘာ × စိန်စိန်မယားပျိုအားကိုးစရာ ×
လင်လင်မဟာကတုံးစိန်အဖဆရာ × နုပ်မတိမ်ရပါ × ပြည်ရွာအတွင်း
မှာ ကြေညာသတင်းဖြာ × လင်းရှန်းကျက်သရေ × ထွေထွေ
ရောင်ဖြာ × စန်းဝန်း ယုန်သရေ × ငွေဝန်းသော်တာ အလားသို့ ×
တူမကွာ အေးရိပ်ဆာယာ × ရွှေတောင်ကြီးပမာ × မှီးလောက်တဲ့
ကတုံးစိန် ကျွန်နော်မ ဆရာ....."

၁၂၉၁ ခုနှစ် ပြာသိုလဆုတ် ၃ရက်နေ့တွင် ဦးစိန်ကတုံးသည် မုံရွာမြို့၌ ပွဲကရင်း ကွယ်လွန်ခဲ့သည်။ ထိုအခါ ဩဘာစိန်အဖို့ ရွှေတောင်ကြီးပြိုသည့်ပမာသို့ ခိုမှီစရာ ကင်းခဲ့ရသည်။ ကြေကွဲဝမ်းနည်းမဆုံးဖြစ်ခဲ့ရသည်။ ကျေးဇူးရှင် ဆရာသမားအတွက် ငိုကြွေးပူဆွေးခဲ့ရတော့သည်။

"နေရစ်သူနလုံးဗျာပါခစေဖို့
ပြည်ချစ်သူကတုံးဆရာအဖမှာလ
အဆုံးမရဏ ဘဝကိုတဲ့ပြောင်းရှာပြီ။

အသေဆိုးလိုက်ပုံက
လေထိုးသည့်ဝေဒနာနဲ့
တစ်ပြည်တစ်ရွာဇာတ်အကသမားတွေနဲ့ရှင်
သွားတဲ့ခြေ့သည်။
အမုန်ချစ်သူတွေအုံကာပို့ကြသော်လည်း
ကျန်ရစ်သူအကုန်ဗျာပါဆိုအောင်လို့
မုံရွာမြို့ဆိုတဲ့အထက်မြန်မာပြည်
ဆယ့်နှစ်ရာသီအချိန်တွင်ပြာသိုလဆုတ်သုံး။
ညအခါမှာ
ကရာတွင်ရောဂါထရာက
ယောင်ယမ်းကာသြဘာစိန်တရှာသတဲ့
ဆရာသခင်မှာထာဝစဉ်အေးရအောင်
(အစ်ကိုကြီးရေ)ပြေးမြင်လှည့်ဦး"

ဦးစိန်ကဝိုးကွယ်လွန်သောအခါ ကျန်ရစ်ခဲ့သည့်ဇာတ်အဖွဲ့ကြီးကို မင်္ဂလာဦးအောင်မောင်းက ဦးစီးကပြသည်။ ထို့နောက် မင်္ဂလာ အောင်ဘညိုဆက်လက်၍ဦးစီးကပြခဲ့ပြန်သည်။သို့နှင့်သြဘာစိန်သည် ဦးအောင်မောင်း၊အောင်ဘညိုတို့နှင့်တွဲခဲ့ရလေသည်။

မင်္ဂလာအောင်ဘညိုမှာ ငယ်စဉ်က ပညာသင်ဖက် ဖြစ်ခဲ့သဖြင့် တွဲဖက်အလုပ်လုပ်ရသည်မှာသြဘာစိန်အဖို့အဆင်ပြေသည်။စိတ်လက် ချမ်းသာသည်၊ ထို့ကြောင့် အောင်ဘညိုနှင့် ၉နှစ်မျှတွဲခဲ့သည်။ အသက် ၄၃နှစ်ခန့်တွင် အနားယူရန်ကြံစည်နေခိုက် ခင်ပွန်းဖြစ်သူဦးလွန်းမောင် က ကိုယ်ပိုင်ဇာတ်ထောင်ပြန်သဖြင့် ခင်ပွန်းသည်နှင့်အတူ စိတ်တူ

သဘောတူကူညီကပြခဲ့လေသည်။ သို့သော်မကြာခင်ဇာတ်ပျက်သွားပြီး ဦးဖိုးစိန် ဇာတ်အဖွဲ့သို့ နှစ်ဦးစလုံးရောက်ရှိသွားလေသည်။

ဦးဖိုးစိန်နှင့် တွဲဖက်ကပြနေစဉ် ခင်ပွန်းဖြစ်သူ ဦးလွန်းမောင် ရုတ်တရက်ကွယ်လွန်သွားခဲ့သည်။ ဤတွင် ဩဘာစိန်သည် ယူကျုံးမရဖြစ်ကာဦးဖိုးစိန်ဇာတ်မှထွက်၍အနားယူခဲ့သည်။ သို့ရာတွင်ကြာရှည်စွာ အနားမယူနိုင်ရှာဘဲ ဝမ်းရေးအတွက် အမယ်ကြီးအို အောင်စိန်နှင့် အတူတစ်နှစ်တာမျှကပြပြီးနောက်မှ သဘင်အလုပ်ကိုအပြီးပိုင်စွန့်လွှတ်လိုက်တော့သည်။

သဘင်အလုပ်ကို စွန့်လွှတ်ပြီဟု ဆိုသော်လည်း သံယောဇဉ်က မဖြတ်နိုင်သေးသဖြင့် မင်းသားရတနာပုံအေးမောင်၊ ပြည်တော်သန်း တို့ကို ခေါ်ယူ၍ဇာတ်ထောင်ပေးခဲ့သည်။ အခြားဇာတ်အဖွဲ့များမှ သဘင်ပညာနှင့်ပတ်သက်၍ သင်ပြပေးရန် တောင်းပန်လာလျှင်လည်း စိတ်ပါလက်ပါ သင်ပြပေးသည်။ အသက် ၆၃ နှစ်အရွယ်သို့အရောက်တွင်ကား သဘင်အလုပ်ကို ပြည့်ဖုံးကားချကာ အသက်၈၂နှစ်အရွယ် ကွယ်လွန်သည့်အချိန်အထိ တရားဓမ္မနှင့် မွေ့လျော်နေထိုင်ခဲ့ပါသတည်း။

# မင်္ဂလာ ဦးအောင်မောင်း

၁၉၃၇ ခုနှစ်က ဖြစ်သည်။ ဘိုကလေးမြို့ မြစိမ်းရောင် ဘုရားကြီး အနောက်ဘက်ရှိ ကွင်းပြင်ကြီးထဲ၌ မင်္ဂလာဦးအောင်မောင်း ဇာတ်သဘင်အဖွဲ့ကပြလျက်ရှိသည်။ တတိယ နောက်ဆုံးညဖြစ်၍ ပွဲကြည့်ပရိသတ်များပြည့်ကျပ်နေသည်။ နှစ်ပါးသွားထွက်ပေတော့မည်။ မင်္ဂလာဦးအောင်မောင်း၏ အောင်မြင်ခဲ့ညားလှသော အသံဝါကြီးဖြင့် ဟစ်လိုက်မည့် သီချင်းသံကို ပရိသတ်များ နားစွင့်နေကြသည့်အချိန်…။

"တို့မြန်မာ ခေတ်အစဉ်မညှိုးပြီ၊ ရှစ်ပလ္လင်စိုးခဲ့ပါရဲ့ ကုန်းဘောင်နွယ်မှန်သည့်၊ သုံးရောင်ခြယ် အလံတော်ကြီး ကမ္ဘည်းနဲ့ စိုက်ထူမည်…။

မြန်မာကိန်းအညီ၊ အဝါ စိမ်း အနီ၊ အဝါရောင် ရည်ရွယ်ချက်က ဘာသာရယ်၊ သာသနာရယ်၊ ပညာရယ် တိုးလိမ့်မည်၊ အစိမ်းရောင်ဆိုတာက စပါးဆန်ရေ ထွေထွေ ရွှေငွေပေါ်မည်၊ (အနီရောင် မြင်သူ့အသည်းမှာ ရဲစိတ်ရဲမာန် ထက်သန်စေရမည်) ၊ တို့မြန်မာ ကုန်းဘောင်နွယ်မှန်သည့်၊ သုံးရောင်ခြယ် အလံတော်ကြီး ကမ္ဘည်းနဲ့ စိုက်ထူမည်…"

ဟူသော သီချင်းကို ပွဲကြည့်ပရိသတ်များ ကြားကြရသည်။

ထို့ကြောင့် အားလုံးအံ့အားသင့်သွားကြသည်။ ပရိသတ်များ ဖျော်လင့်ထားသည်က တေးဘွဲ့၊တောင်ဘွဲ့၊မယ်ဘွဲ့၊မောင်ဘွဲ့သီချင်း။ ယခုသီဆိုလိုက်သည့် သီချင်းက တို့ဗမာအစည်းအရုံး ဝါဒဖြန့်သည့် "သုံးရောင်ခြယ်သီချင်း"။ ထိုသီချင်းကို ဦးအောင်မောင်း ကဒေါ်မာန် ပါပါနှင့် သုံးရောင်ခြယ်အလံက တဝင့်ဝင့်ဖြင့် သီဆိုပြီးသည့် အဆုံး၌ တစ်ခဲနက်သော လက်ခုပ်ဩဘာသံများ ဆူညံသွားသည်။ ထိုညက ပရိသတ်များ၏တေးဆိုချက်အရပွဲနှစ်ည ထပ်တိုးကပြခဲ့ရသည်။

သုံးရောင်ခြယ် သီချင်းကို ဦးအောင်မောင်း သီဆိုခဲ့ရသည့် အကြောင်းကို ဤနေရာတွင်တင်ပြရန်လိုပေမည်။ ၁၉၃၇ ခုနှစ် မင်းတိုင်ပင် ရွေးကောက်ပွဲတွင် ဖျာပုံခရိုင် အမတ်တစ်နေရာအတွက် တို့ဗမာ အစည်းအရုံးမှအနိုင်ရရန်ကြိုးပမ်းနေကြချိန်ဖြစ်သည်။ တစ်ဖက်အမတ် လောင်းမှာ ဘိုကလေးမြို့မှသူဌေးတစ်ဦး၏ သမက်ဖြစ်သည်။ တို့ဗမာ အစည်းအရုံးမှ အမတ်လောင်းနှင့်ယှဉ်လိုက်လျှင် အဘက်ဘက်က သာလျက်ရှိ၏။ အကယ်၍ ယှဉ်ပြိုင်၍ မဲရွေးကြသော် တို့ဗမာအစည်း အရုံးမှအမတ်လောင်းအဖို့မဲအပြတ်အသတ်ကွာခြားကာ ရှုံးနိမ့်မည်မှာ သေချာလျက်ရှိသည်။ မဲအပြတ်အသတ်ရှုံးပါက တို့ဗမာအစည်းအရုံး၏ သိက္ခာ၊ စည်းရုံးရေးဩဇာကျဆင်းသွားပေတော့မည်။

ဤအချက်ကို တွက်ဆမိသော တို့ဗမာအစည်းအရုံးဝင်များသည် ဘိုကလေးမြို့တွင်လာရောက်ကပြနေသည့်မဂ်လာ ဦးအောင်မောင်းထံ ချဉ်းကပ်၍ သုံးရောင်ခြယ်အလံကိုကိုင်ပြီး၊ သုံးရောင်ခြယ် သီချင်းကို သီဆိုကာတို့ဗမာအစည်းအရုံးဝါဒနှင့်ကိုယ့်မင်းကိုယ့်ချင်းအမတ်လောင်း အတွက် ဝါဒဖြန့်ပေးရန် တောင်းပန်ခဲ့ကြသည်။ ဦးအောင်မောင်းက သုံးရောင်ခြယ်သီချင်းစာရွက်ကိုတောင်းယူထားလိုက်ပြီးတတိယညတွင်

သုံးရောင်ခြယ် အလံကို ပို့ပေးဖို့မှာလိုက်သည်။ သို့နှင့် တတိယညတွင် ဦးအောင်မောင်းထံသို့ သုံးရောင်ခြယ်အလံပို့ပေးလိုက်ကြသည်။

ဤသို့ဖြင့် တတိယညတွင် နစ်ပါးသွား၍ ဦးအောင်မောင်းက သုံးရောင်ခြယ်အလံတဝင့်ဝင့်၊သုံးရောင်ခြယ်သီချင်းကိုအားနှင့်မာန်နှင့် သီဆိုပြီး တို့ဗမာအစည်းအရုံးဝါဒကို ဟောပြောလိုက်ရာ ပရိသတ်တို့ သဘောအကျကြီးကျခဲ့ကြသည်။ တို့ဗမာအစည်းအရုံးဝင် အမတ်လောင်းလည်းရွေးကောက်ပွဲ၌ရှုံးပင်ရှုံးနိမ့်ခဲ့ရသော်လည်း သိပ်ရုပ်ပျက်ဆင်းပျက် မဖြစ်ခဲ့ရချေ။ ဦးအောင်မောင်းသည် ပွဲ ၅ ချီကပြပြီး နောက်တစ်နေ့တွင် တို့ဗမာအစည်းအရုံးသို့ ကိုယ်တိုင်သွားရောက်၍ ရွေးကောက်ပွဲအတွက် ရန်ပုံငွေကျပ်တစ်ရာ လှူဒါန်းခဲ့သည်။

ဦးအောင်မောင်းကြီးကားနယ်ချဲ့ကိုသူတတ်ကျွမ်းရာအနုပညာဖြင့် အခါအခွင့်ကြုံတိုင်းတိုက်ခိုက်ခဲ့သည်မှာ သူ၏အလေ့တစ်ခုပင်။ တစ်ခါက တောင်တွင်းကြီးမြို့ ရွှေအင်းတော်ဘုရားပွဲ၌ ကပြနေစဉ်မြို့ခံ တို့ဗမာ အစည်းအရုံးဝင်များက ရန်ပုံငွေအတွက် အလှူငွေသွားခံရာ ငွေငါးဆယ် ကျပ် ထည့်ဝင်လိုက်သည်။ တစ်ချိန် ကလည်း ဟင်္သာတမြို့တွင် ကပြနေခိုက် ကျောင်းသားသမဂ္ဂသို့ ဗိုလ်အောင်ကျော် သပိတ် သွတ်ရန် ငွေငါးရာကျပ် လှူဒါန်းခဲ့သည်။ ၁၃၀၀ ပြည့်နှစ် ရေနံမြေသပိတ်တပ်ကြီး ရန်ကုန်သို့ ချီတက်လာစဉ်ကလည်း ဦးအောင်မောင်းသည် သူကပြ နေသည့် ကြို့ပင်ကောက်မြို့မှ မင်္ဂလာစည်တော်ရွှမ်းလျက် ကြိုဆို ခဲ့ဖူးသည်။

ထိုခေတ်ကခေတ်ပြိုင် အခြားဇာတ်အဖွဲ့ကြီးတစ်ဖွဲ့မှ "ဂျော့ဘုရင် ရွှေဘုန်း၊ နေတန့်နန်းပမာ" ဟုကောင်းချီးသြဘာပေးနေစဉ်ဦးအောင်မောင်း နှင့် သူ့ဇာတ်စာရေးဆရာ ဦးစံနိုတို့သည် တို့ဗမာအစည်းအရုံးဝင်

သခင်အမည် ခံယူခဲ့ကြသည်။ အခြားဇာတ်ကြီးများက ယူနီယံဂျက် အလံယိမ်း ကပြနေချိန်တွင် ဦးအောင်မောင်းက စင်ပေါ်၌ ရဲရဲတောက် နောက်ခံကားပေါ်ဝယ် သုံးရောင်ခြယ်အလံကိုလွှင့်ထူလျက်ဝန္ဒုလယိမ်း၊ ဓားယိမ်း၊ ဒေါင်းယိမ်းတို့နှင့် တစ်မျိုးတစ်ဖုံ လှုံ့ဆော်ပေးခဲ့ သည်။ နှစ်ပါးသွားထွက်ရာ၌ပင် ဦးအောင်မောင်းသည် ပင်နီစကို ထိုင်မသိမ်း အင်္ကျီလက်တစ်ဖက်၌ ချိုလျက်တစ်ဖက်မှ ဒေါင်းအလံကို ကိုင်ကာ ခြေထိုးကာထွက်ကလေ့ရှိသည်။

ဦးအောင်မောင်းသည် တို့ဗမာအစည်းအရုံးခေတ်၌သာတိုက်ပွဲဝင်ခဲ့သည် မဟုတ်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလ ခေတ်၌လည်းကောင်း၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ငြိမ်းချမ်းရေး တိုက်ပွဲဆင်နွှဲစဉ် ခေတ်ကလည်း ငြိမ်းချမ်းရေးဘက်မှလည်းကောင်း တိုက်ပွဲဝင်ခဲ့ပေသည်။ ဤကားဦးအောင်မောင်း၏ နိုင်ငံရေးလှုပ်ရှားမှု အကျဉ်းမျှသာဖြစ်ပါသည်။ ဆက်လက်၍ ဦးအောင်မောင်း၏ ဘဝ ဇာတ်လမ်းနှင့်အနုပညာစွမ်းရည်ကိုတင်ပြပါဦးမည်။

ဦးအောင်မောင်းကို မကွေးတိုင်း၊ နတ်မောက်မြို့၊ မြို့သစ်နယ်၊ လဲလှရွာနေ အဖဦးနေဒွန်း၊ အမိဒေါ်ငွေဘွင့်တို့မှ ဖွားမြင်ခဲ့သည်။ မွေးချင်း ၇ ယောက်ရှိ၍ ငယ်မည်မှာ မောင်အုန်းမောင်ဖြစ်သည်။ မိဘမျိုးရိုးမှာ တောင်သူမျိုးရိုးဖြစ်ပြီး အနုပညာကို ဝါသနာထုံ၏။ တစ်ခါသော် လူရိုက်မှုဖြစ်သောကြောင့် ဖခင်ဖြစ်သူက ဤသို့ ဆိုးပေမည့်အစား ဝါသနာပါသည့်အလုပ်ကိုလုပ်ပလေ့စေဟူသော သဘောဖြင့်မင်းဘူးမြို့သို့ ကပြရန် ရောက်ရှိလာသော ဦးမာဒင်ကြီး ဇာတ်ထဲသို့ ထည့်လိုက် လေသည်။

ဇာတ်ထဲတွင်ဦးမာဒင်ကြီး၏သားစိန်ကျော်လေးအမည်ဖြင့်မင်းသား ကနေသည်။ စိန်ကျော်လေးမှာ ရုပ်ချောသူဖြစ်၏။ မောင်အုန်းမောင် မှာကား ကိုယ်လုံးကိုယ်ပေါက်ကတုတ်တုတ်နိုင်နိုင်၊ ပါးစပ်က ပြဲပြဲ၊ ရုပ်ရည်ကကြမ်းတမ်းသဖြင့် ထောင်မှူး၊ ပါးကွက်အာဏာသား၊ ဝန်ကြီး၊ မင်းသားကြီးစသည့်နေရာများမှကပြခဲ့ရသည်။ ထို့နောက် "အောင်မောင်း" ဟူသော အမည်ဖြင့် လူရှင်တော်အဖြစ် ကပြခဲ့ရာ လူကြိုက်အလွန် များခဲ့သည်။

၁၀ နှစ်ကျော်မျှဇာတ်ရုပ်မျိုးစုံကပြနေရင်းမင်းသားစိန်ကျော် လေး ကွယ်လွန်လေရာ၊ လူရှင်တော် အောင်မောင်းအား မင်းသားလုပ်ရန် တိုက်တွန်းကြသဖြင့် မင်းသားအောင်ကျော်စိန် ဖြစ်လာခဲ့ရသည်။ သို့သော် ပရိသတ်က အောင်ကျော်စိန်ဟု မခေါ်ဘဲ "အောင်မောင်း" ဟုသာခေါ်ကြသည်။ ထိုအချိန်မှစ၍ မင်းသားအောင်မောင်းဟူသော အမည်ဖြင့်ကျော်ကြားလာခဲ့သည်။

ဦးအောင်မောင်းသည် စိန်ကျော်လေးဇာတ်ကို ၂နှစ်မျှဦးစီး ကပြပြီး ပြည်ခရိုင်၊ ပုတီးကုန်းမြို့မှ ဆန်စက်ပိုင်ရှင်ဒေါ်ဘီဘီက ဇာတ်ထောင် ပေးသဖြင့်ထိုဇာတ်ကိုဦးစီးကပြရပြန်သည်။ အသက်၂၇နှစ်အရွယ်တွင် ကိုယ်ပိုင်ဇာတ် တည်ထောင်လိုက်သည်။ နာမည်ကျော် ဇာတ်စာရေး ဆရာကြီးများဖြစ်ကြသော ဦးစံခို၊ ဦးစိန်ချယ်၊ ဦးချစ်စရာ၊ အင်္ဂပူဆရာဒင် တို့ကိုလက်စွဲပြုလျက်မော်လမြိုင်မှငွေကြင်၊ ငွေခင်၊ ထောင်စွန်းမယ်ကျော့၊ အောင်မြဖြူ၊ သြဘာစိန်၊ လေဘာတီ ခင်ညွန့်၊ ပုဏ္ဏမသိန်းညွန့်၊ မမြညွန့်၊ မစိန်ချစ်၊ တင်ညွန့်စိန်၊ သြဘာရမအေးတင်၊ ခေတ္တရာသောင်း၊ ဗလပြန်စသော မင်းသမီးများနှင့် တွဲဖက်ခဲ့သည်။ ဆိုင်းအဖွဲ့မှာ ထိုခေတ် က နာမည်ကျော် ရွှေတိုင်ညွန့် ဦးအေးမောင်ဆိုင်းအဖွဲ့ ဖြစ်သည်။

နောင်အခါ အလင်္ကာကျော်စွာ ရွာစားကြီး ဦးဟန်ပ၊ အလင်္ကာကျော်စွာ ရွာစားကြီးဦးဘမောင်တို့၏ဆိုင်းအဖွဲ့များနှင့်လည်းတွဲဖက်ခဲ့ဖူးသည်။

ဦးအောင်မောင်းမှာ ထူးချွန်ထက်မြက်သော အနုပညာရှင်ပီပီ ကိုယ့်မူကိုယ့်ဟန်နှင့် နာမည်ကျော်အောင် ကြိုးစားခဲ့ပေသည်။မြန်မာ့ ဇာတ်သဘင် အကပညာတွင် ကိုယ်ပိုင်မူဟူ၍ တီထွင်နိုင်သူများမှာ ဦးစိန်ကတုံးနှင့် ဦးရာပြတ်တို့သာ ရှိသည်ဟူ၍ ပြောစမှတ်ရှိရာ ဦးအောင်မောင်းကိုပါထည့်သွင်းရမည်ဖြစ်သည်။အဘယ်ကြောင့်ဆိုသော် ဦးအောင်မောင်းသည် "အောင်မောင်းခြေထိုးအက "ကိုတီထွင် ကပြ နိုင်ခြင်းကြောင့်ပင်ဖြစ်သည်။အသက်၃၀ကျော်အရွယ်ပျော်ဘွယ်မြို့တွင် ကပြစဉ် ဦးအောင်မောင်းသည် ခြေထိုးအကကို ပိုင်နိုင်စွာက၍ ခြေထောက်ကို အရှိန်သတ်လိုက်ရာ ပရိသတ်များက "တောင့်ထားကွ အောင်မောင်း "ဟု ဩဘာပေးရာမှ အစပြုပြီး မြန်မာ့ဝေါဟာရတွင် "တောင့်ထားကွအောင်မောင်း "ဟူသော ဝေါဟာရတစ်လုံးတွင် ကျန်ရစ်ခဲ့သည်။

စကားအလျဉ်းသင့်၍ ဦးအောင်မောင်း၏ ခြေထိုးအက အကြောင်းကိုပြောပြပါဦးမည်။ ဦးအောင်မောင်းသည် ဖိနပ်တွင် ဘီး၊ စက်သီးတစ်ခုမျှ မပါဘဲ လျှောခနဲခြေထိုးပြီး၊ ဇာတ်ခုံအစွန်းအရောက်တွင် ခြေထောက်၍ ရပ်လိုက်သည်။ ဤသို့ရပ်လိုက်ရာတွင် ကသည့်ပုံမပျက်၊ ကြောက်လန့် ဟန်လည်းမပျက်၊ ခြေတစ်ဖက်တည်းနှင့်ပင် ထောင့်တန်းကြက်ခြေခတ် ခြင်း၊ ရှေ့ထိုးခြင်း၊ ဇာတ်ခုံကိုဝိုင်း၍ထိုးခြင်း၊ ဖိနပ်ဦးနှင့် ဇာတ်ခုံထိပ်ကို ထိကာခြေဖျားထောက်ပြီးမှ ဖနောင့်ချလိုက်ခြင်းတို့သည် ဦးအောင်မောင်း ၏ ခြေထိုးအကပင် ဖြစ်သည်။ တစ်ခါတစ်ရံ ရိုးရိုးမကဘဲ မင်းသမီး

တစ်လက်ကို ချိုပွေ့လျက် လျှောခနဲ ခြေထိုးကပြတတ်ရာ အံ့မခန်း ဖြစ်ရသည်နှင့်အမျှအလွန်လှပသောကကွက်ဖြစ်သည်။

ဦးအောင်မောင်း ခြေထိုးအက ကပြရာတွင် "မေတ္တာတရားကို × ပွားများကာပဆို × (တောင့်ထားချို)၂ မင်္ဂလာဦးအောင်မောင်းကဆို" ဟူသော ဝါးလတ်သီချင်းဖြင့် ကပြလေ့ရှိကြောင်း အလင်္ကာကျော်စွာ ရွှေစားကြီး ဦးဘမောင်က ပြောပြခဲ့ဖူးသည်။ ဦးအောင်မောင်း၏ ခြေထိုးအက နာမည်ကျော်ကြားလာသောအခါ လူထုနှုတ်ဖျား၌ရေပန်းစားလာသည်။ နောင်အခါတွင် "ခြေထိုး" ဟူသော ဝေါဟာရကို တစ်ဦးနှင့်တစ်ဦး အကြား စိတ်ဝမ်းကွဲပြားအောင် ပြုလုပ်သည့် အဓိပ္ပာယ် သက်ရောက်သည့် နေရာ၌ အသုံးပြုလာကြသဖြင့် ဦးအောင်မောင်းက "တမန်တော်အက" ဟု နာမည်ပြောင်းပစ်လိုက်သည်။

ဦးအောင်မောင်း ကပြခဲ့သော ဇာတ်ထုပ်များမှာ ပဒုမပေါင်တို၊ ပန်းပဲမောင်တင့်တယ်၊ ရှင်မွေးလွန်း မင်းနန္ဒာ၊ သုဓန၊ ယောရှဝ၊ ဝိဇယ၊ သီလဝတီမောင်နန္ဒီ၊ တာနောယက္ခ၊ မဓာဝီ၊ ဆင်ကဲဘို့မယ်၊ မဟာဒုက်၊ ပဒကုသလ၊ ဏ္ဍလိသဒ္ဒိစိတ္တစသော ဇာတ်ထုပ်များဖြစ်သည်။ ယင်းဇာတ်ထုပ်များအနက် ပန်းပဲ မောင်တင့်တယ်၊ ပဒုမပေါင်တိုနှင့် ရှင်မွေးလွန်း မင်းနန္ဒာ ဇာတ်ထုပ်များမှာကား ဦးအောင်မောင်း၏ အကျော်ကြားဆုံး အအောင်မြင်ဆုံး အကောင်းဆုံး ဇာတ်ထုပ်များပင် ဖြစ်သည်။

ပန်းပဲမောင်တင့်တယ်ဇာတ်တွင် မောင်တင့်တယ်က မဟာမြိုင်တောကြီးအတွင်းမှ မီးသွေးဖုတ်ပြီးပြန်အလာ၊ သူချစ်လှသော နမကလေး ဒွေးဖြူနှင့် မြတ်လှတို့တွက် ပန်း၊ သစ်သီးတွေ၊ သနပ်ခါးတွေ ထမ်းပိုးလာခဲ့သည်။ ဤသို့လာရင်း နမကလေး တွေကို မည်မျှ ချစ်ခင်ကြင်နာကြောင်း၊ အလိုလိုက်အကြိုက်ဆောင်ကာ ယုယတွယ်တာခဲ့

ကြောင်းသည်လက်ဆောင်ပစ္စည်းတွေမြင်လျှင် မည်မျှဝမ်းသာလိမ့်မည်လဲဟုတွေး၍ပျော်မိကြောင်း ပြောကာ...

"ရောက်သီးအချိုကိုဟယ်၊ နစ်ယောက်သမီးအပျိုသူတို့မြည်းရန်ဖို့ မောင်ကြီးမှာ ကာသီကရီဆောင်ခဲ့ရပါပြီ၊ မလျှိုတောင် တောဝနာထွက်ပါတဲ့၊ ဩဇာသရက်တွေကိုစား" ဟု ဆိုလိုက်လျှင်ပင် ပွဲကြည့်ပရိသတ်များအဖို့ သူ့ခများ နမကလေးကို ဘုရင်ကောက်ယူသွားတာ မသိရှာလေခြင်းဟု ကရုဏာသက်နေကြရသည်။

အိမ်သို့ရောက်လျှင် ဖခင်ဖြစ်သူက ဆီးကြို၍ "မင်းနမကလေးမြတ်လှကို ဘုရင်ကမိဖုရားမြှောက်ဖို့ကောက်တော်မူသွားပြီ သားရဲ့" ဟု ပြောလိုက်ရာ၊ မောင်တင့်တယ်အဖြစ် သရုပ်ဆောင်သည့်ဦးအောင်မောင်း၏ ရင်ထဲမှာဆို့တက်လာပြီး "ဟယ်" ဟု ပါးစပ်မှ ထွက်ပေါ် လာသည့်စကားတစ်လုံးမှာ တကယ့်ကို ရင်ထဲအသည်းထဲမှ ထွက်ပေါ်လာခြင်းဖြစ်ရာ ပွဲကြည့်ပရိသတ်များ၏ ရင်ထဲ၌ နင့်၍သွားရသည်။ ထို့နောက်မှ "ရေဝေးတဲ့ကြာ ပဒုံ၊ မီးပုံလို့မြိုက်သည့်နယ်၊ အရှိက်မှာ တစ်ဖေ ပူရချည့် (အမယ်လေး) ရေယူလို့လောင်းပါဦးအဖေရဲ့" ဟု မျက်ရည်စံထိုးပြီး...

"မင်းတရားစိန်ရယ်... စဉ်းစားလို့ ချိန်ပါ၊ ဒီလောက် အပိုမဝင့်သင့်ပါဘု၊ ဆံတောက်အတို ကလေးပင့် သူကမှ၊ ဘုရင်ရာဇာကြံတတ်ပါပေရဲ့ ဟော... မင်းတရားစိန်ရဲ့ (အမယ်လေး) တင့်တယ်နဲ့တော့ ကမ္ဘာ ရန်မအေး..." ဟု ငို ချလိုက်ပါသည်။

ဦးအောင်မောင်းကြီး ဒေါသသံဖြင့် ငိုချလိုက်သော ငိုချင်းမှာ အလွန်ထိမိလှသောငိုချင်းဖြစ်ရကား ပရိသတ်လည်း မနေနိုင်တော့ဘဲ သူနှင့်အတူရော၍ငိုကြရလေသည်။

ရှင်မွေးလွန်း မင်းနန္ဒာဇာတ်တွင် မင်းနန္ဒာမင်းသားအဖြစ် သရုပ်ဆောင်ရာ ချစ်သူနှင့်တွေ့ရန်အလုပြင်ဆင်ပုံ၊ အထည်ရွေးချယ်ပုံ၊ လူပျိုတော်သားတွေကိုချစ်သူပမာထား၍လူပျိုစကားပြောပုံတို့မှာပရိသတ်ကို တသောသော ရွှင်မြူးစေခဲ့သည်။ လွမ်းခန်းသို့ရောက်သော အခါ၌ကား ပရိသတ်များမျက်ရည်မဆည်နိုင်အောင် သဘင်ပညာ အစွမ်းပြခဲ့သည်။ ငမိုးရိပ်မိကျောင်း ပါးစပ်ထဲမှ အန်ထွက် လာသော မင်းနန္ဒာမင်းသားမှာ အသက်ကလေးမြော့မြော့နှင့်သေရတော့မည်ဖြစ်ရာ ချစ်သူရှင်မွေးလွန်း အား မှာကြားပေးရန်၊ ခမည်းတော်အပေါ် အပြစ်ရှိသမျှ ခွင့်လွှတ်ရန် ပြောပြီး - - -

"အချစ်ထူးလို့မှာမယ်၊ သစ္စာဦးဟာ နဂိုကြွင်ခဲ့တာမို့၊ ဟိုတညင် သုသာန်ကျေးဆီသို့၊ စာရေးကာ အမြန်မှာလိုက်ပါတော့၊ နန္ဒာ သေကြောင်း။

မနေရပြီဟု၊ ပြည်မရဇာ တကယ်စံပေါ့လို့၊ နွယ်သဟန် ဦးတင် လို့ ကန်တော့ပါရဲ့ မှားသမျှအရာရာ၊ သားရတနာက ကန်တော့လို့ရယ် (အမယ်လေး) လားရာပေါ့ တမလွန်ရွာပြောင်း ... " ဟူသော ငိုချင်းမှာပွဲကြည့်သူတို့ လွမ်းမိုးဇွေစေခဲ့ပါသည်။

ယင်းဇာတ်ထုပ်ကို ၁၉၆၀ ပြည့်နှစ်တွင် ရုပ်ရှင်ရိုက်ကူးခဲ့သည်။

ဦးအောင်မောင်း၏ နာမည်ကြီးပဒုမပေါင်တိုဇာတ်တွင် သူ၏ အောင်မြင်ခဲ့သားလှသော အသံဝါကြီးဖြင့် ဟစ်လိုက်သည့်...

"မဟာပဒုမမှာလေ ... ဘဂဝါဆုပန်ကာ၊ သေမှာမကြောက်ပါဘု၊ ရေဆာလျှင် သောက်ရအောင် စိန်ဓားမြှောင်အလွယ်နဲ့၊ တစ်ကြိမ် မရှောင် သကွယ် ခန္ဓာဆုံးပါစေတော့၊ ညာရုံးတော်ခင်း..." ဟူသော ငိုချင်းသည် ပရိသတ်တို့၏နှုတ်ဖျား၌ ယနေ့တိုင်စွဲလမ်းကျန်ရစ် နေဆဲဖြစ်သည်။

မင်းသမီး ခေတ္တရာသောင်းနှင့် တွဲဖက်စဉ်က ကပြခဲ့သော "သီလဝတီ မောင်နန္ဒီ" ဇာတ်ထုပ်မှာလည်း ပွဲကြည့်တို့အထူးနှစ်ခြိုက်ခဲ့သော ဇာတ်ထုပ်ပင်ဖြစ်သည်။ မယ်မိစ္ဆာ၏ ခင်ပွန်းသီလဝတီ၏အစ်ကိုအဖြစ် သရုပ်ဆောင်ကပြခဲ့ရာ မယားဖြစ်သူ မယ်မိစ္ဆာတိုက်သော သစ္စာရေကို သောက်မိပြီး၊ မိမိ၏နမဖြစ်သူအား သတ်ရမည့်အခန်းတွင်...

"ဩော် - - - - ရှေးတိုးထမ်းပိုး၊ နောက်ဆုတ်တော့ လှည်းထုတ်၊ မြချုပ်ကာ သစ္စာဆိုမိပေ့ါ၊ လုစ်ဝစနာပိုကာ နှုတ်စကား တစ်ခု အတွက် ကယ်ကြောင့် (အမယ်လေး) ကျုပ်ဘုရား ဆုပျက်ရ တော့မှာပါလား" ဟူ၍မျက်ရည်ခံထိုးပြီးနောက်...

" ဘုရားဆုပန်ပါတယ်၊ မတရားမှုကြံကာ မိစ္ဆာမယားရယ်က၊ ထိတ်စရာစကားရယ်ညီမငယ်ကိုသတ်ရမယ်တဲ့မအေပ်လေခြား"

သစ္စာတွေ ထားမိတာကိုဟဲ့၊ ချစ်ရာတဲ့ မယားရယ် မတော်တာ ကြံကာသိမှုမသမာတဲ့တရားရယ်ကြောင့် (အမယ်လေး) ကတိပြုခဲ့တာ တွေမှား..." အစရှိသည့်ငိုချင်းများမှာ လွန်စွာထိမိလှသည်။

ဦးအောင်မောင်းသည် လွမ်းခန်းတွင် အခြား မင်းသားများကဲ့သို့ ငိုချင်းရှည်ဆို၍ မလွမ်း၊ လက်ခုပ် ကလေးတီး၍ မလွမ်းပါ။ သူက ခါးတောင်းကျိုက်ပြီး ဓားနှင့်လေးခင်းနှင့် အလောင်းပိုက်ကာလွမ်းသည့် မင်းသားမျိုးဖြစ်သည်။ ဦးအောင်မောင်းကပြခဲ့သော "ရင်သွေးတော်" ဇာတ်တွင်ဦးအောင်မောင်းက ဖခင်ကြီးအဖြစ် သရုပ်ဆောင်သည်။ သမီးဖြစ်သူ မသိန်းရွှေမှာ မောင်နောင်ဆိုသူနှင့် အိမ်ထောင်ကျနေသည်၊ မောင်နောင်ကား ရှင်ဘုရင်ဖြစ်သော်လည်း ရုပ်ဖျက်ကာ ဆင်းရဲသား ယောင်ဆောင်လျက် မသိန်းရွှေနှင့် လာရောက်ပေါင်းသင်းနေခြင်း ဖြစ်သည်။

ဖခင်က သဘောမကျသော်လည်း သမီးဖြစ်သူနှစ်သက်သဖြင့် ပေးစားထားသည်။ တစ်နေ့ တိုင်းပြည်ကလာခေါ်သဖြင့် ဇနီးဖြစ်သူ မသိန်းရွှေနှင့် ကလေးကိုထားရစ်ကာ ပြန်လိုက်သွားသည်။ ဤအခန်းတွင် ကလေးတစ်ယောက်နှင့်ပူဆွေးသောကရောက်ရသူ သမီးအတွက် မချိတင်ကဲဖြစ်ရပုံကို ဦးအောင်မောင်းက ပရိသတ်ရင်နင့်အောင် အောက်ပါအတိုင်းဖမ်းစားခဲ့ပေသည်။

"အိမ်လဲ တယ်တိတ်ဆိတ်ပါလား၊ မောင်နောင် ဘယ်များသွားပါလိမ့်၊ ဒင်းတို့အတွက် သံယောဇဉ် မီးကြီးနေတော့တာပဲ၊ ဟဲ့ သမီးသိန်းရွှေ"

"ဩော် - - - အဖေ သမီး ရှိပါတယ်၊ ဘယ်မှ မသွားပါဘူး"

"ကိုယ့်ကိုယ်ကို နေကောင်းအောင် ကြည့်နေပေါ့၊ နှမ်းထုပ်ကလေးများကော ရှုရဲ့လား၊ ညော် မခံနဲ့၊ နင်တို့ မီးနေသည်ဆိုတာ သင်္ချိုင်းတစ်နေ့ မျက်စောင်းသုံးကြိမ်ထိုးသတဲ့၊ မပေါ့နဲ့ကြားလား၊ ဩော် - ဒါထက် မောင်နောင်ရဲ့အသံလဲမကြားပါလား၊ ဘယ်သွားသလဲ၊ သားမယား နေထိုင်မကောင်းရင် အနားက မခွာဘဲ ပြုစုရတယ်၊ဟ...ဘယ်သွားသလဲဟေ"

"အဖေ ကိုနောင်မရှိတော့ဘူးအဖေရဲ့" (မဲ့ရင်း)

"အမယ်လေး သေပလား၊ အို - - -မောင်နောင်ရဲ့"

"မဟုတ်ဘူးအဖေရဲ့ထွက်သွားပြီ"

"လန့်လိုက်တာ ဟယ်၊ နင်ဟာက မရှိတော့ဘူးဆိုတော့သေသလိုကိုး၊ လူစကားလဲနားမလည် ပါးမလည်နဲ့ ဒါများ ငိုရသလား၊ နင်တို့ လင်မယား ရန်ဖြစ်သလား၊ လင်ဆိုတာတဏှာကျွန်ဟ၊ ချော့ရတယ်၊ နင်က အိမ်အပြန် မိုးချုပ်ရမလားလို့ ဘာလဲတော့

ညာလဲတော့နဲ့ ရန်ထောင်တယ် မှတ်တယ်၊ နင်ညက ကိုးလိုး ကန့်လန့်များလုပ်သလားပြောစမ်း"

"ဘာမှ မဖြစ်ရပါဘူး အဖေရယ်"

"နို့ ဘယ်သွားသလဲ"

"မသိဘူး အဖေရဲ့၊ နံနက်၄နာရီလောက်က ထွက်သွားတာ"

"အမယ်လေး…ဒါဝိုစရာလားသမီးရယ်၊ သောက်ကျိုးနည်းလင်က လဲချစ်တတ်လိုက်တာလွန်လို့၊ ငါ့အတိုင်း ပဲ၊ ဟိုအိမ် သည် အိမ် သွားနေမှာ ပေါ့ဟဲ့"

"မဟုတ်ဘူး အဖေရဲ့"

"နို့နင်ဟာ ဘာတုန်း"

"မသိဘူး အဖေရဲ့ ဟောဒီမှာ စာ"

"မှန်း. ဘာစာလဲ၊ မတူမတန်ခြင်းကြောင့် ထွက်သွားပြီ မောင်နောင် တဲ့"

"ဟဲ့…သိန်းရွှေလာစမ်း၊ မဝိုနဲ့ အဖေမေးတာမှန်မှန်ပြော၊ နင့်လင်ဟာ ဘယ်မြို့သားလဲ"

"ဒါကတော့ သမီး မမေးမိဘူး အဖေရဲ့"

"ဘာသာကတော့ ဘယ်ဘာသာ ကိုးကွယ်သလဲ"

"ဒါလဲ မသိဘူး အဖေရဲ့"

"မျိုးရိုးလဲ မသိ၊ ဇာတိလဲ မမေး၊ ဘာအယူ ဘယ် ဘာသာ ကိုးကွယ် မှန်းလဲ မပြောနိုင်၊ ခေတ်ကိုက ပြီးလဲပြီးရောဆိုပြီး ကြိုက်လိုက် ကြတာပဲ၊ နင်အမေးရိုးတဲ့ခေတ်"

(ဦးအောင်မောင်းက ဒီသံပါကြီးနှင့်ဆဲတော့သည်)

"ဟိုတုန်းက ဘုရင့်အပါးမှာ အာဏာဝန် ငသိုင်းပါ၊ ခုမှ ခရမ်းသီးပိန် ဓားတုံးမို့ခံရတယ်၊ ငါ့သမီး မတူမတန်ရအောင် သင်းက ဘာကောင်မို့တုန်း" ဟုပြောပြီးမောင်နောင်၏ တစ္ဆက်ကလေးကို ဆုတ်ဖြဲပြီး ထွီထွမ်နှင့် ထွေးပြီး လွှင့်ပစ်လိုက်ပါသည်။ ထို့နောက်မှ...

"သိန်းရွှေလာခဲ့စမ်း၊ တုတ်ကောက်ခဲ့"

"နင့်ကို ဒီလင် ငါပေးစားတာလားဟင်၊ တိတ်... မငိုနဲ့၊ သွားနင်ပါ အိမ်မနေနဲ့၊ တို့အမျိုးထဲလင်ပစ် မျိုးမရှိဘူး၊ သွား ခုဆင်းသွား၊ နင့်မျက်နှာ ငါမကြည့်ချင်ဘူး... သွား" ဟုဆိုကာ တုတ်တစ်ချောင်းနှင့် ရိုက်မောင်းပုတ်မောင်းထလုပ်သည်။ သမီးကအဖေကိုကြောက်ရွံ့ ရှိသောသဖြင့် ကလေးပိုက်ပြီး အိမ်ပေါ် ကဆင်းရန်ပြင်သည်၊ အိမ်ပေါ်ကဆင်းရန် တစ်လှမ်းချင်း ဆုတ်နေစဉ်

"သွား... နင့်မကြည့်ချင်ဘူးဟာ" ဟုဆိုပြီး... "မကြည့်ချင်ဘူးလို့သတိ ဆင်ကာ နင်ပေးမယ့်၊ အမယ်လေး အဖေ ဝါးတရိုက်မှ မခွဲနိုင်ဘူး သမီးရဲ့" ဆိုပြီး ငိုပါသည်။

သမီးကလေး မိတဆိုးကို လင်က သားတစ်ကောင်နှင့် ပစ်သွားသဖြင့် ဒေါသဖြစ်နေရသော ဖခင်၏သောက၊ ဖခင်၏ အပူကို ပရိသတ် ရင်ထဲဆို့နင့်လာအောင် သူစွမ်းဆောင်နိုင် သည်။

"မသွားနဲ့ သမီး၊ မငိုနဲ့၊ အဖေလုပ်ကိုင်ကျွေးမယ်၊ ဘာမှအားမငယ်နဲ့၊ ကလေးတစ်ယောက်နဲ့ အစ်မချင်း မစာနာ၊ နှမချင်းမစာနာ လုပ်ရက်တယ်၊ ခုတော့ လင်ပစ်မုဆိုးမဗျာ"

"လင်ပစ် မုဆိုးမဆိုတာ အနေခက်တယ်နော် သမီး၊ ဟိုအိမ် သည်အိမ် သွားလည်တာအစ မလည်နဲ့၊ သနပ်ခါး လိမ်းတာတောင် ထူထူ မလိမ်းနဲ့တော့၊ မနေနိုင်လို့ အသားပူရင် ရေကျဲကလေးလိမ်း၊ သနပ်ခါး

ဖုန်ဖုန်လိမ်းရင် "ကြည့်လေ...လင်ပစ်မလင်ထောင်နေပြန်ပြီ" လို့ပြောကြလိမ့်မယ်"

(ငိုချင်း) "အစဉ်သိဖို့မှာမယ်၊ လင်မရှိတဲ့အခါ အိမ်ရှိသရွေ့မသွားလေနဲ့၊ သံယောဇဉ်တားလိုလူမသူတော်တွေက၊ သူကျော်ငါနင်း"

(စကားပြော) "ဘယ်သူကျော်ကျော်၊ ဘယ်သူနင်းနင်း၊ ဘယ်သာသနာပိုင်ကမှ မတားနိုင်ဘူး၊ နင်တို့လင်ပစ်မုဆိုးမများအဲဒီ သံယောဇဉ်တားလိုပဲ"

(ငိုချင်းပြန်ဆက်) "စကားသိဖို့ အဖေသင်ခဲ့မယ်၊ မယားရှိတဲ့လင်ကိုစကားလက်ခံမပြောလေနဲ့တော့..."

(စကားပြောပြန်ဆက်) "မယားရှိတဲ့ လင်ပဲဆိုပြီး ကိုယ်ကတော့ စိတ်ချလို့ ရိုးရိုးသားသားနဲ့ မောင်ကြီးရယ် ကျွန်မအိမ်ကလေး အမိုးကူမိုးပေးပါ၊ ကွမ်းစားပါဦး၊ ဆေးလိပ်သောက်ပါဦးလို့ အားကိုးတစ်ခုပြုပြီးတစ်စုံတစ်ခု ခိုင်းမိပါရော၊ ဟော...မယားလုပ်သူက ဝေါက်ခနဲ ထလိုက်လာပြီး တော်က ဒီအိမ်သွားသွားနေတာ ကျုပ်မသိဘူးမှတ်သလား၊ ဒီကောင်မက လင်ရှိတာမဟုတ်ဘူး၊ အဲဒီတော့ တွေ့ရာကို လင်ထောင်နေတာ" လို့ အပြောခံရမယ် သမီးရဲ့ ဒါကြောင့် –

(ငိုချင်းပြန်ဆက်) "မယားရှိတဲ့လင်ကို စကားလက်ခံလို့ မပြောလေနဲ့တော့၊ မနာလိုသူတွေငဲ့သမီးကြာနိုတယ်

လို့ ပြောကြပါလိမ့် (အမယ်မင်း) လောက
အတင်း" ဟု ငိုချင်းချသည်။

ဦးအောင်မောင်းကြီးကား သဘင်ပညာ၌ လာဘ်မြင်သူ ဖြစ်သည့် အတိုင်း ပြည်သူတို့နေ့စဉ်သုံးနေကြသော အရပ်စကား ဈေးစကားတို့ ဝဝဝေဆာဆာ ပြောတတ်သူဖြစ်သည်။ ထိုသို့သော စကားလုံးများကပင် ပရိသတ်ကို ဖမ်းစားနိုင်ခဲ့ခြင်း ဖြစ်သည်။ ဦးအောင်မောင်းနှင့် တွဲဖက် ကပြခဲ့သော မင်းသမီးကြီး ဗလပြန်ကမှု သူတွဲခဲ့ရသော မင်းသား များအနက် ဦးအောင်မောင်းမှာ သဘင်ပညာ အတော်ဆုံး အပြည့်ဝဆုံး ဖြစ်ကြောင်း ဤစာရေးသူနှင့်တွေ့ဆုံစဉ်က ပြောပြခဲ့သည်။

ထိုသို့သော အရည်အချင်းများကြောင့်ပင် ၁၉၅၆ ခုနှစ်တွင် နိုင်ငံ တော် အစိုးရက မဂ်လာ ဦးအောင်မောင်းအား ဝဏ္ဏကျော်ထင်ဘွဲ့ ပေးအပ် ချီးမြှင့်ခဲ့ခြင်းဖြစ်ပေသည်။

ဦးအောင်မောင်းသည်မြန်မာ့ဇာတ်သဘင်လောကမှမင်းသားများ အနက် အထူးခြားဆုံးသော မင်းသားတစ်လက်ဖြစ်ကြောင်း တင်ပြရန် လိုပေဦးမည်။ ၁၂၉၂ ခုနှစ်၊ ပဲခူးငလျင်ကြီးလှုပ်စဉ် ပဲခူးဘုရားပွဲတော်၌ ဦးအောင်မောင်းကပြနေရာ၊ မြင်းစီးစက်ကြိုးစီးနေခိုက် ငလျင်ကြီး လှုပ်ရာ အခြားဇာတ်ရုံများပြိုလဲ ပျက်စီးသော်လည်း ဦးအောင်မောင်း၏ ဇာတ်ရုံမှာ ဘာမှမဖြစ်ဘဲ ရှိနေသဖြင့် " ကပ်ကျော်အောင်မောင်း" ဟု အမည်တွင်ခဲ့သေးသည်။

ဇာတ်မင်းသားများထဲတွင် မဟာတ်မခံ သဗ္ဗဲရှိသူ၊ လူမိုက်ကို စိန် ခေါ်ရဲသူကို ပြပါဆိုလျှင် ဦးအောင်မောင်းကိုပင် ပြရမည်ဖြစ်သည်။ စစ်မဖြစ်မီကာလက ဇာတ်သဘင်ပညာရှင်များသည် လူမိုက်များ၏ရန်ကို ရှောင်ရှားရင်း၊ ဒေသခံလူမိုက်များကို ချော့၍ ပေါင်းသင်းတတ်မှ ဇာတ်

ကပြခွင့်ရသောခေတ်ဖြစ်သည်။ ဤသို့သောခေတ်မျိုး၌ပင်ဦးအောင်မောင်းသည် ရောက်လေရာ မြို့ရွာဒေသတိုင်း၌ လူမိုက်များ၏ ကတုံးပေါ် ထိပ်ကွက်ခြင်း မခံရအောင် သတ္တိစွမ်းပြသနိုင်ခဲ့ပေသည်။

မြစ်ဝကျွန်းပေါ် ဒေသတစ်ခုတွင် နာမည်ကြီး လူမိုက်တစ်စု ကြီးစိုးနေချိန်ဖြစ်သည်။ ဦးအောင်မောင်းသည် ရုံဝ၌လက်မှတ်သိမ်းနေသည်။ မျက်နှာသုတ်ပဝါ ခေါင်းပေါင်းပြီး ရုပ်ဖျက်ထားသဖြင့် ဦးအောင်မောင်း မှန်းမသိချေ။ မကြာမီမှာပင် လူမိုက်ခေါင်းဆောင်သည် နောက်လိုက် နောက်ပါ အိမ်သူအိမ်သားတပည့်လက်သားစုံလင်စွာနှင့် ပွဲကြည့်ရန် ရောက်ရှိလာသည်။ ဦးအောင်မောင်းက ရုံဝင်လက်မှတ်တောင်းသော အခါ လူမိုက်ကသူ့ နာမည်ကိုပြောသည်။ ထိုတွင် ဦးအောင်မောင်းက လူမိုက်ခေါင်းဆောင်နှင့်အိမ်သားများကိုမူဝင်ခွင့်ပြုပါမည်။ နောက်လိုက် နောက်ပါများအတွက်မူ လက်မှတ်ပါမှ ဝင်ခွင့်ပြုနိုင်ပါမည်ဟု ပြောရာ လူမိုက်အဖွဲ့မှာ မကျေမနပ်နှင့်ပြန်သွားကြတော့သည်။

တစ်ကြိမ်ကလည်း အထက်မြန်မာပြည်ရှိ ရွာကြီးတစ်ရွာတွင် ကပြနေစဉ် နေ့လယ်ဘက်၌ ထိုရွာမှ မျက်နှာကြီး သူဌေးသားတစ်ဦးက ဦးအောင်မောင်းတို့ဇာတ်အဖွဲ့မှမင်းသမီးတစ်ဦးကိုလာရောက်စော်ကား သဖြင့် ဇာတ်သမားတစ်ယောက်က မခံမရပ်နိုင်ဖြစ်ကာ ရိုက်လွှတ်လိုက် သည်။ သူဌေးသားဦးဆောင်ကာ ရွာလုံးကျွတ်လာ၍ဇာတ်ရုံကိုဝိုင်းသည်။ သို့သော် ဦးအောင်မောင်းသည် အလျှော့မပေးဘဲ တစ်ရွာလုံးနှင့် တစ်ယောက်ဆိုသလိုပြန်၍ခံချလေသည်။

ဒုတိယကမ္ဘာစစ်ဖြစ်ခါစတွင် ခေတ်ပျက်သဖြင့် မြစ်ဝကျွန်းပေါ် ဒေသဘက်သို့ ထွက်ပြေးခိုလှုံနေရာ ပစ္စည်းအားလုံး ဓားပြတိုက်ခံရ သည်။ သက်ဆိုင်ရာ အုပ်ချုပ်သူများကို တိုင်ကြားသော်လည်း မည်သို့မျှ

အကြောင်းမထူးသဖြင့်ဦးအောင်မောင်းသည်သူ၏ပစ္စည်းများကိုသူကိုယ်တိုင် တိုက်ယူခဲ့ဖူးသည်။ ဤကား ဦးအောင်မောင်း၏ သူမတူအောင်ထူးခြားလှသော သတ္တိနှင့်တကယ့်အဖြစ်အပျက် များပါတည်း။

စစ်မဖြစ်မီကာလက ဦးအောင်မောင်း၏နာမည်ကြီး ဇာတ်ထုပ်များဖြစ်သည့် ပဒုမပေါင်တို၊ ပဒကုသလ၊ ပန်းပဲမောင်တင့်တယ်၊ ယောရဂ၊ ဝိဇယ၊ ဣလိသသဒ္ဒိစိတ္တ၊ သုမနစသည်တို့ကို မင်းသမီး ပဲခူးမြနှင့် တွဲကာ ဓာတ်ပြားသွင်းခဲ့သည်။ စစ်ပြီးခေတ်ပြဇာတ်များ ခေတ်စားနေချိန်တွင် နေသူရိန်ရုံ၌ "ရင်သွေးတော်" ရာဇဝင် ပြဇာတ်ကို တင်ဆက်ကပြခဲ့ရာ ခေတ်ပြဇာတ်များနှင့် ယှဉ်၍အောင်မြင်မှုရရှိခဲ့လေသည်။

ဇာတ်သဘင်လောကတွင် အောင်မြင်ကျော်ကြားစဲဖြစ်သော ဦးအောင်မောင်းသည် ရုတ်တရက် ရဟန်းဘောင်သို့ ကူးပြောင်းသွားခဲ့သည်။ ရန်ကုန်မြို့ ဗားကရာ ကျောင်းတိုက်၊ ကေတုမတီမဟာသိပ္ပံကျောင်းဆရာတော်ဦးပဏ္ဍိတကိုဥပဇ္ဈာယ်ပြု၍ဦးသြဘာသအမည်ဖြင့် ရဟန်းဝတ်ခဲ့သည်။ ရန်ကုန်၊ မန္တလေးနှင့် အိမ်မဲမြို့များတွင် လှည့်လည်သီတင်းသုံးကာ တရားဓမ္မများ ဟောကြားခဲ့သည်။

ရဟန်းဘောင်တွင်ခြောက်နှစ်မျှကြာပြီးနောက် မိသားစုအရေးကိုငဲ့ကာ ဇာတ်ပြန်ကခဲ့ပြန်သည်။ ဦးစွာ တပည့်ဖြစ်သူ မင်္ဂလာသိန်းအောင်ဇာတ်အဖွဲ့၌နှစ်နှစ်ခန့်ကပြခဲ့သည်။ စိန်အောင်မင်းက အကူအညီတောင်းလာသောအခါ၌လည်း မငြင်းဆန်ဘဲ လိုက်၍ ကူညီကပေးခဲ့ပါသည်။ သည့်နောက်တွင်သားဖြစ်သူအောင်စိုးမင်း၊ အမယ်ကြီးအိုဦးအောင်စိန်၊ အောင်သန်းတင်တို့နှင့် တွဲဖက်၍ "အောင်သဘင်" အမည်ဖြင့် ကပြနေခဲ့သည်။ ဤသို့ကပြနေရင်း ဟသ်ာတမြို့မှ ဇာတ်ကအပြီး အင်္ဂမှု ရွှေဆံတော်ဘုရားပွဲတော်တွင် ကပြ ရန်အလာ (၂၀-၁-၁၉၇၃)နေ့၌

ကွယ်လွန်ခဲ့ပါလေသည်။ ထိုစဉ် က ဦးအောင်မောင်း၏ အသက်မှာ ၇၆ နှစ်ရှိပြီဖြစ်သည်။

မင်္ဂလာဦးအောင်မောင်းကြီးသည် သဘင့်ဝန်၊ တိုင်းပြည်၏ဝန်များကို ထမ်းဆောင်ရင်း အနုပညာသူရဲကောင်း၊ ဇာတ်သဘင်ပညာသည်တို့၏ သေခြင်းမျိုးဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်ပါသည်။ ကွယ်လွန်ခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း သူ၏ထူးချွန်ထက်မြက်သော အနုပညာအရည်အသွေးများ၊ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကား မြန်မာ့ဇာတ်သဘင်သမိုင်းစာမျက်နှာ၌ အစဉ်တည်တံ့နေမည်သာ ဖြစ်ပါတော့သည်။

## ရုပ်သေးမင်းသား ရွှေဘိုတင်မောင်

ရုပ်သေးမင်းသား ရွှေဘိုတင်မောင်ကား မြန်မာ့ရုပ်သေးလောက တွင် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ဖွဲလုံ့လဝီရိယကြီးမားစွာဖြင့် ရုပ်သေးပညာ မတိမ်ကော မပျောက်ကွယ်ရအောင် အားသွန်ခွန်စိုက် ကြိုးစားသွားခဲ့သူဖြစ်သည်။ ထို့ကြောင့် သူကွယ်လွန်သောအခါ မြန်မာ့ ရုပ်သေးလောကတွင် အစားထိုးမရနိုင်သော ဆုံးရှုံးမှုကြီးတစ်ရပ်အဖြစ် ပြည်သူတို့က နမြောတသမဆုံးဖြစ်ခဲ့ကြရသည်။

ရှေးက အမြင့်သဘင်ဟုခေါ်သော ရုပ်သေးသည် ယခုအခါ မြန်မာ နိုင်ငံတွင် တိမ်ကောပျောက်ကွယ်လုမတတ်ရှိနေပေပြီ။ နိုင်ငံတော်က ကြီးမှူးကျင်းပသည့် "ဆို၊ က၊ ရေး၊ တီး" ပြိုင်ပွဲကြီးများကြောင့်သာ လုံးဝ ပျောက်ကွယ် မသွားသေးခြင်းဖြစ်သည်။ ဤသို့ ရုပ်သေးပညာ နေဝင်ချိန်နီး ဖြစ်နေချိန်တွင်လူအင်အားငွေအင်အားဖြင့်ရုပ်သေးသဘင်ကိုပရိသတ်များ စိတ်ပါဝင်စားလာအောင်၊ အထင်ကြီးလေးစားလာအောင်၊ အမြတ်တနိုး တန်ဖိုးထားလာအောင်ကြိုးစားခဲ့သူမှာ ရွှေဘိုတင်မောင်ပင်ဖြစ်သည်။

"စိမ်းရောင်စို<br>တောင်ညှိုကမ္ဘိုင်း<br>သီတာခွေလိုသာ<br>ရေပတ်လည်ဝိုင်း"။

ရွှေဘိုတင်မောင်၏ နာမည်ကျော် ဆဒ္ဒန်ဆင်မင်းဇာတ်ထုပ်မှ စခန်းချဖြစ်သည်။ ရွှေဘိုတင်မောင်၏ အောင်မြင်ခန့်ညားလှသော အသံဝါကြီးဖြင့် ဟစ်လိုက်သော စခန်းချသည် ယနေ့တိုင်နားထဲစွဲကျန်လျက်ရှိနေသည်။ ထို့ပြင် ဆဒ္ဒန်ဆင်မင်းဇာတ်မှ သူသီဆိုလေ့ရှိသော ဆဒ္ဒန်ကြိုးကိုလည်းကြားယောင်လျက်ရှိနေပါသေးသည်။

"ရွှေဂူ (လိုက်အတွင်း)၂ ဆင်မင်းစမွဲယ်ရာ၊ အင်ကြင်းကိုသယ်ယူကာ၊ (မြိုင်ကြီး) ဝနာ၊ မောင်မယ်ဘဒ္ဒါနှစ်ပါးတို့ရုံထားကာ၊ စံစားနေတာ၊ အို- - -တကယ်အားနှစ်သွယ်မယားကိုသာ၊ ရွှေဆင်မင်းက အင်ကြင်းဝေသတဲ့ဗျာ"

ရွှေဘိုတင်မောင်ကပြခဲ့သော ဇာတ်ထုပ်များတွင် ဆဒ္ဒန်ဆင်မင်း အပါအဝင် မဟာကပိမျောက်မင်း၊ နန္ဒိယမျောက်မင်း၊ သုကရဝက်မင်း၊ သျှရီချန္ဒရာ (ပသီပုံပြင်)၊ ကြိုးကြာစည်တီး၊ စောရသတ္တိ၊ စောရဗလ၊ ရွှေပင်ငွေရွက်၊ ရှင်ဥပဂုတ် ဖွားတော်မူခန်း၊ ရှင်သီဝလိ ဖွားတော်မူခန်း၊ အလောင်းတော်လေးပါး၊ ငမိုးရိပ်၊ စကြာရေချ၊ ချင်းရွှေလုံး၊ နိဂြောဓ ရွှေသမင်၊ ပုလဲကုန်သည် ရွဲကုန်သည်၊ ဝါဖြူ၊ သုရရူပ၊ ဘူရိဒတ်၊ နိန္ဒိယကုမ္မာ၊ နှင်းနွယ်သာဂရ၊ ဗျတ်ဝိဗျတ္တာ၊ မင်းညီနောင်၊ ကစ္ဆသုကရနှင့်စိန်ငွေးဇာတ်တို့ဖြစ်သည်။

သူ၏ဇာတ်ထုပ်များကို ၁၃၂၀ ခုနှစ်မှစ၍ ဒဝရက်ဓာတ်ပြား ကုမ္ပဏီမှ ဓာတ်ပြားသွင်းခဲ့ရာ သူကွယ်လွန်ချိန်အထိတေမိယ၊ ဆဒ္ဒန်ဆင်မင်း၊ ဒါနရှင်းတမ်း၊ မဟာနန္ဒိယမျောက်မင်း၊ ကြိုးကြာစည်တီး၊ သျှရီချန္ဒရာ (ပသီပုံပြင်)၊ နှင်းနွယ်သာဂရနှင့် ဗျတ်ဝိဗျတ္တဇာတ်ထုပ်များကိုဓာတ်ပြားသွင်းထားခဲ့ပြီးဖြစ်သည်။ ထိုစဉ်က ဇာတ်ထုပ်တစ်ထုပ်လျှင် အနသုစုမကြေးငွေ ၂၀၀၀ကျပ်ရရှိခဲ့ပေသည်။

မြန်မာ့ရုပ်သေးပညာကို မေးမှိန်ပျောက်ကွယ်မည်စိုးလှသဖြင့် နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့သော မြန်မာ့ရုပ်သေးသဘင်ခေတ်ကို ပြောင်းလဲရန်ကြိုးပမ်းခဲ့သော ရွှေဘိုတင်မောင်၏ ဘဝမှာလည်း တစ်မျိုး တစ်ဖုံ စိတ်ဝင်စားစရာကောင်းလှသည်။

သူ၏ဇာတိမှာ ရွှေဘိုမြို့နယ် ပိတောက်ခေါင်း ကျေးရွာဇာတိ ဖြစ်သည်။ ၁၂၇၄ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ အင်္ဂါနေ့တွင် အဖဦးစပ်နှင့် ဒေါ်ခင်မိတို့မှမွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူမှာ တောင်သူမျိုးရိုးဖြစ်၍ မိခင်မှာမူ စစ်ကဲမျိုးဖြစ်သည်။ သားသမီးဆို၍ သူတစ်ယောက်တည်းသာ ရှိသဖြင့် မိဘများကအလွန် ချစ်မြတ်နိုးခဲ့ကြသည်။ သူ၏ငယ်နာမည်မှာသူငယ်ချင်း များက "ကိုရောင်နီ" ဟူ၍လည်းကောင်း၊ ဘိုးဘွားများက "မောင်ထွန်းဖေ" ဟူ၍လည်းကောင်း၊ ဦးလေးဖြစ်သူက "မောင်အုန်းမောင်" ဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဝေါ်ခဲ့ကြသည်။

ရွှေဘိုတင်မောင် ဆယ့်တစ်နှစ်သားအရွယ်တွင် မိခင်ဖြစ်သူ ကွယ်လွန်သွားသည်။ ဖခင်ဖြစ်သူ၏တောင်သူလုပ်ငန်းကိုကူညီလုပ်ကိုင် ပေးရင်း နဲ့မှုတ်သင်ကြားသည်။ ဦးလေးဖြစ်သူမှာ စင်ထိန်းဖြစ်၍ ဦးလေးကိုနွယ်လျက် နဲ့မှုတ်သင်ဖြစ်သွားခြင်းဖြစ်သည်။ ၁၆ နှစ်သား အရွယ်တွင် နဲ့မှုတ်သင်ခဲ့ရာ အသံကောင်းလှသဖြင့် ထိုခေတ်က နာမည်ကြီး ရုပ်သေးဆရာကြီး ဦးစပယ်ကြိုင်က ရွှေဘိုတင်မောင်ကို ခေါ်ယူခဲ့လေသည်။

ရွှေဘိုတင်မောင်၏ ပထမလက်ဦးဆရာမှာ ဦးစပယ်ကြိုင်ဖြစ်သည်။ ဦးစပယ်ကြိုင်၏စင်တွင် စင်တိုင်ကြသောအခါ "ပန်းတကာ့ ပန်း ဘယ်ပန်းမွှေးတယ်" ဟု ဆို၍တိုင်လိုက်တိုင်း ဆိုင်းဝိုင်းမှ "စပယ်၊ ခေါင်ရမ်း၊ နှင်းပန်းမွှေးတယ်" အော်ပေးရသည်။ သူ၏အသံမှာကြည်လင်

ပြတ်သားပြီး အော်တိုင်းရသဖြင့် မင်းသားလုပ်ရန် ဦးစပယ်ကြိုင်က သင်ပြပေးသည်။

သဘင်ပညာ၏အစမှာ နတ်သံပင်ဖြစ်သည်။ နတ်သံကိုဇာန်ကရိုက်းကျနအောင် ဆိုတတ်ပါမှ သဘင်ပညာသည်ကောင်းတစ်ယောက် ပီပီပြည်ပြည် ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် "သဘင်အစ နတ်သံက" ဟု ဆိုရိုးပြုကြခြင်းဖြစ်သည်။ ဦးစပယ်ကြိုင်သည် ရွှေဘိုတင်မောင်အားနတ်သံပစ်တတ်အောင် ကျနသေချာစွာ သင်ကြားပေးခဲ့သည်။

"မင်္ဂလာရယ်မှ မဏ္ဍိုင်လေ
ရောင်ဆိုင်ငယ်မှလေးလီ
သာမောငယ်စည် နတ်ပြည်ထိလှ
ပျော်ဖွယ်ကောင်းနတ်ပေါင်းစုံ၏။
မေရုဇဟိုမြင့်မိုရ်ထိပ်ပန်း
ဝေဇယန္တာက သုဓာ, နန္ဒ, စိတြနှင့်စိတ္တာမှာ
ကြင်ယာအများ မိဖုရားပေါင်း
ထက်ဖျားနတ်များငယ်စံဝန်းရံခ၏။
နတ်များအမူး လူတို့ပြည်တွင်
ပျော်ရွှင်မြူးမည်လာသည်တကား
မင်္ဂလာစံခင်းဂုဏ်ရောင်လင်းပါတဲ့
မင်းအများတို့....."

ရွှေဘိုတင်မောင်၏ အသံမှာ နတ်သံနှင့် လွန်စွာလိုက်ဖက် သည်။ အသံမှာ အော်တိုင်းထွက်သော အသံမျိုးဖြစ်သည်။ "မင်္ဂလာရယ်တဲ့ မဏ္ဍိုင်လေ" ဟု အော်ဟစ်လိုက်သော အသံကိုကြားလိုက်ရလျှင်

ပွဲဈေးရောင်းသူများပင် အယောင်ယောင်အမှားမှား ဖြစ်ကုန်ကြသည်။ ပွဲဈေးစားနေသူများလည်း စားလက်စမုန့်တန်းလန်းနှင့် နားစိုက်ထောင်လေ့ရှိကြသည်။ ဤမျှအထိ သူ၏အသံက ဆွဲဆောင်မှုအားကောင်းလှသည်။

ဦးစပယ်ကြိုင်၏ ရုပ်သေးအဖွဲ့တွင် နဲ့မှုတ်သင်ရန်လိုက်လာ သော ရွှေဘိုတင်မောင်သည် နောင်အခါ လက်တန်းနောက်မှ သီချင်းဆိုခွင့်ရလာသည်။ ရွှေဘိုတင်မောင် ပထမဦးဆုံးပွဲစတင်ကပြရသောပွဲမှာ အလုံစစ်ပင် ဘုရားပွဲဖြစ်သည်။ ထိုစဉ်က ဆိုင်း ဦးဘထွန်း၊ နဲ ဦးဘတင်တို့နှင့်တွဲခဲ့ရသည်။

မင်းသားအဖြစ်နှင့် ရွှေဘိုတင်မောင် ပထမဦးဆုံး စတင်ကပြရသောပွဲမှာ ကျောက်တော်ကြီး စန္ဒာမုနိအရှေ့ပေါက် ဆွမ်းကျွေးမဏ္ဍာရုံ ဇရပ်ဒကာ ဦးမိုးသီးက ငှားသောပွဲဖြစ်သည်။ မှတ်မှတ်ရရထိုနေ့သည်ကား ၁၂၉၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် တစ်ရက်နေ့တွင်ဖြစ်သည်။ ထိုစဉ်က ပွဲငှားခမှာ အလွန်နည်းလှသည်။ တစ်စင်လုံးအတွက် ၃၅ ကျပ်သာရသည်။ စရိတ်စကနုတ်၍ အစုခွဲလိုက်သောအခါ ဆန်သုံးပြည်သာရတော့သည်ဟူ၏။

ရွှေဘိုတင်မောင်သည် ဆန်သုံးပြည်ရသောဘဝမှကြိုးစားလာခဲ့ရာ တစ်စထက်တစ်စ အောင်မြင်မှုများရရှိလာခဲ့သည်။ အထက်မြန်မာနိုင်ငံအတွင်းရှိ ဘုရားပွဲ၊ ကျောင်းပွဲ၊ အလှူပွဲများတွင် ရွှေဘိုတင်မောင် ရုပ်သေးအဖွဲ့မှာ မပါမဖြစ်သလောက် အောင်မြင်မှုတံခွန် စိုက်ထူနိုင်ခဲ့သည်။

ရွှေဘိုတင်မောင်အား ရုပ်သေးပညာ သင်ကြားပေးသောဆရာများမှာ ကန့်ကူလက်လှည့်ဆရာ ဦးစပယ်ကြိုင်၊ ဆရာကြွန်၊ မင်းသားကြီး

ကုန်းဘောင်အဲ့၊ မခေါက်ဆရာဦးအောင်စိန်၊ မင်းသားကြီးဆရာကောင်း၊ မင်းသားကြီးဦးကြင်၊ ရွှေကြက်ယက်မင်းသားဦးစိန်ပွင့်၊ မြင်းခြံအီနောင် ဦးဘတင်၊ မင်းသားဦးဘကျော့နှင့် မင်းသားကြီး ဦးဘကျော်တို့ဖြစ် လေသည်။

ရွှေဘိုတင်မောင်၏ မူလအမည်မှာ မျိုးချစ်စိန်ဖြစ်ပြီး၊ နောင်မှ ဆရာကောင်းကမျိုးချစ်စိန်အစားရွှေဘိုတင်မောင်ဟုပြောင်းပေးခဲ့ခြင်း ဖြစ်သည်။ဇာတ်လောကတွင်ရွှေမန်းတင်မောင်သည်ထိပ်ဆုံးမှဖြစ်သကဲ့ သို့ ရုပ်သေးလောကတွင်လည်း ရွှေဘိုတင်မောင် သည် ထိပ်ဆုံးမှ ဖြစ်စေရမည်ဟူသောရည်ရွယ်ချက်ဖြင့်ယင်းသို့အမည်ပြောင်းပေးခြင်း ဖြစ်သည်။ ထိုအချိန်က ရွှေဘိုတင်မောင်သည် ဆရာကောင်းထံ၌ မင်းသားအဖြစ်ကပြနေရပြီဖြစ်သည်။ သူနှင့်တွဲဖက်ရသောမင်းသမီးမှာ စပယ်လှိုင်နှင့် ခင်မြသန်း (ကိုမြသန်း) တို့ဖြစ်သည်။

ရွှေဘိုတင်မောင်သည် ၁၂၉၈ ခုနှစ်အထိ ဆရာကောင်းနှင့် တွဲဖက်ခဲ့ပြီးနောက်၁၂၉၉ခုနှစ်တွင် စင်ခွဲထွက်ကာကိုယ်ပိုင်စင်ထောင် ခဲ့သည်။ သို့သော် စီးပွားရေးမနိုင်လုံသဖြင့် စင်ဖျက်လိုက်ရသည်။ ၁၃၀၀ပြည့်နှစ်မှ၁၃၀၂ခုနှစ်အထိဦးရာမြင့် (ခင်မြင့်စိန်) နှင့်တွဲခဲ့သည်။ ၁၃၀၃ ခုနှစ်နောက်ပိုင်းတွင်မူ စစ်အတွင်းကာလဖြစ်၍ မကပြရချေ။ စစ်ကြီးပြီးသွားပြီးနောက် ၁၃၀၇ ခုနှစ်တွင် ဦးသက်နံ့၊ ဦးဓာတ်ကြည် အစရှိသော လူရွှင်တော်များ၊ ဦးဘမောင်၊ ဦးဘရှင် အစရှိသော ကြိုးဆွဲဆရာများနှင့် ပူးပေါင်းတွဲဖက်၍ကပြခဲ့ပြန်သည်။

ထိုအချိန်ကအလင်္ကာကျော်စွာရွှေမန်းတင်မောင်သည်ယောက်ျား တစ်ခွန်၊ မင်းလေးပါ၊ လက်ဝဲဩန် အစရှိသော အော်ပရာများကို တီထွင်ကပြနေချိန်ဖြစ်ရာ၊ ရွှေဘိုတင်မောင်ကလည်းသူ၏ရုပ်စုံစင်တွင်

ကြာဖူးအော်ပရာနှင့် ဘလ္လာတံယပို့မှ ထုတ်နုတ်ထားသော ကောသလ ကိန္နရီအော်ပရာတို့ကို တီထွင်ကပြခဲ့လေသည်။

ဤသို့ဖြင့် ရွှေဘိုတင်မောင် ရုပ်စုံသဘင်အဖွဲ့သည် မြန်မာပြည် တစ်နံတစ်လျား ကပြလာခဲ့ရသည်။ ပွဲချီများလာသည်နှင့်အမျှ ငွေကြေး လည်း အတော်အသင့် စုဆောင်းလာနိုင်ခဲ့ပြီးဖြစ်၍ ကိုယ်ပိုင်စင်ထောင် လိုက်သည်။ ရွှေဘိုတင်မောင်၏စင်တွင် မင်းသားရွှေဘိုတင်မောင်၊ မင်းသမီး မြင့်မြင့်သန်း (ကိုပန်းအေး)၊ ဝဲမင်းသားကြီး ဦးဘသိန်း (အကြမ်း)၊ ယာမင်းသားကြီး ထီးဆောင်းဦးဘညွန့် (အနု)၊ လူရွှင်တော် ဦးမာတ်ကြည်၊ ဦးသက်နုံ၊ ဦးသိန်းဒီ၊ ဦးတိမ်ခိုး၊ လူကြမ်းဦးဘခင်၊ ဦးအုန်း၊ ဦးအောင်မြတ်၊ ကြိုးဆွဲ ဦးဘရင်၊ ဦးမြသွင်၊ ဆိုင်းစိန်သိန်းအောင်၊ နှဲ ဦးပေါ်လွင်တို့ဖြင့် ဖွဲ့စည်းခဲ့ရာ လူအင်အားရော ပစ္စည်းအင်အားပါ အတောင့်တင်းဆုံးအဖွဲ့ကြီး တစ်ဖွဲ့အဖြစ် လူကြိုက်များကာ အောင်မြင် ကျော်ကြားခဲ့သည်။

ရွှေဘိုတင်မောင်သည် သူ၏ရုပ်စုံအဖွဲ့ကို အမြဲတမ်းဆန်းသစ်ကာ ခေတ်မီနေစေလိုသည်။ ခေတ်ကိုရင်ပေါင်တန်းလိုက်နိုင်ရန်အတွက် လည်း မျက်ခြည်မပြတ် အမြဲတမ်းလေ့လာသည်။ ဇာတ်သဘင်များတွင် ရှေ့ပိုင်းပြဇာတ်များ ခေတ်စားလာသောအခါ သူ၏ရုပ်စုံအဖွဲ့၌လည်း "နက်ဖြန်တစ်ရက် လွမ်းရက်တစ်ရာ" အစရှိသည့်ခေတ်ပေါ်ပြဇာတ်များ ကို ထည့်သွင်းတင်ဆက်ခဲ့သည်။ အော်ပရာနှင့် ပတ်သက်၍လည်း ပွဲကြည့်သူတို့ အကျိုးရှိစေမည့် သင်ခန်းစာရစေမည့် "အာရုံခြောက်ပါး အော်ပရာ" "ကြာဖူးအော်ပရာ" အစရှိသည့်အော်ပရာများကို တင်ဆက် ကပြခဲ့သည်။

ရုပ်သေးစင်တည်ဆောက်ရာ၌ပင် စင်ကို ရှေးမူအတိုင်း မဟုတ်ဘဲ နည်းသစ်ထွင်၍ ဆောက်လုပ်သည်။ ဆောက်ပုံမှာ ဇာတ်စုံစင်မြင့်ကို နှစ်ထပ်ပြုလုပ်ပြီး ဒုတိယစင်မြင့်ကိုပထမစင်ပေါ်တွင် ထပ်ဆင့်ဆောက် လုပ်သည်။ အရုပ်ကြိုးများကိုလည်းရှစ်လက်မ၊ကိုးလက်မရှိအောင်ထပ်တိုး သည်။ ရုပ်သေးရုပ်များကိုလည်း ပထမစင်မြင့်ပေါ်တွင် ထားရှိပြီး ကြိုးဆွဲသူများကဒုတိယစင်မြင့်မှနေ၍ဆွဲရသည်။ သို့သော်ကပြရာနေရာ တိုင်း၌ကား ထိုစင်မျိုး မဆောက်နိုင်ပါချေ။ ဇာတ်ရုံကောင်းကောင်း ရှိသည့်နေရာမျိုး၌သာပြုလုပ်နိုင်လေသည်။

၁၉၅၉ ခုနှစ်တွင် အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်သည် ရန်ကုန်မြို့၌ ညည့်ဝက်စနစ် သဘင်သစ်ကို တီထွင်ကပြခဲ့ရာ အထူး အောင်မြင်မှုရရှိခဲ့သည်။ ထိုအခါ ရွှေဘိုတင်မောင်ကလည်း အားကျမခံ ဇာတ်ခုံအပြင်အဆင်နှင့် မီးဆလိုက်ပါ တိုးချဲ့ပြုပြင်လျက် ရန်ကုန်မြို့ ဂျူဗလီဟောတွင် ဆဒ္ဒန်ဆင်မင်းဇာတ်ထုပ်ကို ညည့်ဝက်အဖြစ် တီထွင် ကပြခဲ့ဖူးသည်။

ရွှေဘိုတင်မောင်သည် မန္တလေးတွင် အခြေစိုက်သူဖြစ်၍ မန္တလေးသို့ ရောက်လာလေ့ရှိသော မြန်မာမှု အနုသုခုမပညာကို ဝါသနာထုံသည့် နိုင်ငံခြားသားများနှင့် မကြာခဏဆိုသလို ဆုံတွေ့ခဲ့ သည်။ သူတို့သိချင်လေ့လာချင်သောရုပ်သေးပညာကိုလည်း ထုတ်ဖော် တင်ပြခွင့် ကြုံခဲ့ရသည်။

၁၉၆၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် မန္တလေးသို့ ချက်ကိုစလို ဗက်ကီးယားနိုင်ငံမှ ရုပ်သေးပညာရှင် အမျိုးသမီးများဖြစ်ကြသည့် ဒေါက်တာ ဂိုဒစ်ကိုဗာနှင့် မစ္စစ် ဟာက်ဗလီကိုးဗားတို့ ရောက်ရှိလာကြ သည်။ သူတို့နှစ်ဦးမှာ ယဉ်ကျေးမှုဌာန၏ဧည့်သည်၊ စာပေနှင့် ယဉ်ကျေးမှု

ဆိုင်ရာ ပုဂ္ဂိုလ်များဖြစ်သောကြောင့် မန္တလေးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စာရေးဆရာ လူထုဦးလှတို့က အငြိမ့်ပွဲ၊ ရုပ်သေးပွဲကြည့်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။

(၂၈-၃-၆၅) ရက်နေ့တွင် ကျော်ကြားသည်သို့ ကပြနေသော ရွှေဘိုတင်မောင် ရုပ်သေးပွဲသို့ သွားရောက်ကြည့်ရှုကြသည်။ ရွှေဘိုတင်မောင်၏ရုပ်သေးပွဲတွင်လှည်းနှင့်လာကြည့်သောပွဲကြည့်ပရိသတ်၊ ခြေလျင်လာသော ပွဲကြည့်ပရိသတ် စုစုပေါင်း တစ်သောင်းကျော်ရှိရာ ချက်ရုပ်သေးပညာရှင်နှစ်ဦးမှာ အံ့ဩမဆုံး ဖြစ်နေကြသည်။ သူတို့ အနောက်နိုင်ငံများတွင် ရုပ်သေးကပြသော ရုံများမှာလည်း ရုပ်ရှင်ရုံတွေလို ကြီးကြီးမားမား မဟုတ်၊ ခပ်ငယ်ငယ်သေးသေးသာဖြစ်၍ ပွဲကြည့်ပရိသတ်မှာလည်း တစ်ပွဲလျှင် ၂၀၀ - ပတ်ဝန်းကျင်မျှသာ ဖြစ်သည်။ ယခု မြန်မာနိုင်ငံမှ ရွှေဘိုတင်မောင်၏ ပွဲကြည့်ပရိသတ်မှာ လှည်းဝိုင်းကြီးဟီးထလျက် လူပေါင်းတစ်သောင်းကျော်မျှ ရှိရကား အံ့ဩမဆုံးဖြစ်မည်ဆိုလျှင်လည်းဖြစ်ထိုက်ပါပေသည်။

၁၉၆၅ ခုနှစ်၊ မတ်လအတွင်းကလည်း တရုတ်ပြည်မှ စာရေးဆရာကြီး မစ္စတာကျန်ပျင်းနှင့် စကားပြန် လီမိုးတို့ရောက်ရှိလာရာ သက်ဆိုင်ရာတာဝန်ရှိသူများက ထွန်းလှဟိုတယ်တွင် ဧည့်ခံပွဲကျင်းပ၍ ဧည့်ဝတ်ပြုခဲ့ကြသည်။ ယင်းဧည့်ခံပွဲတွင် ရွှေဘိုတင်မောင်၏ ရုပ်သေးနစ်ပါးသွားကိုပါ ထည့်သွင်းပေးခဲ့ကြသည်။ ထိုညက လူရွှင်တော်ရုပ်များ မပါသောကြောင့် အငြိမ့်လူရွှင်တော် ရန်အောင်၊ ကျော်လီနှင့် သောင်းဒန်တို့က ရုပ်သေးလူရွှင်တော်များအဖြစ် ပါဝင်ကူညီကြရသည်။ လူ့လူရွှင်တော်များက ရုပ်သေးမင်းသားရုပ်၊ ရုပ်သေးမင်းသမီးရုပ်လေး

များကို ကိုင်တွယ်နောက်ပြောင်ကြရာတွင် မင်းသမီးရုပ်ကလေးက ကြောက်ရွံ့ဟန်ဖြင့်ရှောင်ပြေးသည်ကိုလည်းကောင်း၊ မင်းသမီးရုပ်ကလေး က သောင်းဒန်၏ပဝါ ကို အလစ်တွင်ဆွဲ ယူသွားသည်ကိုလည်းကောင်း မြင်ကြရသဖြင့် တရုတ်စာရေးဆရာအဖွဲ့ဝင်များ သဘောအကျကြီး ကျခဲ့ကြလေသည်။

ထိုနှစ် ဩဂုတ်လတွင် တော်လှန်ရေးအစိုးရ ယဉ်ကျေးမှုဌာနမှ ရေးမှူး မြန်မာရုပ်သေးထိန်းသိမ်းရေး၊ ပြန်လည်ဖော်ထုတ်ရေးအတွက် မန္တလေးသို့ ရောက်ရှိလာသည်။ မန္တလေးအနီးပတ်ဝန်းကျင်ရှိ ရုပ်သေး ပညာရှင်ကြီးများကိုဖိတ်ခေါ်၍ ဆွေးနွေးခဲ့သည်။ ရှေးမူဇာတ်ထုပ် ပဟောင်း ၃-၄ ခုကနိုင်အောင် အသံသွင်းနိုင်အောင် အစီအစဉ်လုပ်ကြ သည်။ ထိုအစီအစဉ်တွင် မင်းသားအဖြစ် အောင်မင်းစိန်၊ ဒဂုံ ဦးသောင်းစိန်၊ အောင်မြသောင်းနှင့် ရွှေဘိုတင်မောင် တို့လည်းပါဝင်ခဲ့ပေသည်။

ရွှေဘိုတင်မောင်သည် ရှေးခေတ်နိုင်ငံကျော် ရုပ်သေးပညာ ရှင်ကြီးများ ဖြစ်ကြသော ဦးဖိုးညို၊ ဦးစိန်နီ၊ ပုဂံသား ဦးဘကျော်တို့ထံမှ ရုပ်သေးပညာကိုလည်းထိန်းသိမ်းစောင့်ရှောက် သည်။ ဖော်ထုတ်တင်ပြ လေ့ရှိသည်။ တိမ်မြုပ်ပျောက်ကွယ်လုမတတ် ဖြစ်နေသော ရုပ်သေး မင်းသမီးကြီး ဦးဖိုးညို၏ "စိန်ငွေး" ဇာတ်ထုပ်ကိုလည်း တော်လှန်ရေး အစိုးရယဉ်ကျေးမှုဌာနနှင့်ပူးပေါင်းကာ ဖော်ထုတ်ခဲ့ဖူးသည်။ မန္တလေးသို့ ရောက်ရှိလာသည့် ယဉ်ကျေးမှုနှင့်ပတ်သက်သည့် နိုင်ငံခြားသား အနုပညာရှင်များ၏ ဇည့်ခံပွဲများ၊ ဆွေးနွေးပွဲများတွင်လည်း စိတ်ရော ကိုယ်ပါကူညီဆောင်ရွက်ပေးလေ့ရှိသည်။

ထို့နောက် သမ္မတအိမ်တော်တွင် ရုပ်သေးဘိုးအေကြီးများအား တွေ့ဆုံနှုတ်ဆက်ပွဲကျင်းပရာသို့ ရွှေဘိုတင်မောင်လည်းတက်ရောက်ခဲ့ရ

သည်။ သူခေါင်းဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသော စိန်ငွေး ဇာတ်ထုပ်ကိုလည်း မြန်မာ့အသံမှ ထုတ်လွှင့်ပေးခဲ့သည်။

သည့်နောက်ပိုင်းတွင် တော်လှန်ရေးကောင်စီ အစိုးရကလည်း တည်ဆောက်ရေးလုပ်ငန်းများတွင် အာရုံစိုက်နေရသဖြင့် ရုပ်သေးပညာကို သိပ်ဂရုမပြုအား၊ ပြည်သူများကလည်း ရုပ်သေးထက် ရုပ်ရှင်၊ ဇာတ်သဘင်ကို စိတ်ဝင်စားနေသဖြင့် အားပေးမှုတဖြည်းဖြည်း လျော့နည်းလာတော့သည်။ ရွှေဘိုတင်မောင်အနေဖြင့်လည်း အသက်အရွယ်ကကြီးလာပြီဖြစ်၍ ကျန်းမာရေးက ချို့ယွင်းလာတော့သည်။

သို့သော် ဝမ်းရေးကရှိသေးရကား မကျန်းမာသည့်ကြားကပင် ပွဲခွင်မပျက်အောင် ဆက်လက်ကပြနေခဲ့သည်။ နောက်ဆုံးပွဲခွင်ကား ၁၃၃၇ ခုနှစ်၊ တပေါင်းလဆုတ် ၁၃ - ၁၄ ရက်ညများက အမရပူရမြို့နယ် ရဲလုံးကျော်စွာ ဘုရားထီးတင်ပွဲဖြစ်သည်။ ကျန်းမာရေးချို့ယွင်းနေသည့်ကြားကပင် "ငါသေချင် သေပလေ့စေ၊ ငါ့ရုပ်သေးတွေနဲ့ ဖက်သေမယ်" ဟုဆိုကာ ကြိုးဆွဲကပြ လုပ်ဆောင်သွားခဲ့ပါသေးသည်။

ထို့နောက် သူ့တွင်စွဲကပ်နေသည့် လျှာကင်ဆာရောဂါကို ကြိုးစားကုသခဲ့သည်။ သူမသေမီ သူ့ဆန္ဒအတိုင်း ရုပ်သေးပညာ အညွန့်မတုံးရအောင် ရုပ်သေးမင်းသားကြီး ဦးသက်နှံ၊ ဦးညွန့်နှင့် ခေါင်းဆောင်အဖြစ်တာဝန်ယူကပြမည့်မင်းသားတပည့်ရွှေဘိုတင်အောင်တို့က "အဖွဲ့အစည်းမပျက် ရုပ်သေးပညာကို အမွေဆက်ခံ၍ ထိန်းသိမ်းစောင့်ရှောက်ကပြသွားပါမည်" ဟု သူ့ရှေ့တွင် ကတိသစ္စာပြုခဲ့ကြရလေသည်။

သည်တော့မှပင် ရွှေဘိုတင်မောင်သည် ရုပ်သေးပညာအပေါ် သံယောဇဉ်ဖြတ်လျက်၊ ၁၉၇၆ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ နံနက် ၄ နာရီခွဲအချိန်

တွင်မန္တလေးမြို့စွန်ပြည်ကြီးမျက်ရှင်ရပ်တံမြက်စည်းစုရွာရှိသူ့ခြံကလေး ထဲရှိအိမ်ကလေးထဲ၌ဆင်းဆင်းရဲရဲဖြင့်ကွယ်လွန်ခဲ့ပါလေသည်။

သူကွယ်လွန်ချိန်တွင် အသက် ၆၄ နှစ် ရှိပြီဖြစ်၍ ကြီးလှပြီဟု မဆိုနိုင်သေး၊ အနုပညာရှင်တို့၏ သဘာဝအတိုင်း ဘဝအာမခံချက် မရရှာသဖြင့် အသေစောခဲ့ရလေသလားဟု တွေးစရာရှိသည်။ ဝွယ်စုံရရုပ်သေးပညာရှင်ကြီးဖြစ်၍လည်း မြန်မာ့ရုပ်သေးလောကတွင် အစားထိုးဖို့ရာ မမြင်မိသေး။ "ဇာတ်မှာ ရွှေမန်းတင်မောင်၊ ရုပ်သေးမှာ ရွှေဘိုတင်မောင်" ဟုကြွေးကြော်ခဲ့သည့်အတိုင်းပင် သူ၏ရုပ်ကလာပ်ကို (၃၀-၇-၇၆) ရက်နေ့တွင် မန္တလေးမြို့ အုတ်စက်သုသာန်ရှိ ရွှေမန်း တင်မောင်၏အုတ်ဂူဘေး၌မြှုပ်နှံခဲ့ပေသည်။

# အကာဝိဇ္ဇာ ဗလပြန်

"ရိုးမတောင်တန်းကြီးတွေ၊ မြောင်စမ်းကြီးတွေ၊ ရှားပင်အောက်မှာလ၊ ဖားကင်ခြောက်ကယ်နှင့်၊ ရှောင်မသွေမှုးစေ၊ ခေါင်ရေဘူးတွေ၊ မုရင်းစပါးနဲ့ ထမင်းစားမယ်၊ ကဇင်းနားကလေ စောင့်လှည့်ကိုကိုရေ၊ စောနန်းရွှေ ချစ်စရာအမှန်စကား၊ အာတင်းနေသားပါ ယားဝေ – – –။

လင်းစမှာနင်းကဝေဝေ၊ပုလဲသွေးလိုတဲကလေးမှာနေ၊တောတန်းက စောနန်းရွှေ၊ အို– ကရင်မလေးရေ၊ အို– – – ဗလပြန်လေး ရေ (ခေါ်တဲ့)' အသံထင်သလေ၊ ဝေဝေဝေ"

အထက်ပါသီချင်းကလေးမှာ ဗလပြန်ငယ်ငယ် မန္တလေးမြို့တွင် အငြိမ့်မင်းသမီးအဖြစ် ကပြစဉ်က နန်းတော်ရှေ့ဆရာတင်ရေးပေး ခဲ့သော သီချင်းတစ်ပုဒ်ဖြစ်သည်။

ဗလပြန်ကို ၁၂၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်နေ့တွင် ဦးချမ်းအေး– နော်ရွှေမိတ်တို့မှ ဖွားမြင်ခဲ့ရာ မွေးချင်း ၇ ယောက်အနက် အငယ်ဆုံးဖြစ်သည်။ မြန်မာလို မစိမ်းမြ၊ ကရင်လို စောနန်းရွှေဟုမှည့်ခေါ်ခဲ့ကြသည်။ သုံးနှစ်သမီးအရွယ်ကပင် အဆိုအက ဝါသနာပြင်းပြ၍ ကတမ်းခုန်တမ်း ကစားလေ့ရှိသည်။ မိဘများက တားမြစ်သော်လည်း မရပေ။

စောနန်းရွှေ ၇ နှစ်အရွယ်တွင် မိဘများနှင့်အတူ ပဲခူးဘုရားပွဲသို့ လိုက်သွားကြသည်။ ဇရာဝက် ဦးတင့်– တလိုင်း (မွန်) မင်္ဂလာဇာတ်ပွဲကို

ဝင်ကြည့်ရာမှ စောနန်းရွှေကလေးသည် ဇာတ်ခုံပေါ်သို့ ပြေးတက်သွားပြီး "အို - - - ကိုတင့်ကြီးရဲ့ မေ့ပြီလား။ ကျွန်မ မယ်အောင်ဗလပါ" ဟုဆိုကာ ဦးဖိုးစိန်၊ ဦးစိန်ကတုံးနှင့် တွဲကစဉ်က သီဆိုခဲ့သော သီချင်းများကိုသီဆို ပြခဲ့သည်။ မင်းသား ဇရာဝဏ်ဦးတင့်မှာ တအံ့တဩဖြစ်နေစဉ် သမီးပျောက် လိုက်ရှာသော မိဘများနှင့်တွေ့ပြီးနောက် ပြန်ခေါ်ရာ မလိုက်ရာငြင်းဆန် နေသည်။ "နောင်တွင် ပွဲကစေရပါမည်" ဟု ကတိပေးတော့မှ ချောချော့ မော့မော့ပြန်လိုက်သွားတော့သည်။

စောနန်းရွှေကလေး၏ ဝါသနာကို ကူညီသည့်အနေဖြင့် ကျောင်း ဆရာ ဦးဘဒေးက အဆိုအကများ သင်ကြားပေးပြီးနောက် အရုပ်ပွဲ၊ အလှူပွဲ တို့၌ ကပြစေပါသည်။ မိဘများက အထွေးဆုံးသမီးကလေးကို အလွန် ချစ်ရှာ လွန်းသဖြင့် အရုပ်အငြိမ့်ကလေးမှ တစ်ဆင့်ဇာတ် ကလေးဖြစ်အောင် တည်ထောင်ပေးခဲ့သည်။ သို့သော် မကြာခင်မှာပင် ဇာတ်ပျက်သွားသဖြင့် မိဘများက စောနန်းရွှေကို ချော့မော့ပြီး ထုံးကြီးသို့ ပြန်ခေါ်လာခဲ့ သည်။ စောနန်းရွှေ၏ ဇာတိမှာ ပဲခူးခရိုင်၊ ထုံးကြီးရွာ အနောက်ဘက် ရေအေးစမ်းရွာဖြစ်သည်။

ရွာသို့ပြန်ရောက်ပြီးနောက် မိဘများကို "ဆရာပေါင်းဖြစ်သူ အမေထွေး (မင်းသမီး မထွေးလေး) ဆီပို့ပေးပါ" ဟုချည်း ပူဆာနေပြန် သဖြင့် စိတ်ပြေလိုပြေငြား မယ်ဒလင် အောင်စိန်နှင့် မစိန်ဥတို့ကိုခေါ်ပြီး ဇာတ်ထောင်ပေးခဲ့သည်။ ထိုဇာတ်အဖွဲ့နှင့် မီးရထားတစ်လျှောက်ကပြ လာရင်း၊ စောနန်းရွှေမှာ ကျောက်ကြီးရောဂါဖြစ်လာသဖြင့် ဇာတ်ပျက် သွားခဲ့ရပြန် သည်။ မကြာခင် ဖခင်ကြီးလည်း အနိစ္စရောက်လေရာ သားအမိနှစ်ယောက် ရွာသို့မပြန်တော့ဘဲ ဇာတ်ပစ္စည်းများကို ထုခွဲ ရောင်းချ၍ အငြိမ့်ကလေးထောင်ကာ ဘဝရပ်တည်ခဲ့ရလေသည်။

ထိုစဉ်က စောနန်းရွှေမှာ ၁၀ နှစ်ခန့်သာ ရှိသေးသည်။ သို့သော် အောင်ဗလဘဝက သီဆိုခဲ့သော သီချင်းများကို ပြန်လည်သီဆိုခြင်း အားဖြင့် နာမည်အတော်ထင်ရှားလာခဲ့ပြီးဖြစ်သည်။ ဤသို့ကပြနေရင်း ၂ နှစ်ခန့်အကြာတွင် အောင်ဗလ၏ ဇာတ်ကန်ထရိုက် ပွဲစားကြီး ဦးဖိုးဖုံ လိုက်လာပြီး မန္တလေးသို့ခေါ်သွားသည်။ ဦးဖိုးဖုံက ၁၂ နှစ်သမီး စောနန်းရွှေကို အောင်ဗလဝင်စားခြင်း ဟုတ်၊ မဟုတ်စုံစမ်းပြီးနောက် ယုံကြည်စိတ်ချတော့မှ ဗမာ (မြန်မာ) ဘိုကေစိန် - တလိုင်း (မွန်) ဘိုကေစိန် မင်းသားနှစ်လက်နှင့် ကလေးဇာတ်တစ်ဇာတ်တည်ထောင် ပေးသည်။ မန္တလေးသို့မရောက်မီ အရပ်ဒိုးပတ်ဝိုင်းနှင့် ကနေစဉ် ဒိုက်ဦးမြို့မှ သူဌေး ဦးမောင်မောင်က သူ၏ဆန်စက်ဖွင့်ပွဲတွင် မင်းသား ဦးစိန်ခို၊ မြခြေကျင်း မငွေမြိုင်၊ ရွာစားကြီး စိန်ဗေဒါအဖွဲ့ကို ကပြစေရာ စောနန်းရွှေကိုလည်းလာကပေးပါရန် ဖိတ်ခေါ်ခဲ့သည်။

သူဌေး ဦးမောင်မောင်သည် "ငါ့စက်ဖွင့်ပွဲသာ အောင်မြင်ပါလျှင် စောနန်းရွှေအား အောင်ဗလဝင်စားသည်ဆိုခြင်းမှာ မှန်ပါစေ" ဟူ၍ အဓိဋ္ဌာန်ပြုပြီး အကခိုင်းခဲ့ရာ၊ စောနန်းရွှေက ဦးစိန်ခိုနှင့် တွဲလျက် "လှမ်းနိုင်ဘူးတော်ကြီးရေ" အစရှိသီချင်းကို သီဆိုကပြခဲ့သည်။ ထိုတွင် ခလုတ်မနှိပ်ဘဲ စက်မှာ အလိုလိုလည်လာသည်ဟု အဆိုရှိသည်။ ယင်းဆန်စက်ဖွင့်ပွဲအောင်မြင်သည့်အတိတ်နိမိတ်ကိုယူကာအောင်ဗလ လူ့ပြည်သို့ တစ်ဖန်ပြန်လာသည်ဟုဆိုပြီး ပရိသတ်က စောနန်းရွှေကို "ဗလပြန်" ဟုအမည်ပေးခဲ့ခြင်းဖြစ်လေသည်။

ထို့ကြောင့် စာရေးဆရာ ဆရာကြည်က အောက်ပါသီချင်းကို ရေးပေးခဲ့ခြင်းဖြစ်သည်။

"ကျွန်မကို ခေါ်လာ × အခြေဂုဏ်ကဲသတင်း × အဖေဇုန် ပွဲမင်းပါ × မန္တလာကျေးမနေးပြန်လာတာ × ကျွန်မအမှန်သာ × မရဏ ခဏခံတာပါ × ရွှေမန်းမြို့ကြီး ရတ်တရက်နှုတ်ဆက်ကာ × ပုပ္ပ၊ မုဋ္ဌ၊ ပရစေတနာ ကောင်းပေရဲ့ကြုံလာ × အပေါင်း ရေစက်ဆုံကာ × ဗလပျိုခင်မှာ ကျွန်မငြိုငြင်တာ × မနကိုမခင်ပါ × ဟိုဘာဝတုန်းရယ်က × မမှန်းနိုင်တဲ့မြို့နဂရာ × ချစ်ဦး ချစ်ဦး မုန်းရင် အသည်းနာစရာ - - -"

ဗလပြန်သည် အောင်ဗလဝင်စားသည်ဟု သူကိုယ်သူ ယုံကြည်သည်။ ဟုတ်သည်ဟုလည်း ဝန်ခံသည်။ ဤအယူအဆနှင့်ပတ်သက်၍ ကျွန်တော့်အနေနှင့် မည်သို့မျှမဝေဖန်လိုပါ။ ဤယူဆချက်ကပင် သူ၏အောင်မြင်မှုကို အထောက်အကူဖြစ်စေခဲ့ပါသည်။ တစ်နည်းဆိုရသော်ဗလပြန်သည်အောင်ဗလဝင်စားသည်ဟူသော ယုံကြည်ချက်နှင့် ပတ်သက်၍ ပို၍ထူးချွန်အောင် ကြိုးစားခဲ့သဖြင့် လည်း ဤမျှအထိ အောင်မြင်ကျော်ကြားခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ဗလပြန်နှင့် တွဲဖက်ကပြခဲ့သော မင်းသားများမှာ ဘားမားစိန်၊ နေပြည်တော် ဘသက်၊ ဒုတိယ ဖိုးစိန်၊ ပြည်အေးစိန်၊ စန္ဒရား ဘအုန်း၊ အောင်ဘညို၊ တလိုင်း (မွန်) ညီနောင်၊ ခုနစ်ထွေ ထွန်းရီ၊ ရွှေဒေါင်းညို၊ ဦးတောကျော်၊ မင်္ဂလာ ဦးအောင်မောင်း၊ စိန်အောင်မင်း၊ ခေတ်ပါတီ၊ ဝိဇ္ဇာမောင်၊ တိုင်းချစ် သန်းစိန်၊ စိန်အောင်ကြည်၊ ကျော်ဝင်းစိန်၊ ပန်တျာ ကြည်လင်တို့ဖြစ်သည်။ ရွှေမန်းတင်မောင်နှင့်လည်း ဂျပန်ခေတ်က ခဏမျှ တွဲဖက်ကပြခဲ့ဖူးသည်။ ဗလပြန်သည် ဦးအောင်မောင်း၊ စိန်အောင်မင်းတို့နှင့် နှစ်အကြာဆုံးတွဲခဲ့သည်။ ဦးအောင်မောင်းနှင့် ၇ နှစ်၊ စိန်အောင်မင်းနှင့် ၁၀ နှစ်ခန့်တွဲခဲ့သည်။ တွဲဖက်ကပြခဲ့သောမင်းသားများ

အနက် ဦးအောင်မောင်းမှာ ပညာအရည် အပြည့်ဝဆုံးဟု ဗလပြန်က ဆိုပါသည်။

ဗလပြန်သည် မင်းသားများစွာနှင့် တွဲဖက်ကပြသကဲ့သို့ ဇာတ်ထုပ်မျိုးစုံလည်း ကပြခဲ့သည်။ အထူးသဖြင့် စိန်အောင်မင်းနှင့် တွဲဖက်ကပြခဲ့သော ငမိုးရိပ်၊ ဆင်ကဲဘိုမယ်၊ ချင်းဖဝေ၊ မောင်မစ္စက၊ စောအောင်စောနောင်အစရှိသောဇာတ်ထုပ်များမှာ နာမည်ကျော်ကြားလှူကြိုက်များလှသည်။

ဆင်ကဲဘိုမယ်ဇာတ်မှာ ဤသို့ဖြစ်သည်။ အင်းဝဘုရင် ဒုတိယမင်းခေါင်သည် ရာဇာဓိရာဇ်နှင့် စစ်တိုက်ရန်အသွား ဆိပ်ထိန်းကမ်းဖြူရွာရှိ သူကြီးဖိုးရွှေသီးအိမ်သို့ ခေတ္တဝင်တော်မူရာ၊ သူကြီးသမီး မဘိုမယ်ကို မြင်တွေ့သွားသည်။ ထို့ကြောင့် ဘုရင်က ဖခင်ဖြစ်သူအား ကာမပိုင်ရှိ၊ မရှိ မေးမြန်းရာ၊ ဖခင်ဖြစ်သူက မရှိပါကြောင်း လျှောက်တင်သည်။ ဤတွင် ဘုရင်မင်းခေါင်က ဟံသာဝတီတိုက်ပွဲကအပြန် သိမ်းပိုက်တော်မူသည်။ သဲဖြူခင်း၊ ရာဇမတ်ကာ၊ ငှက်ပျောပင်ရှင်စိုက်၊ တစ်သောင်းတန် သည့် ဒေါင်းအလံစိုက်ပြီး မိဖုရားမြှောက်ရန် ဘွဲ့သတ်၍ထားခဲ့သည်။

အင်းဝဘုရင်ခေါင် စစ်ရှုံးပြီးပြန်အလာ မဘိုမယ်ကိုဝင်ခေါ်၍ ရဲမြတ်စွာ ဆင်ပေါ်တင်ခေါ်သွားသည်။ ပန်းကျော်ချောင်းဖျားအရောက်တွင် ကမ်းပါးစောက်သို့ ဆင်တော်အတက် မဘိုမယ်က ဆင်ပေါ်မှခုန်ဆင်း နေရစ်ခဲ့သည်။ ဘုရင်ကမူ ဆင်ကျောပေါ်က ကျကျန်ရစ်သည်ဟုသာ ထင်မှတ်နေသည်။ တိုင်းပြည်သို့ပြန်ရောက်ရောက်ချင်း မှူးမတ်များကို မိဖုရားမဘိုမယ် ဆင်ပေါ်ကကျကျန်ရစ်နေကြောင်း ပြောပြီး၊ "မိဖုရားကို တွေ့ရှိသူများ အလျင်အမြန် လာဆက်သရမည်။ တွေ့လျက်နှင့် ဖုံးကွယ်ထားခဲ့သော် အဆုံးစီရင်မည်" ဟု ကြေညာခိုင်းသည်။ ထိုကြေညာ

ချက်ကိုလည်း လူမြင်ကွင်းမှန်သမျှ အနံ့အပြားကပ်ထားရမည်ဟု အမိန့်ချမှတ်တော်မူသည်။

ထို့နောက် သားတော် မောင်ဆင်ကဲကို အကောက်တော်ဝန် ရာထူးပေး၍ မဘို့မယ်အား ခမည်းတော်ကိုယ်စား ကောက်ယူရန် စေလွှတ်တော်မူသည်။ မောင်ဆင်ကဲသည် သူကောက်ရမည့် မဘို့မယ် ဆိုသူမှာ သူ့ရည်းစားမဘို့မယ်များဖြစ်လေမလားဟုစိတ်လေးမိသည်။ သည်လိုနှင့် သတင်းစုံစမ်းရင်း သွားကြရာ သူ့ရည်းစား မဘို့မယ်ဖြစ်နေ သည်။ ဤတွင် မဘို့မယ်ကို အထင်လွဲပြီး ဆင်ကဲအဖို့ ရင်ကွဲရသော ဇာတ်ထုပ်ဖြစ်သည်။

(ဆင်ကဲ) "တော်ပါပေတယ် မဘို့မယ်ရယ်၊ မင်းအစက ငါ့ကိုချစ်ပါ တယ်၊ ခင်ပါတယ်၊ မြတ်နိုးပါတယ်ဆိုပြီး၊ ခုတော့ဖြင့် မင်းက မိဖုရားခေါင်ကြီးပါကလား၊ မင်းငါ့ကို အကြောင်ရိုက်တာ ပေါ့နော်၊ အမယ်လေး မဘို့မယ်ရဲ့ ရက်စက်လေခြင်း၊ ရက်စက်လေခြင်းနော်"

(မဘို့မယ်) "အို - ကိုဆင်ကဲ၊ မဟုတ်တာတွေမပြောနဲ့နော်၊ ကျွန်မရှင်းပြ ပါရစေဦး"

(ဆင်ကဲ) အမလေး၊ တော်ပါတော့ မဘို့မယ်ရယ်၊ ကျွန်တော်မျိုး ငဆင်ကဲမှာဖြင့် အရှင်မိဖုရားခေါင်ကြီးရဲ့ဒူးအထက်က ကျော်လို့ မော်လို့တောင် မကြည့်ဝံ့တဲ့ ဘဝပါကလား၊ ကျွန်တော်မျိုးနောက်ကမှားခဲ့သမျှအပြစ်တွေခွင့်လွှတ်တော် မူပါ မိဖုရားကြီးဘုရား၊ တစ်နိုင်ငံလုံးမှာ ကြော်ငြာများ ကပ်ထားတာ မိဖုရားကြီးမသိလေရော့သလားဘုရား"

(မဘို့မယ်) "ပြည်ပေါ်မှာ၊ ရွှေကြော်ငြာထုတ်သတင်းရယ်ကြောင့်၊ အရှုပ်ရှင်းရအောင် သက်ာချေပါရစေဦး၊ ယခင်အခါအဖေ အမှား။ ပလ္လင်ကနက် အတွင်းကိုလ၊ တမင်ဆက်သွင်းမည် ဇကရာဘုရင်သို့၊ မေကညာခင်က မစွဲပါဘူး၊ စေတနာကို ဆင်ကဲ အပြင်က (အမယ်လေး) လွဲမဖောက်ပြား"

(ဆင်ကဲ) "တော်ပါတော့ မဘို့မယ်ရယ်၊ ကျုပ်မယုံကြည်ဝံ့ပါဘူး၊ ချမ်းသာပေးတော်မူပါဘုရား"

(မဘို့မယ်) "ကိုဆင်ကဲရယ်၊ ကျွန်မကို မငေါ့ပါနဲ့၊ ရှင်ကျွန်မကို ချစ်တယ် မဟုတ်လား၊ ကျွန်မလည်း ရှင်ကလွဲရင် ဘယ်သူ့ကိုမှ မချစ်နိုင်၊ မစုံမက်နိုင်ပါဘူး၊ ဒါ့ကြောင့် ကျွန်မလေ ဆင်ပေါ်ကတမင် လျှောဆင်းပြီး နေရစ်ခဲ့တာပါ၊ ရှင်နဲ့ကျွန်မ လွတ်ရာ ကျွတ်ရာ ထွက်ပြေးကြပါစို့ရဲ့ကိုဆင်ကဲရယ်"

"ပွေ့ညက်ငယ်ပို၊ လေ့နှံကို နှစ်ဖက်မနင်းတာမို့၊ အမျက်ကင်းအောင် မလိမ်တမာ အပျိုကာ၊ ကျိန်စာကို အစုံသောက်ဝံ့ပါရဲ့ ယုံလောက်အောင်ပေး။

မြို့နယ်တစ်ခွင်မှာ၊ ကိုယ်ငယ်လင် သစ္စာဦးပြင်က၊ မေတ္တာအထူးနော် ဘယ်လိုပင် လောင်တော့၊ တကယ်မျိုမပြင်ပေါင် ရှင့်ကိုသနားတာမို့၊ မားကွပ်လို့အမှုကြော်ငြာအေးရအောင် (အမယ်လေး) တခြားလွတ်ရာသို့ ယခုခေါ်ကာသာ ပြေး"

(ဆင်ကဲ) "မလုပ်ပါနဲ့ မဘို့မယ်ရယ်၊ ကျုပ်ရာဇဝတ်ဘေးသင့်ပါ့မယ်။ အမယ်လေးဘုရင့်ဘဏ္ဍာတော်ကိုကျုပ်ဖွက်လို့မထားဝံ့ပါဘူး၊ အေးအေးဆေးဆေး တိုင်းပြည်သာလိုက်ခဲ့ပါတော့"

ဆင်ကဲဘို့မယ်ဇာတ်တွင် စိန်အောင်မင်းနှင့် ဗလပြန်တို့ အပေး အယူညီမျှစွာ ကပြခဲ့ကြသဖြင့် ပရိသတ်တို့ စွဲလမ်းနှစ်ခြိုက်ခဲ့ကြခြင်း ဖြစ်သည်။ ဆင်ကဲက မဘို့မယ် အစကအပျိုစင် ဟုပြောသဖြင့်ယုံခဲ့မိ သည်။ အခုတော့အပျိုစင်မဟုတ်၊ လင်ကြီးငုတ်တုတ် နှင့်ဖြစ်နေ သည်။ လင်ကြီးမှ နယ်နယ်ရရ မဟုတ်၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သည့် ရှင်ဘုရင်ဖြစ်နေရာ၊ သည်လောက် တောင် ဂုဏ်မက်ရသလား၊ စည်းစိမ် အာဏာမက်ရသလား၊ သစ္စာဖောက်ရသလားဟုရန်တွေ့သည်။

မဘို့မယ်ကလည်း သည်ကိစ္စ သူဘာမျှမသိရကြောင်း၊ ဖခင်၏ အစီအမံသာဖြစ်၍ သူ့အဖို့ ဘာမျှမတတ်နိုင်ကြောင်း၊ သူ့အပါအထင် မလွဲဘဲ ချစ်မြဲချစ်ပါဟုအသနားခံသည်။

(ဆင်ကဲ) "ဒွေးနှစ်ဖော် သံဝါညှိကြပြီထင်ရဲ့ မပြေးသော်ကန်ရာရှိနိုင်ပါ့ မလား၊ တန်ပါအမိရယ်တဲ့ မဘို့မယ်။
နှစ်လင်တွဲချင်လို့ ဆင်ကဲကိုအပိုညာရအောင်၊ ဟိုပဒါရုပ်ညီ မျှစေဖို့ ကိုယ်ခန္ဓာ မနုဿဳဟာဖြစ်ခဲ့ရင်၊ ဗန်းပြတင့်တယ်။
ကြောင်းမဖွယ် ထုံးအာသရေမညှိုးရအောင်၊ ခေါင်းတစ်သွယ် ဘုန်းမေဆံထိုးမှာလ၊ နှစ်လုံးရေအိုးကိုတဲ့ ရွက်ပြန်တယ်၊ အကွက်ဘယ်ဟာလယ်မတုံးမင်းညာဏ်များ။
အမြင့်ကိုတင်၊ အမြင့်ကိုတင်တယ်လေလေ့၊ တစ်လင့်ပြင် နှစ်လင်ပျော်၍ ဘုရင့်ကတော် အရသာမက်သူရဲ့ မြပဒါ နှစ်ခက် ဟိုအသဝင်းကိုလ၊ ညအခါ ဆက်ဆက်နှစ်ကိုယ် ကမြင်းရအောင်၊ လိုရင်းအမှ ဟိုနောင်အခါကစား စေဖို့၊ ဟိုဒင်းကလေးတစ်ခု အပိုဆောင်ကာထား"

(မဘို့မယ်) "အမယ်လေး- - -ကိုဆင်ကဲရယ် ပြောရက်ပါပေ့ရဲ့ ကျွန်မ
ဘုရင့်ကတော် မလုပ်ချင်ပါဘူး။ ဒီကိစ္စ ကျွန်မလဲ ဘာမျှမသိရ
ပါဘူး။ကိုဆင်ကဲဒီလောက်တောင်တစ်ဖက်သားကိုနင်ပဲဆ
မပြောပါနဲ့၊ ရှင်နဲ့ကျွန်မဟာ အင်မတန်ချစ်ခဲ့ကြပါ တယ်၊
သမီးရည်းစားလည်းမက၊ လင်မယားလည်းမကျတဲ့ဘဝပါ။
ကိုဆင်ကဲဒီလောက် မတရားမပြောသင့်ပါဘူး။"
"နကညာမှာလေ၊ ကရုဏာဒေါသတွင်းဟာမို့၊ ပယောဂ
မကင်းအောင် မဆိုပါနှင့်၊ ဟိုအခါ ကိုအတှာ ကစားစဉ်က၊
ထိုပဒါ အပိုနှစ်ဖျာ ရှိမရှိကိုဖြင့်၊ မောင်အသိရှာဆုံး။
ရှင်တစ်ယောက်သာဖြင့်ကြင်လောက်အောင် ကညာတစ်ခု
က၊ ပမာပြုစရာ သရုပ်ပလီလို့ ဆွရမှာက၊ မနုဿီဟလို
နှစ်ဖြာမစုံသော်လည်း၊ စကားဝါနှစ်စုံအရင်ကကစားသလိုပ၊
အထင်အရှားတော် လက်ဆုပ်လက်ကိုင် ဖြုံးလျက်ပေယ်နှင့်
တမင်အသနားထောက်ပါအုံး၊ လင်မယားမြောက်ကြစေဖို့၊
ပိုင်ပိုင်နိုင်နိုင်သုံး"

နောက်ဆုံးတွင် ဆင်ကဲက မဘို့မယ်ကို ခေါ်သွားပြီး ဘုရင့်ကို ဆက်သသည်။ ဤတွင် မဘို့မယ်က သူသည် လွတ်လပ်သူမဟုတ်ကြောင်း၊ ချစ်သူဟောင်း ကိုဆင်ကဲနှင့်သာ ပေါင်းဖက်လိုပါကြောင်း တင်လျှောက်သည်။ ထိုအခါ ဘုရင်က အမျက်တော်ရှပြီး ဆင်ကဲကို မဘို့မယ်အားသတ်ရန် အမိန့်ပေးလေသည်။ ဆင်ကဲနှင့် မဘို့မယ်တို့သည် သုသာန်သို့ရောက်ပြီးနောက် မသတ်ရက်သဖြင့်နှစ်ယောက်စလုံး ကိုယ့်ကိုယ်ကို သတ်သေကြမည်ပြုစဉ် ဖူးစာရေးနတ် ပေါ်လာပြီး ကယ်တင်သဖြင့် အသက်ချမ်းသာရာရသွားကြသည်။

ဆင်ကဲဘို့မယ်ဇာတ်ကို ရေးအခါက ဦးဖိုးစိန်ကြီး ကခဲ့သည်။ ထို့နောက်မှ စိန်အောင်မင်း ကပြခြင်းဖြစ်သည်။ စိန်အောင်မင်းသည် ဦးဖိုးစိန်၏မူအတိုင်း ကပြခြင်းဖြစ်သည်။ ဆင်ကဲဘို့မယ်ဇာတ်ထုပ်တွင် မဘို့မယ်အဖြစ် သရုပ်ဆောင်သော ဇလပြန်၏ ဇာတ်လိုက် ဇာတ်စီး ကောင်းမှု၊ သဘင်ပညာရည် ပြည့်ဝမှုတို့ကြောင့် ဇာတ်မှာ ပို၍ ပီပြင်လာရသည်။ တစ်ယောက်နှင့်တစ်ယောက် လက်ခုပ်လက်ပြန်ကနိုင် သဖြင့် အောင်မြင်ကျော်ကြားလူကြိုက်များခဲ့လေသည်။

စိန်အောင်မင်း၏ အကောင်းဆုံး နောက်ပိုင်းဇာတ်ထုပ်ကိုပြပါဆိုလျှင် ချင်းဖဝေးကိုပြရပေမည်။ ထိုဇာတ်ထုပ်သည် စိန်အောင်မင်း၏ အောင်မြင်ကျော်ကြားမှုကို သရဖူဆောင်းပေးလိုက်သော ဇာတ်ထုပ်ဖြစ်သည်။ ထိုဇာတ်ထုပ်ကိုပင် စိန်အောင်မင်း ၁၉ နှစ်သားအရွယ်ကပင် စတင်ကပြခဲ့သည်။ အသက်၆၀ ကျော်သည်အထိ ကပြနေဆဲဖြစ်သည်။

စိန်အောင်မင်းသည် ချင်းဖဝေးကို ဇလပြန်၊ စိန်လေဒီ၊ သူရိယ မတင်ကြည်၊ ဥသြရွှေ၊ ကြည်ကြည်ဝင်း စသည့် မင်းသမီးများနှင့် ကခဲ့သည်။ ဇလပြန်နှင့်တွဲစဉ်က ဇလပြန်နှင့်က၍၊ ဇလပြန်မရှိသောအခါ အခြားမင်းသမီးများနှင့် ကခဲ့သည်။ သို့သော် ပရိသတ်က နန်းကြီးကြေးမုံ အဖြစ် ဇလပြန်သရုပ်ဆောင်ကောင်းလှသဖြင့် ချင်းဖဝေးကာပြီဆိုလျှင် ဇလပြန်နှင့်သာကြည့်ချင်ကြသည်။

ချင်းဖဝေးနှင့် နန်းကြီးကြေးမုံတို့ ဖာလ်မိလ္လာတောင်ခြေရှိ ယာခင်းထဲ၌ တွေ့ပြီး ချစ်ကြိုက်သွားကြသည်။ မကြေးမုံက သူ့ချစ်သူကိုဖဝေးကို ကျွန်မတို့တိုင်းပြည်လိုက်ခဲ့ပါ။ ဟိုကျတော့ ရွှေအကျီ၊ ရွှေပုဆိုးနှင့် အမျိုးမျိုးထားပေးပါမည်ဟု ကတိပြုကာ ခေါ်ဆောင်သွားသည်။ နေပြည်တော်မရောက်မီ လမ်းခရီးအကြား ဥယျာဉ်တော်၌

ခေတ္တနားကာ အိပ်စက်ကြသည်။ ထိုစဉ် ရိုးရာနတ်ရောက်ရှိလာပြီး ချင်းဖဝေးတို့မြေးအဘိုးကို ရိုးရာဖျက်ရပါမည်လားဟုဆိုကာ ချင်းဖဝေးနှင့် နန်းကြီးကြေးမုံတို့ မကွဲကွဲအောင် ဒုက္ခပေးလေတော့သည်။

ဥယျာဉ်တော်ထဲတွင် ဖဝေး၊ မကြေးမုံနှင့် လက်စွဲတော်များမှာ မောမောနှင့် အိပ်ပျော်နေကြသည်။ ရိုးရာနတ်က မကြေးမုံကို သူ့တန်ခိုးဖြင့် တွန်းချသည်။ ဤတွင် မကြေးမုံက ကိုဖဝေးတွန်းချသလားဟု မေးသည်။ ဖဝေးက သူမတွန်းချပါဟု ဖြေသည်။ ဤသို့ ဖြစ်ရသည်မှာ အကြောင်းတစ်ခုခုရှိရမည်။ အတိတ်နိမိတ်မကောင်းဟုပြောကာငိုသည်။

"ထိပ်စရာ၊ နိမိတ်လာ အသွင်ပြတာက၊ စင်ကျပုံထူး၊ စက်မပျော် လုပေဘူးမောင်ရဲ့၊ မက်သနော်ထင်ယောင်ယောင်နဲ့ အမှုမပေါ် ဘယ်သူ့အရေးရယ်လို့၊ (အမယ်လေး) တွေးတတ်နိုင်ဘူး..."

ထို့နောက် ရိုးရာနတ်က "မိကြေးမုံ သဘောက်မ လူစိတ်ပျောက် နတ်စိတ်ရောက်စမ်း" ဆို၍ ရှူးခိုင်းပါသည်။ မကြေးမုံ လူစိတ်ပျောက်သွားသောအခါ "ဖဝေးကို ဆံပင်ဆွဲပြီး ပါးရိုက်လိုက်စမ်း" ဟုအမိန့်ပေးသည်။ လူစိတ်ပျောက်နေသော မကြေးမုံကလည်း ရိုးရာနတ် အမိန့်ပေးသည့်အတိုင်း လိုက်လုပ်နေရသည်။ ဖဝေးတို့ မြေးအဘိုးမှာမူ ဘုမသိ ဘမသိနှင့် ဒုက္ခရောက်နေကြလေသည်။

မကြေးမုံစိတ်ပြန်ကောင်းလာသည့်အခါ မျက်ရည်အရွှဲသားဖြစ်နေသော ဖဝေးကိုမြင်သဖြင့် အကျိုးအကြောင်းမေးသည်။ ဖဝေးက မင်းသမီး ရိုက်၍ခံရကြောင်း၊ သူတို့မြေးအဘိုးမှာ ဘာမျှအပြစ်မရှိပါ။ ကယ်ခဲ့ရ၊ ရေတိုက်ခဲ့ရ၊ ထမင်းကျွေးခဲ့ရတဲ့ ကျေးဇူးတွေ ပြန်ဆပ်တာလားဟု ပြောသည်။ ထိုအခါကျမှ မကြေးမုံမှာ ဖဝေးတို့မြေးအဘိုးကို သနားသွားသည်။ တောသားအရိုင်းအစိုင်းကလေးကို တိုင်းပြည်ခေါ်လာပြီး နိပ်စက်

ကလူပြုမိလေခြင်းဟု နောင်တကြီးစွာ ရနေသောအဖြစ်ကို မကြေးမုံ အဖြစ် သရုပ်ဆောင်သည့် ဗလပြန်က သရုပ်ပေါ်အောင် ဖော်နိုင်ခဲ့သည်။

(မကြေးမုံ) "ကိုဖဝေး၊ ကျွန်မစိတ်ထဲမှာ နောက်ချည်တစ်ခါ၊ ကြည်ချည် တစ်လှည့်နဲ့ တစ်ခါတစ်ခါတော့လဲ ဝိုချင်တယ်၊ တစ်ခါတစ်ခါ တော့လဲ ရယ်ချင်တယ် မောင်ရဲ့..."

(ဖဝေး) "ကောင်မလေး၊ ငါ့ ရိုက်မိလို့ မငိုပါနဲ့ကွယ်၊ နင့်လက်နဲ့ ရိုက် တယ်လို့ငါမအောက်မေ့ပါဘူး၊ ပါးကလေးကိုနမ်းတယ်လို့ပဲ အောက်မေ့ပါတယ်"

(မကြေးမုံ) "မောင်မင်းများ"

လက်စွဲတော်များက "ဘုရား" ထူးကြသည်။

(မကြေးမုံ) "သနားစရာကောင်းလိုက်တာ၊ တောသားအရိုင်းကလေး တိုင်းပြည်ခေါ်လာပြီး ငါပြုမိလေခြင်းနော်"

"အထူး ကြွင်သူရယ်၊ ဥယျာဉ်တော် သပြေရိပ်မှာလ၊ ရွှေစိတ်တော် ဘယ်ပုံဖြစ်ပါလိမ့်၊ စံနစ်တော် ပျိုမသိလေဘု၊ ဆိုမိ ရိုက်မိလေသလား"

"သနားလိုက်လေခြင်း မောင်ရဲ့ ပါးရိုက်ကာ ရောင်ကိုကိုင်မိ လေသလား၊ မောင်ကိုယ်တိုင်ပြန်ကာပြုလိုက်ပါတော့၊ (အမယ်လေး) ယွင်းမှုမထား--- ကိုဖဝေးကိုသနား"

မကြေးမုံသည် မျက်စိသငယ် နားသငယ်ဖြစ်နေသော ချင်းဖဝေးကို ရိုက်မိသဖြင့် လွန်စွာသနားသွားမိသည်။ သို့သော် ရိုးရာနတ်၏စေနိုင်း ချက်အရ လိုက်လုပ်နေရခြင်းဖြစ်ရကား စိတ်ကြည်လင်ခိုက် ကရုဏာ သက်မိသော်လည်း၊ စိတ်ဖောက်ပြန်သည့်အခါ ထပ်၍ ရိုက်မိပြန် သည်။

သို့နှင့် သွက်သွက်လည်အောင် ရှုးသွားပြီး ဖဝေးတို့ မြေးအဘိုးကို ကြိုးတုပ်ကာ ဥယျာဉ်တော်ထဲ၌ထားခဲ့သည်။

နန်းတွင်းသို့ရောက်ပြီးနောက် စိတ်ကြည်လင်လာသောအခါ မိမိမတော်မတဲ့ပြောမိဆိုမိသမျှကို တွေးပြီးရှက်လာမိသည်။ စိတ်ဖောက်ပြန်စဉ်အခါက ရောက်တတ်ရာရာ ပြောမိဆိုမိတာတွေကို ခမည်းတော်ဘုရား သည်းခံခွင့်လွှတ်တော်မူပါရန် အသနားခံတောင်းပန် ရှာသည်။

"အပေါင်းဝန်တို့ရယ်၊ ကောင်းစွာအထူးပ သနားတာဖြင့်၊ အရှုးမစကားကိုတော်၊ ဖွဲ့မယူရန်ဖို့၊ နေတစ်ဆူဘုရင်သမ္ဘတာကိုလ၊ တင်ကြပါအများ။

နလုံးမကောင်းလိုက်တာ၊ ရုံးပေါင်းကာ ဘာကိုတင်မိပါလိမ့်၊ နာဂရာဗဟိုရ်ပလ္လင်ခမည်းတော် ဖူးမိပါသ ဘုရား့၊ စကားအရာမှာ အမှားပါလို့ ကျူးမိပြီမို့ (အမယ်လေး) အရှုးမလေးမို့ ဆိုမိ ဝေါက်မိ ပြောမိပါပြီဘုရား... ကယ်တော်မူကြပါအများ"

မကြေးမှဲ့ ဥယျာဉ်တော်အတွင်း၌ ရှုးခန်း၊ ရွှေနန်းတော်အတွင်း၌ ရှုးခန်း၊ ဖဝေးကို မတရားသက်သက် နှိပ်စက်မိသဖြင့် အသနားပိုကာ ငိုယိုတောင်းပန်လိုက်၊ စိတ်ဖောက်ပြန်လာသောအခါ ပြန်၍နှိပ်စက်လိုက်စသည်ဖြင့် ဇလပြန် ပိုင်ပိုင်နိုင်နိုင် အစွမ်းပြခဲ့သည်။

အထူးသဖြင့်ဥယျာဉ်တော်အတွင်း ရှုးခန်း၌ လက်စွဲတော်နှစ်ဦးကို တို့လားဆိတ်လားနှင့် သစ္စာထားလိုထား၊ ပေါက်တတ်ကရ အရှုးသီချင်းတွေ ဆိုလိုဆို၊ ကလိုက၊ ပုဆိုးကို ချွတ်လိုချွတ်၊ နပ်နှင့်ပက်လိုပက်၊ သွက်သွက်လည်အောင် ရှုးသွားသည့် သရုပ်ဆောင်အမူအရာမှာ ကောင်းလွန်းပီပြင်လွန်းလှသဖြင့်ရယ်လည်းရယ်ရ၊ သနားလည်းသနားရနှင့် တစ်ပွဲလုံးသိမ့်သိမ့်ခါမျှ ခံစားရသော အခန်းဖြစ်သည်။

"ပိုး၊ မွေး၊ မျှော်၊ ခေါ်၊ အောင်၊ ဖော်၊ လု၊ ဘာ၊ ရှူး၊ အာ၊ သေ၊ ပစ်" ဟူသော မင်းသမီးတို့ တတ်အပ်သည့် အင်္ဂါ (၁၂) ရပ်ရှိပါသည်။ ဗလပြန်သည် ယင်းအင်္ဂါ (၁၂) ရပ်ကိုပြည့်စုံတတ်ကျွမ်းကြောင်း ကြည့်ဖူးသူတိုင်းသိရှိကြပေသည်။

ဗလပြန်သည် စိန်အောင်မင်း၊ ရွှေမန်းကျော်အောင်၊ ပန်တျာကြည်လင်တို့နှင့် တွဲဖက်၍ ဇာတ်ထုပ်ဓာတ်ပြားများသွင်းခဲ့သည်။ တိပ်ခွေများ ခေတ်စားလာချိန်၌လည်း စိန်အောင်မင်းနှင့် တွဲဖက်၍ တိပ်ခွေဇာတ်ထုပ်များ သွင်းခဲ့သည်။ ထို့ပြင် အေဝမ်း ဦးတင်မောင် ရိုက်ကူးသည့် ဗီဇယကုမ္မာ ရုပ်ရှင်ဇာတ်ကားတွင် စိန်အောင်မင်း၊ ကြည်ကြည်ဌေးတို့နှင့်အတူပါဝင် သရုပ်ဆောင်ခဲ့ဖူးသည်။

ဗလပြန်ဟူသောအမည်မှာ မိမိဘာသာ မှည့်ခေါ်ထားခြင်းမဟုတ်၊ ပရိသတ်က အောင်ဗလဝင်စားသည်၊ အောင်ဗလ လူ့ပြည်သို့တစ်ဖန်ပြန်ရောက်လာသည်ဟူသော သဘောဖြင့် "ဗလပြန်" ဟုအမည်ပေးကြခြင်းဖြစ်ကြောင်းသိရသည်။ အိမ်စောင့်အစိုးရလက်ထက်၊ ဦးဝိစာရလမ်း တပ်မတော်ကပွဲရုံတွင် ရုပ်သေးနှင့်အပြိုင်ကခဲ့ရာ ကြိုးဆွဲကအရှုံးပေးရသည်။ ထိုပွဲတွင်ဗိုလ်မှူးကြီး ထွန်းစိန်က "အကဝိဇ္ဇာ ဗလပြန်" ဟူသော ဂုဏ်ထူးဆောင်လက်မှတ်နှင့်တာကွ ရွှေတံဆိပ်ဆု ချီးမြှင့်ခဲ့လေသည်။

၁၉၇၅ ခုနှစ်၊ ကျိုက္ကဆံကွင်းပြည်ထောင်စုပွဲတော်တွင် စိန်အောင်မင်းဇာတ်အဖွဲ့နှင့် ကူညီကပြနေခိုက် "စံတော်ချိန်" အကကို တီထွင်ကပြခဲ့သည်။ ထိုကကွက်ကို ဗဟိုရုပ်ရှင်မှ မှတ်တမ်းတင်ရိုက်ကူးထားခဲ့သည်။ ဖဆပလအစိုးရလက်ထက် ၁၉၆၀ ခုနှစ်တွင် စိန်အောင်မင်း၊ ရွှေမန်းတင်မောင်၊ ဦးအောင်မောင်းတို့ ပါဝင်သော ယဉ်ကျေးမှုအဖွဲ့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ်ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့

စေလွှတ်ရာ ဗလပြန်လည်း အဖွဲ့ဝင်တစ်ဦးအဖြစ် လိုက်ပါသွားသည်။ တရုတ်ပြည်တွင် ဗလပြန်က နတ်ကိန္နရီအကကို ကပြခဲ့ရာ ပရိသတ်များ ကြိုက်နှစ်သက်ခဲ့ကြောင်း သိရသည်။

ကျွန်တော်သည် (၁၀-၈-၇၂) နေ့က ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကဇာတ်ဌာနခွဲသို့ သွားရောက်၍ ဗလပြန်နှင့်တွေ့ဆုံကာ ဗလပြန်၏ အနုပညာဘဝခရီးကို မှတ်တမ်းတင်ခဲ့ပါသည်။ ဗလပြန်က - - -

"အမေတို့ ရှေးက ပညာသင်ရတာ ခုခေတ်နဲ့တော့ တခြားစီပဲ သားရေ၊ ဆရာဆီမှာ ဝတ်ကြီး၊ ဝတ်ငယ်ပြုရုပြီး ကုတ်ကုတ်ကတ်ကတ် သင်ရတာ၊ မင်းသမီးကောင်းတစ်လက်ဖြစ်ဖို့ "ပိုး၊ မွေး၊ ခေါ်၊ မျှော်၊ အောင်၊ ဇော်၊ လု၊ ဘ၊ ရှုး၊ အ၊ သေ၊ ပစ်" လို့ဆိုတဲ့ ပညာ ၁၂ ရပ်ကို တတ်ကျွမ်းရတယ်၊ ဥပမာဆိုတော့ မင်းသမီးက အပျိုစစ်စစ်ဖြစ်ပေမယ့် ကလေးမီးဖွားခန်းပါတဲ့ဇာတ်မျိုးကမယ်ဆိုရင် ကတတ်ရတယ်၊ ဆရာက ဟဲ့ ရွာထဲက ဘယ်သူ့အိမ်မှာ မီးဖွားနေတယ်၊ သွားကြည့်ပြီး မှတ်ခဲ့လို့ ခိုင်းလိုက်တယ်၊ အဲဒီအခါကျတော့ ဝမ်းနာလာတဲ့ မိန်းမတစ်ယောက် ပြောတတ်ဆိုတတ်တဲ့စကားမျိုးတွေညည်းသံမျိုးတွေကိုပြောပြီးတော့ -

"မအောင့်နိုင်၊ ဆောင့်ကြောင့်ထိုင် အခံကျပ်ပါဘိ၊ မတ်တပ်ရပ်ပြန်ပါ၊ တင်းကျပ်ကျပ်နာ။

လူ့မမွေတာ လင်ယူစရယ်က မှုစရာမထင်လှပါဘူး၊ ကောင်းနိုင်မျှ ထင်မိပါ၊ သည်ခါတွင်မှဖိစီး။

ဖွားနိုင်ပေါင်၊ သည်သားရယ်တစ်ကောင်ကြောင့်၊ နောက်နောင် ပျိုမမက်ပါဘု၊ လင်စိတ်တောင် သည်မယ်ပျက်ပါပြီ (အမယ်လေး) အောင့်သက်သက်ကြီး" လို့ဆိုရတယ်။

ဤသို့လျှင် ဗလပြန်က ရှေးခေတ်က သဘင်ပညာ သင်ကြားခဲ့ရပုံများကိုကျွန်တော့်အား သူနှင့်တွေ့ဆုံမှတ်တမ်းတင်သည့်နေ့က ပြောပြခဲ့ဖူးသည်။

ဗလပြန်သည် ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှစ၍ ယဉ်ကျေးမှုကဇာတ်ဌာနသို့ ဝင်ရောက်အမှုထမ်းဆောင်ခဲ့သည်။ ကဇာတ်ဌာနခွဲတွင် အကအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ဗလပြန်၏ (၁) သိုင်းဒေဝီ၊ (၂) ခုံတင်ရုပ်သေးအက၊ (၃) ရွှေပင့်ကူနှင့် မြွေမင်းသမီးအက၊ (၄) မာယာသူ့ဌက်အကတို့ကို မှတ်တမ်းတင်ရိုက်ကူး၍ ထုတ်လွှင့်ပြသခဲ့ ဖူးသည်။ ဗလပြန်သည် ရန်ကုန်မြို့ သာကေတမြို့နယ်၊ အမှတ် – ၁၀၀၈၊ (၆) ရပ်ကွက်၊ ဝေဇယန္တာအရှေ့(၁၁) လမ်းနေအိမ်တွင် နေထိုင်ရင်းအသက် (၇၂) နှစ်အရွယ် (၁၁ - ၂ - ၈၇) နေ့တွင် ကွယ်လွန်ခဲ့လေသည်။

ဗလပြန်သည် နိုင်ငံကျော် ယောက်ျားမင်းသမီး အောင်ဗလ ကွယ်လွန်ပြီးနောက် ပေါ်ထွက်လာသော၊ အောင်ဗလအတွက် အလွမ်းမပြေဖြစ်နေကြသော ပရိသတ်ကြီးအတွက် အလွမ်းပြေဖြစ်ခဲ့ရသည်ဟု ဆိုက မှားမည်မဟုတ်ပါ။ ဗလပြန်သည် သူ့ကိုသူ အောင်ဗလ၏ ဒုတိယမြောက် ဘဝဖြစ်ကြောင်း၊ အောင်ဗလပြန်လာခြင်းဖြစ်ကြောင်း ဖော်ထုတ်လေ့ရှိသည်။

"ဗလပဲ ဗလပဲ အမှန်ပါ

ကုသလာမှော × အကြောင်းကံဆုံပြန်လာ

ကျွန်မခေါ်လာ × အခြေဂုဏ်ကဲသတင်း

ဖေဖေဖုံပွဲမင်းပါ × မန္တလာကျေးမနေးပြန်လာ

ဗလပြန်လာတာ × မရဏစံတာဟာ × တစ်ခဏအမှန်ပါ" ဟူသော သီချင်းနှင့် ကြေညာလေ့ရှိသည်။

# သတင့်ဥဒေသျှာင် ကနက်စိန်

"လာပါ ဒေဝီ မာယာမေ့ွလီ× မာယာမေ့ွလီ လာပါ ဒေဝီ ×ရွှေပြည်ကိုမြန်း× ဒေဝီပျိုဖြန်း× စခန်းအလှဲ့မှာ × ပန်းတဲ့ကညာ× လှမ်းခဲ့ပါကွယ်× ကုန်းမော်အထက်ဝယ်× ဘုန်းမော်ရုက်ဖွယ်× သလုံးတော်ညက်ညက်ကလေးရယ်ပေါ်တော့မယ်----။

တစ်ဒေဝီရယ် တစ်ဒေဝီရယ်× မပေဟာသီရယ်× လှမ်းခဲ့ပါမြိုင် အဓဝုဝယ်× ကိုယ့်ထဘီကလေးကိုမှမနိုင်တော့ဘူးလား× မနိုင်တော့ဘူး လားကွယ်----။

ကိုယ့်ပဝါကလေးကိုမှ မနိုင်တော့ဘူးလား× မနိုင်တော့ဘူးလား ကွယ်× ကိုယ့်ပန်းခိုင်ကလေးကိုမှ မနိုင်တော့ဘူးလား× မနိုင်တော့ဘူး လားကွယ်× ကိုယ့်ဖိနပ်လေးကိုမှ မနိုင်တော့ဘူးလား× မနိုင်တော့ဘူး လားကွယ်----။

လှမ်းချွေဆင်သပေးမယ် အမှန်ပ× သန်းရွှေရင်ကလေးရယ် အမြန်ထ× ပန်းရွှေသဇင်ကလေးကိုပန်မလားဗျ× နန်းမြေကဝေး--- မြေကဝေး× နန်းမြေကဝေး---- မြေကဝေး---"

ကနက်စိန်သည် ဖခင်ကြီးဂရိတ်ဦးဖိုးစိန် သီဆိုသော "လာပါဒေဝီ မာယာမေ့ွလီ"မြိုင်ထသီချင်းကိုသီဆိုလျက်နစ်ပါးသွားထွက်လာသည်။

ပြုံးရွှင်သော မျက်နှာ၊ ကြည်လင်သောမျက်နှာပေးဖြင့် မြိုင်ထသီချင်း သီဆိုရင်း အဆိုအကပညာ၏ ယဉ်ကျေးသိမ်မွေ့ခြင်း၊ နက်နဲခြင်း၊ ခက်ခဲခြင်း၊ ညက်ညောခြင်း စသောဝိသေသပုဒ်တို့၏ အထွတ်အထိပ် ရောက်အောင်ပင် သိမ်သိမ်မွေ့မွေ့ ကပြလျက်ရှိသည်။ မျက်နှာက ပြုံးသော်လည်း နှလုံးသားက ငိုကြွေးနေသည်ကိုမူ ပွဲကြည့်ပရိသတ်တို့ မသိရှာကြပေ။

အချိန်ကား ၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့ ကနက်စိန်နှင့် တစ်သက်စိန်၊ စိန်ကြိုင်တို့ပါဝင်သော စိန်မဟာသဘင် အဖွဲ့ကြီး မြောင်းမြမြို့တွင် ကပြရန်ရောက်ရှိနေကြသည်။ မြောင်းမြမြို့သို့ အခြား ဇာတ်ဖွဲ့သားများကိုအလျင်လွှတ်လိုက်ပြီး သူကနောက်မှလေယာဉ်ပျံနှင့် လိုက်လာခဲ့ခြင်းဖြစ်သည်။ ကျေးဇူးရှင် ဖခင်ကြီး ဦးဖိုးစိန်မကျန်းမမာဖြစ် နေသည်မှာ အတန်ကြာခဲ့ပြီ။ ရောဂါကတက်လိုက် ဆုတ်လိုက်ဖြစ်နေ သည်။ ရောဂါတက်လျှင် ဖခင်ကြီး၏အပါး၌ ပြုစု၍ ရောဂါကျလျှင် ပွဲကစရာရှိက ပွဲထွက်ကရသည်။

မြောင်းမြသို့ လာခါနီးတွင် ဖခင်ကြီး၏ ရောဂါမှာ အတန်ငယ်သက် သာနေသည်။ ထိုနေ့ နံနက်က ဖခင်ကြီးကိုကြည့်ရသည်မှာအတော်ပင် နေသာထိုင်သာရှိလျက် ရွှင်ရွှင်လန်းလန်း ဖြစ်နေသည်။ ဖခင်ကြီးကိုယ် တိုင်ကပင် သူ့ကို မြောင်းမြတွင် ပွဲဝင်နောက်ကျမည်ကို မလိုလား။ ထို့ကြောင့် သူ့ကိုစိတ်ချလက်ချ ထားခဲ့ပြီး၊ မြောင်းမြသို့ အချိန်မီသွားရန် တိုက်တွန်းနေသည်။ သို့နှင့် သူသည်စိတ်လက်ပေါ့ပါးစွာ ထွက်ခဲ့ခြင်းဖြစ် သည်။

ထိုညက သူသည်ပွဲထွက်ရန် မှန်တင်ခုံရှေ့၌ အလှပြင်နေသည်။ သူအလှပြင်နေစဉ် ညီဖြစ်သူ ကိုစိန်ကြိုင် ဇာတ်ခုံပေါ်မှ ဆင်းလာပြီး၊

ပွဲဈေးတန်းဘက်သို့ ထွက်သွားသည်ကို သတိထားလိုက်မိသည်။ မကြာမီကိုစိန်ကြိုင်ပြန်ရောက်လာသည်။ ဇာတ်ရုံနောက်ပိုင်းကအဖွဲ့သားတွေနှင့် စုရုံးစုရုံးပြောနေကြသည်ကို တွေ့ရသည်။ အားလုံးလိုလိုပင်မျက်စိမျက်နှာမသာမယာဖြစ်နေသည်ကိုလည်း သူသတိပြုမိသည်။ ဘာတွေဖြစ်နေကြပါလိမ့် သူသိချင်လာသည်။ အလှပြင်နေရသည်ကိုစိတ်မဝင်စားနိုင်တော့။ သို့နှင့်သူဇာတ်ခုံပေါ်မှဆင်းလာခဲ့တော့သည်။

ကိုစိန်ကြိုင်က သူ့ကိုတွေ့လျှင်တွေ့ခြင်း "ကိုခဲဖေဖေဆုံးပြီတဲ့" ဟုလှမ်းပြောလိုက်သည်။ ဘုရားဒကာကြီး ဂရိတ်ဦးဖိုးစိန်ယနေ့မွန်းလွဲ ၂နာရီအချိန်က ကွယ်လွန်အနိစ္စရောက်သွားပြီဖြစ်ကြောင်းမြန်မာ့အသံမှည ၇နာရီ ၄၅မိနစ် သတင်းပိုင်းတွင်ကြေညာသွားသည်ကိုသူကြားခဲ့ရသည်။ သူတို့ညီအစ်ကိုနားသို့ အဖွဲ့သားတွေ ဝိုင်းအုံ လာကြသည်။ အားပေးစကားပြောလာကြသည် ။ မြန်မာ့ဇာတ်သဘင်လောကတွင် အစားထိုးမရသော ဆုံးရှုံးမှုကြီးတစ်ခုဖြစ်သည်မို့ သူတို့နမြောမည်ဆိုလျှင် နမြောထိုက်ပါသည်။ သူ့တို့အဖို့ အဖိုးတန်စိန်တုံးကြီးတစ်ခုပျောက်ကွယ်သွားသကဲ့သို့နမြောတသခြင်းသာဖြစ်သည်။ ကနက်စိန်တို့အဖို့မှာမူကား မိခိုအားထားရာရွှေမြင့်မိုရ်တောင်ကြီး ပြိုကျပျက်စီးခဲ့ပါပြီကော။

မျက်ရည်သုတ်၍ မပူရပ်ဆင်ကာ နစ်ပါးခွင်၌ ရွှင်ရွှင်မြူးမြူးကပြရပေဦးမည်။ ဇာတ်သွေးဇာတ်သားဖြစ်၍ အဖေ့အမွေကိုပခုံးပြောင်းတာဝန်ယူရမည့်သူဖြစ်ရာအလုပ်ကိုနောက်မဆုတ်ပါချေ။ အလုပ်ကိုအလုပ်နှင့်တူတန်အောင်ကပြရပေမည်။ သို့မှလည်း ပရိသတ်အပေါ်စေတနာထားရာရောက်မည်မဟုတ်ပါလား။

(ကနက်စိန်) "သစ္စာထားကို ကဆိုရမယ် × လင်မယားလို ကဆိုရမယ် × ရှေးအစဉ်လာပါကွယ်မိန်းမရယ် × လူတွေအလယ်မှာ သတ္တာန်လုပ်ရင် သရုပ်တူစေကွယ် × သဘောထားကြီးရမယ် × သဘောထားကြီးရမယ် × ကိုယ်ပိုင်ဇာတ်ကိုစီးကာ × ကြေးကြီးပေးလို့ခေါ်ခဲ့တယ် × ပွဲလယ်မှာ ငါ့သဘောထင်သမျှကွယ် × ကျော်ပိုင်နင်းပိုင်စေဖို့ × လက်မှတ်ထိုးပြီးတော့ × စာချုပ်စာတမ်း ထင်ရှားလို့ရယ် × ကျွန်တော့်ဇာတ်ထဲကို မလိုက်မနေနိုင်လို့ပါတဲ့ × ကိုယ်ကိုတိုင်ရှေ့တော့ - အင့် - ရှင့်လို့ × အပ်လာသူတွေရယ် × တို့ကာ ဆိတ်ကာ ဖက်ကာ နမ်းမလို့ × ရှေ့တော်ကိုဆက်စမ်းပါလို့ပွဲတော်တယ်ချင်တယ် - - - "

(မင်းသမီး) "ကျွန်မကိုသာပိုပြီးတော့ ကိုခဲရယ် × ကလေရာ အမြဲလာပါလို့ဆွယ် × သနားစရာချွဲပါလို့တကယ် × အရတွယ်တာ ဆွဲလို့ခေါ်ခဲ့တယ် × အကြိမ်ကြိမ်အခါခါဆွယ် × နောက်ပိုးရယ် ရနီးရယ် × အပြောမကြီးနဲ့ ငွေအမ်းပြီးတော့ မနက်ဖြန်ပြန်တော့မယ် - - - "

(ကနက်စိန်) "ဒီကောင်မလေးတွေ ချစ်လို့သာပါကွယ် × ဒီကောင်မလေးတွေ ကြိုက်လို့သာပါကွယ် × သဘင့်အမွေကိုမြင့်အောင်ဆောင်ရွက်ရမယ် × မယားရတော်ကာပျော်စရာကောင်းလို့ကျွန်တော်ပွဲကတယ် × ခိုဝင်လာတဲ့ သံယောဇဉ်ကြိုးကသွယ် × ချစ်တဲ့သူနဲ့ပျော်ရှင်တယ် × ဒီကိုလာစမ်းခင်ရယ် × မင့်လင်စိန်ချစ်လွန်လွန်းလို့လောကီစည်းစိမ်ယူချင်တယ် - - - "

ကနက်စိန်ကိုယ်တိုင်ရေးသည့် နှစ်ပါးသွားသီချင်းဖြစ်သည်။ လူ့ဘဝသည်ဇာတ်ခုံနှင့်တူသည်ဆိုကြပါစို့။ ကံဇာတ်ဆရာ၏စေခိုင်းချက်အရကပြနေကြရသည်။ မိမိက ပျော်ရွှင်စရာအခန်းကပြလိုသော်လည်း ကံဇာတ်ဆရာက လွမ်းစရာဆွေးစရာအခန်းကခိုင်းလျှင် ကပြရမည်သာဖြစ်သည်။ ထို့အတူမိမိက အလွမ်းအဆွေးကလိုပါလျက် ကံဇာတ်ဆရာက အရွှင်အသောကခိုင်းလျှင်လည်း ကရမည်သာဖြစ်သည်။ ဖြစ်ချင်တာလည်းမဖြစ်ရပါ၊ မဖြစ်ချင်တာလည်းဖြစ်ရပါ ဘဝသံသရာဟု ဆိုထားသည်မဟုတ်ပါလား။

ယခုလည်းကြည့်ပါ ။ ရန်ကုန်တွင် အဖေသေနေသည်။ သည်မှာ သားက သစ္စာထားနှစ်ပါးသွားကနေရသည်။ ကရမည့်သဘာဝက အသော အမြူး၊ တကယ်ဘဝက အလွမ်း။ ထိုညက ကနက်စိန်သည် ခါတိုင်းနှင့်မတူအထူးကြိုးစား၍ကပြခဲ့လေသည်။ ထိုညမှစ၍ကနက်စိန်သည်စိန်မဟာသဘင်အဖွဲ့ကြီး၏ဦးစီးခေါင်းဆောင်ဖြစ်လာခဲ့ရသည်။ မြန်မာ့ဇာတ်သဘင်တွင် ဘုရင်တစ်ဆူမင်းမူခဲ့သော ပဏ္ဍာကျော်ထင် ဘုရားအကာဦးဖိုးစိန်ကြီးကွယ်လွန်သွား၍နမြောတသမဆုံးရှိခဲ့ကြသော ပွဲကြည့်ပရိသတ်ကြီးသည် သူ၏သားကို အသနားကရုဏာပိုကာ တစ်ခဲနက်အားပေးခဲ့ကြလေသည်။

ကနက်စိန်ကား သဘင်ပညာကိုဝါသနာပါသူမဟုတ်။ သဘင်ပညာဖြင့် အသက်မွေးရန်လည်း မရည်ရွယ်ခဲ့ပါချေ။ သူသည် ထိုခေတ်ထိုအခါက တစ်ပါးသူတို့အိပ်မက်မျှပင် မမက်ဝံ့သော် နိုင်ငံခြားတိုင်းပြည်၌ပညာသင်ကြားခဲ့သူဖြစ်သည်။ သူ၏မူလရည်ရွယ်ချက်မှာ တက္ကသိုလ်ပညာကို ဆုံးခန်းတိုင်အောင်သင်ကြားရန်ဖြစ်သည်။ သို့သော် ၁၉၃၆ ခုနှစ် ဒုတိယကျောင်းသားသပိတ်က သူ့ဘဝကိုတစ်ဆစ်ချိုးပြောင်းစေခဲ့သည်။

ဤသို့ပြောင်းခဲ့ရပုံကို ကနက်စိန်က ဆန်းညွှန့်ဦးမဂ္ဂဇင်းတွင် အောက်ပါအတိုင်းရေးသားထားလေသည်။

"ကျွန်တော်သည် ၁၉၃၆ ခုနှစ်က ဆယ်တန်းအောင်၍ ကောလိပ်သို့ အရောက်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နု၊ မစ္စတာရာရှစ်ခေါင်းဆောင်သော ကျောင်းသားသပိတ်ကြီးတွင် ပါဝင်ဆင်နွှဲလျက်ရှိရာ ပုသိမ်မြို့တွင် ဇာတ်ကနေသော ဖေဖေက ကျွန်တော့်အား ဖွတ်အတင်း ခေါ်နိုင်းပြီး နောက် ကစေသဖြင့် ပထမအကြိမ်ဇာတ်ခုံပေါ်သို့ ကျွန်တော် ရောက်ခဲ့ရပါသည်။ နောက် ၁၉၃၇ ခုနှစ်တွင် ကျွန်တော်သည် အင်္ဂလန်ပြည်သို့ သွားပြီး ပညာသင်ရန်ကြိုးစားခဲ့သည်ကို ဖေဖေသည် နိုင်ငံခြားရှိမိတ်ဆွေများမှတစ်ဆင့် ကျွန်တော့်အား သဘင်ပညာကိုပဲ ထိထိရောက်ရောက်ဆုံးခန်းတိုင်လိုက်စားရန် အမျိုးမျိုးတိုက်တွန်းခဲ့သောကြောင့် ယနေ့ ကျွန်တော်သည်တင်းပြည့်ကျပ်ပြည့်သဘင်သည်တစ်ယောက်အဖြစ်သို့ ရောက်ခဲ့ရပါပြီ"

ဒုတိယကျောင်းသားသပိတ်ကြီးမှ နိုင်ငံရေးခေါင်းဆောင်များ၊ စစ်ရေးခေါင်းဆောင်များ၊ စာပေခေါင်းဆောင်များအများအပြားကို မွေးထုတ်ပေးခဲ့သော်လည်း သဘင့်ခေါင်းဆောင်ကိုမူ ရှားရှားပါးပါး တစ်ဦးတည်းသာ မွေးထုတ်ပေးခဲ့သည်။ သူကား အခြားသူမဟုတ်၊ သဘင်ဥသျှောင်ကနက်စိန်ပါတည်း။

ကနက်စိန်သည် မူလကသဘင်ပညာ၊ သဘင်အလုပ်ကို ဝါသနာမပါသော်လည်း တကယ်တမ်းမင်းသားဖြစ်လာသောအခါ သွေးက စကားပြောလာသည်။ မျိုးရိုးစဉ်ဆက်ကိုပြန်၍သုံးသပ်ကြည့်ပါ။

၁။ ဦးဖိုးစိန်၏ဖခင် - ဦးစံဒွန်း(ဇာတ်မင်းသား)

၂။ ဦးဖိုးစိန်၏မိခင် - ဒေါ်ရွှေရုပ်(ဇာတ်မင်းသမီး)

၃။ ဦးဖိုးစိန်၏အစ်ကို - ကိုချစ်စရာ(မင်းသားကြီး)
၄။ ဦးဖိုးစိန်၏အဖေဝဖတူ - ဒေါ်စိန်မြိုင်(ဇာတ်မင်းသမီးကြီး)
အမေကွဲအစ်မ
၅။ ဦးဖိုးစိန်၏တူ - ကိုစံကွန်း(မင်းသားလတ်)
၆။ ဦးဖိုးစိန်၏ညီဝမ်းကွဲ - ဆရာဆိတ်(ပတ်တီးခေါင်းဆောင်)
၇။ ဦးဖိုးစိန်၏တူ - ဦးဘမောင်(ပတ်တီးခေါင်းဆောင်
ဒေါ်စိန်မြိုင်၏သား အလက်ကာကျော်စွာ)
၈။ ဦးဖိုးစိန်၏ဇနီး - ဒေါ်ကြင်ယုံ(ဇာတ်မင်းသမီး)
၉။ ဦးဖိုးစိန်၏သား - ကနက်စိန်(ဇာတ်မင်းသား)

ဤသို့သော မျိုးရိုးစဉ်ဆက် အရိပ်အာဝါသအောက်မှ ပေါက်ဖွားခဲ့သောကနက်စိန်သည်ဇာတ်သဘင်ပညာကိုတဖြည်းဖြည်းသံယောဇဉ်တွယ်တာလာတော့သည်။ သဘင့်ပါရဂူ ဖခင်ကြီး၏အမွေအနှစ်ကိုချစ်မြတ်နိုးကာ မြန်မာ့ဇာတ်သဘင် အဆင့်အတန်းမြင့်မားအောင်အစွမ်းကုန်ကြိုးစားလေတော့သည်။

ကနက်စိန်သည်ခေတ်ပညာတတ်ဖြစ်သည်နှင့်အညီဇာတ်သဘင်တစ်ခေတ်ဆန်းအောင် ကြိုးပမ်းတီထွင်ခဲ့သည်။ ဇာတ်ခုံပေါ်တွင်မီးဟုန်းဟုန်းလောင်ပြခြင်း၊ လေကြီးမိုးကြီးတိုက်ခြင်း၊ ဆီးနှင်းတွေတဖွဲဖွဲကျဆင်းခြင်း၊ အင်္ဂလိပ်တီးဝိုင်းဖြင့် ဖိတ်ဖိတ်တောက်စေခြင်းတို့မှ သူ၏တီထွင်မှုများပင်ဖြစ်သည်။

ဖခင်ကြီးရှိစဉ်က တီထွင်ကပြခဲ့သော အနောက်တိုင်းခြေကတက်ဒန့်စ်[၁]ကိုလည်း ညီဖြစ်သူတစ်သက်စိန်အား ပြန်လည်ဆန်းသစ်စေခဲ့သည်။ ကိုယ်တိုင်လည်း စကော့တလန်လူမျိုးများ၏ ဘတ်ခ်ပိုက်[၂]

၁။ Tap Dance
၂။ Bag Pipe

ခရာသံနှင့်ဆင်အောင် နဲ့ဆရာကြီးဝိဇ္ဇာညွန့်၏ အကူအညီဖြင့်တီးမှုတ်ကာ ခြေကကိုကပြခဲ့လေသည်။

ပသီပုံပြင်၊ တရုတ်ပုံပြင် ၊ ကုလားပုံပြင်များမှ ကောင်းနိုးရာရာပုံပြင်များကို ရွေးချယ်လျက်မြန်မာမှုပြုကာ အရှေ့ပိုင်း ကဏ္ဍတွင် တင်ဆက်ခဲ့သည်။ ၁၉၅၆ ခုနှစ်၊ဇွန်လ ၂၉ ရက်နေ့မှစ၍ပလေဒီယံရုံတွင် ဖင်းမယ်ပဏ္ဏာသမှ မဏိယကွဇာတ်ကို ပတ္တမြားမျက်လုံး တေးသံစုံဇာတ်ဆန်းယဉ် အမည်ဖြင့် တင်ဆက်ကပြခဲ့သည်။ ထိုဇာတ်အတွက် အချို့အချို့သော ဇာတ်စာ ဇာတ်ချင်းတို့ကို ကိုယ်တိုင်ရေးသားခဲ့သည်။ ကနက်စိန်ကိုယ်တိုင်ရေးသားသော ဆောင်တော်ကူးကြီးကို နမူနာထုတ်ပြပါရစေ။

"ဆောင်လယ်ကတီကြွမှာ
မောင်မယ်ကြည်ကြရာ
ဟိုအရင်နှစ်ဖြာကြင်တုန်းရယ်က
မောင်သုံးတဲ့သစ္စာတည်ပါစေဘုရား။
ရွှေသဇ္ဇာနဲ့အုံးတော်မှီကာ
ရွှေသဇ္ဇာနဲ့အုံးတော်မှီကာ
ချီပွေ့ယူပိုက်ကာထား
ရှိုက်လျက်ဘဝင်တုန်
ရွှေရင်အုံမျှားသည်အခုကြွေလိမ့်လား။
ရက်အားကြောက်အားပိုမှီရှာ
စိန်ခါးစည်းထိန်ညီဝါပြေတာကိုမှ
လက်ရွှေဖျားသွယ်ငင်မရခြား
ဟိုအဆောင်နဲ့ဒီအဆောင်

ထိပ်တင်ဘုန်းမောင် ပျော်စံပြား
ညဥ့်နာရီလင့်ပြီဘုရား
ရွှေထံတော်ပါးရယ် သိဂီ
စိန်စီတဲ့ ဖလားမှာဖြင့်
ရေမျှားသက်ခါ တည်ပါပြီဘုရား
ရွှေဖဝါး စကြာချီဘုရား - - -"

ထိုစဉ်က ပလေဒီယံရုံတွင် ကပြခဲ့သည်မှာ ညလုံးပေါက် မဟုတ်၊ ညဥ့်ဝက်စနစ်ဖြစ်သည်။ ထိုသို့ကပြခြင်း၏ရည်ရွယ်ချက်ကိုလည်း - - -

"မြန်မာ့ဇာတ်သဘင်ကို တင်ဆက်သည်မှာ ညလုံးပေါက်ဖြစ်၍ မကြည့်ဘဲကျန်ရစ်နေသော ပရိသတ်အများအပြား ကျန်ရှိနေသည် တစ်ချက်၊ နောက်ပိုင်းခေါ်လင်းပိုင်းမှာ ကပြလေ့ရှိသော မြန်မာ့ဇာတ်သဘင်သက်သက်ကို အအိပ်ပျက်ခံ၍ မကြည့်နိုင်ကြသော ပရိသတ်များကို အချိန်တိုတိုနှင့် ဇာတ်သဘင်၏အရသာ စုံစုံလင်လင်ပြလိုသည်တစ်ချက်၊ ဖခင်ကြီးအသက် ၃၀ လောက်က မိုင်တာကွင်းတွင် ရွက်ထည်ရုံဖြင့်လည်းကောင်း၊ ဂျူဗလီဟောရုံတွင်လည်းကောင်း ညဝက်ပွဲများဖြင့် စမ်းသပ်ခဲ့ရာ အသွားအလာခက်ခဲမှုကြောင့် မအောင်မြင်ခဲ့သည်ကို ထပ်မံစမ်းသပ်လိုသည်တစ်ချက်၊ ဤအကြောင်းတို့ကြောင့် စီးပွားရေးကို အဓိကမထားဘဲ ကြီးမားသော အကောက်အခွန်တော်နှင့် ရုံခများကိုပါ စွန့်စားကာ ပေးဆောင်တင်ဆက်ခြင်းဖြစ်ပါကြောင်း" ဟူ၍ ဖော်ထုတ်တင်ပြခဲ့လေသည်။

ထို့နောက် စိန်မဟာသဘင်သည် ၁၉၅၉ ခုနှစ်၊ ဖွန်လတွင် ကျားကူးခမ္မာရုံနေရာကွက်လပ်၌ရှိသော ခနီရုံကိုမိုးလုံလေလုံဖြစ်အောင် ပြန်လည်ပြုပြင်ကာ မိုးပျံဇာတ်ရုံဟုအမည်ပေးလျက် ညဥ့်ဝက်သဘင်ကို

တင်ဆက်ခဲ့ပြန်သည်။ ထိုအစီအစဉ်တွင် မန္တလေးနန်းတွင်း ရာဇဝင်ကို အပိုင်းသုံးပိုင်းခွဲ၍ ကပြသည်။ ပထမပိုင်းမှာ ကနောင်မြင်ကွန်း အရေးတော်ပုံ၊ ဒုတိယပိုင်းမှာ မြင်ကွန်းသုံးဆယ်အရေးတော်ပုံ (သီပေါ နန်းတက်သည်အထိ) ဖြစ်၍ တတိယပိုင်းမှာ သီပေါမင်းပါတော်မူခန်း ဖြစ်လေသည်။

ပထမပိုင်းတွင် ကနက်စိန်က အိမ်ရှေ့စံကနောင်မင်းသားကြီးအဖြစ် သရုပ်ဆောင်ခဲ့သည်။ ကနောင်မင်းသားကြီးကို တူတော်မြင်ကွန်း၊ မြင်းခုံတိုင်တို့က လုပ်ကြံတော့မည်ဟု မှူးမတ်များက တင်လျှောက်ကြ သည်။ ကနောင်ကလည်း ရိပ်မိသည်။ သို့သော် သတ္တိ ဗျတ္တိရှိသော အရည်အချင်းနှင့်ပြည့်ဝသော တူတော်ဖြစ်သည်မို့ မရက်စက်နိုင် ။ နိုင်ငံအတွက် နမြောသဖြင့် ကြိတ်မနိုင်ခဲမရဖြစ်ရပုံကို ပြောင်မြောက်စွာ သရုပ်ဖော်ခဲ့သည်။

"သိမ်မွေ့စွာကြံရမယ်
အိမ်ရှေ့စံ ဥပရာတစ်ပါးပေမို့
ပြုတာမှားရင် အရိုင်းတွေမလို့
တိုင်းပြည်ကံကြမ္မာညှိုး။
အမျိုးအတွက်ကိုဖြင့်
တန်ခိုးထွက်စရာ မဟာပထဝီမှာဖြင့်
မြန်မာပြည်ကို တင်ကာမြှောက်ချင်လို့
သာကီဝင်တွေ အစဉ်ပျောက်ကြတယ်
ကျွန်သဘောက်အဖြစ်နဲ့
အောက်ကျနောက်ကျဖြစ်ရမှာကိုစိုး"

ဒုတိယပိုင်းတွင်မင်းတုန်းမင်းကြီးအဖြစ်သရုပ်ဆောင်၍တတိယပိုင်း တွင် ကင်းဝန်မင်းကြီးအဖြစ် သရုပ်ဆောင်ခဲ့သည်။ မိန်းမဖြစ်သူ၏ ကြိုးကိုင်ခြယ်လှယ်သမျှ ခံနေရသော သီပေါမင်းနှင့် တိုင်းပြည်အတွက် ရဝက်မအေးမှုဆွေးသောကရောက်ရပုံကို ထိထိမိမိ ကပြခဲ့လေသည်။

"အကျိုးများဖို့ မမြင်ပါတယ်
ဘိုးဘုရားလက်ထက်တွင် အရောင်နိမိတ်တွေနဲ့
တဘောင်အတိတ်ကိုယကြောချေလို့
ကြေစရာကိုတွေး။
အရေးမလှချင်တော့
ရွှေးကြတာအမျိုးကိုမစစ်မိပေဘု
ဆိုးညစ်သူစုဖုရားရယ်က
သူ့ခြားကိုဂုဏ်ယူ၍
သူ့ပုန်လူလူမိုက်တစ်သင်းရယ်နဲ့
တိုင်းပြည်ကို အပိုင်းညှင်းရစ်တော့မယ်
မင်းဆက်ပြတ်တော့မယ်ထင်ရဲ့
ရွှေနိုင်ငံမှာ မအေး"

သီပေါမင်းပါတော်မူခန်း ကပြရာတွင် အင်္ဂလိပ်စကားကို ကျွမ်း ကျင်စွာပြောတတ်သော ကနက်စိန်၊ တစ်သက်စိန်၊ စိန်ကြိုင် ညီအစ်ကို သုံးယောက်နှင့် လွှန်စွာလိုက်ဖက်လှသည်။ ကနက်စိန် ကပြခဲ့သော ဇာတ်ထုပ်များတွင် မြဝတီဆရာတော် လူထွက်ဦးအုန်း ဖင်းမယ်ပဏ္ဏာ သမ္ဘာသာပြန်ပေးသော သုဝဏ္ဏတိလက၊ သိရာသကုမ္မာရ၊ မဟာပဒုမ (ပဒုမပေါင်တိုမဟုတ်)၊ မဏိကက်စသည့်တို့အပြင် ဘုမသိဘမသိ၊

တောင်သမန်လယ်စားမောင်ဖေငယ်၊ ပဋိက္ခရား၊ သုယောနန္ဒီစသည်တို့ ပါဝင်သည်။

ကနက်စိန်၏ ဘဝဖြတ်လမ်းကို အနည်းငယ်ပြန်ဆက်ပါဦးမည်။ ဦးဖိုးစိန်သည် ကနက်စိန်အား ၁၉၃၇ ခုနှစ်တွင် ဇနီးဖြစ်သူ ဒေါ်ကြင်ယုံ၏ တူမ မမြသန်းနှင့် အိမ်ထောင်ချပေးလိုက်သည်။ စောစောပိုင်းက စိတ်ကစားတတ်သော ကနက်စိန်သည် အိမ်ထောင်ကျသောအခါ ငြိမ်သွားသည်။ ဇနီးအပေါ်မဖောက်ပြားဘဲ သစ္စာရှိရှိပေါင်းသင်းခဲ့ရာ မမြမြစိန် (မြန်မာ့အသံ)၊ မောင်ရဲစိန် - မောင်ညီဝင်းစိန် (စိန်မဟာသဘင်) နှင့် မပြုံးပြုံးစိန်ဟူသော သားသမီးလေးယောက် ထွန်းကားခဲ့လေသည်။

ကနက်စိန်အကြောင်းရေးရလျှင် "သမ္ဘုဒ္ဓေဂါထာတော်" အကြောင်း မပါရှိက ပြည့်စုံမည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ကနက်စိန်၏ ဘဝတွင် သမ္ဘုဒ္ဓေဂါထာတော်သည် အရေးကြီးသောအခန်းကဏ္ဍတစ်ခု မှ ပါဝင်လေသောကြောင့်ပင်ဖြစ်ပါသည်။

အချိန်ကား ၁၉၃၇ ခုနှစ် မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့ လက်အောက်တွင် ရှိနေစဉ်အချိန်ကာလ ဆဌမမြောက် ဂျော့ဘုရင် မင်းမြတ်သည် အင်္ဂလန်နိုင်ငံတွင် ဘိသိက်ခံယူပွဲ ကျင်းပမည်ဖြစ်ရာ အနုပညာကို ချစ်မြတ်နိုးသူပီပီ၊ ကမ္ဘာပေါ်ရှိ နိုင်ငံတစ်နိုင်ငံစီမှ ထင်ရှားသောအနုပညာရှင် တစ်ဦးစီအား ထိုအခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့ပါသည်။

ယင်းသို့ ဖိတ်ကြားရာတွင် မြန်မာနိုင်ငံမှ ကနက်စိန်လည်း ဖိတ်ကြားခြင်းခံခဲ့ရသည်။ ထိုစဉ်က ကနက်စိန်မှာ အသက် ၂၀ ပင် မပြည့်တတ်သေး၊ နာမည်အထူးကျော်ကြားနေချိန်လည်း ဖြစ်သည်။

၁၉၃၇ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ပန်ကာနှစ်လုံးတပ် ဒီစီ(၂) လူ (၈)ယောက်စီးလေယာဉ်ပျံနှင့် နိုင်ငံခြားခရီးထွက်လာခဲ့သည်။ မေလ ၂ ရက်နေ့တွင် ဂရိပြည်၊ ကမ်းလွန်ပင်လယ်ပြင်ကို ဖြတ်သန်းနေစဉ် လေယာဉ်၏လယာဘက်ပန်ကာမှ အင်ဂျင်မီးထလောင်သည်။ သမ္ဗုဒ္ဓေ ဂါထာရွတ်ရင်းစိပ်ပုတီးစိပ်ကာလိုက်ပါလာသောကနက်စိန်ကမြင်သဖြင့် လေယာဉ်မှူးကိုအော်ဟစ်သတိပေးလိုက်သည်။

လေယာဉ်မှူးသည် မီးကိုကြိုးစားငြိမ်းသတ်သော်လည်းမရသည့် အဆုံးတွင် ပင်လယ်ကမ်းစပ်သို့ ထိုးဆင်းလိုက်တော့သည်။ ဤတွင် မီးလည်းငြိမ်းသွားသည်။ လေယာဉ်ကိုလည်း ထိန်းလိုက်နိုင်သည်။ ကနက်စိန်အပါအဝင် ခရီးသည်များသည် မည်သည့်ထိခိုက်ဒဏ်ရာရမှုမှ မရှိခဲ့ကြချေ။ မင်းသားကနက်စိန်သည် သမ္ဗုဒ္ဓေဂါထာတော်၏ တန်ခိုးတော်ကြောင့်လေယာဉ်မီးလောင်ပျက်ရသည်ပင်မသေဘဲလွတ်မြောက် လာသည်ဟူသော သတင်းမှာ သူပြန်မရောက်ခင်ကပင် တစ်ပြည်လုံး ဟိုးဟိုးကျော်သွားလေသည်။

"အဋ္ဌဝီသတိဖြင့် ရှိဘဂဝါ × နေ့စဉ်ဝန္ဒာမိပါ × ညစဉ် ဝန္ဒာမိပါ × ဗုဒ္ဓမြတ်စွာ အဆင့်ဆင့်ပွင့်ရာ × နေ့စဉ် ဝန္ဒာမိပါ × သမ္ဗုဒ္ဓေ တွက်ရေသချာ × ကိုးကွယ်ပူဇနာ × စိန့်ကျောင်းတော်သီရသာ × ဆူဆူဝါဠုဂဂ်ါ × ဇိနေသာမြတ်စွာ × သီတင်းသုံးပါ × ရှိညွတ်ကျိုး ၍ဖိုးစိန်ကန်တော့ကာ × မဟိဒ္ဓိက္ကုဋ္ဌိတာ × ကနက်စိန်ခေါ်ဖေ့သည်းချာ × ဘုရားမလို့သာ × ဘုရားမလို့သာ × သမ္ဗုဒ္ဓေရွတ်လေပြန်သောအခါ × ထက်ဝဋ္ဋာ သက်ခန္ဓာ ပျက်စရာအချက်မှာ × လေယာဉ်ပျံမီး တောက် လောင်ရာ × မြေ- - -ဝှမ်းဦးစောက်လာ × မသေမပျောက်စောင့်ရှောက် တဲ့ × သမ္ဗုဒ္ဓေပါဗျာ..."

ဤတွင် ဦးဖိုးစိန်သည် သားကနက်စိန်အတွက် ပို၍လည်း ဂုဏ်တက်စေ၊ မိုးညှင်းဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းလည်း ထိရောက်စေဟူသော ရည်ရွယ်ချက်ဖြင့် အထက်ပါ "အဋ္ဌဝီသတိ..." အစရှိ သီချင်းကို ကနက်စိန်အား သီဆိုစေခဲ့ရာ တစ်တိုင်းပြည်လုံး ကျော်ကြားသွားလေတော့သည်။

မြန်မာဇာတ်မင်းသားများအနက် နိုင်ငံခြားအသွားရဆုံးမင်းသားကို ပြပါဟုဆိုလာလျှင် ကနက်စိန်ကိုပဲ ပြရပေမည်။ ကနက်စိန်သည် နိုင်ငံခြားတိုင်းပြည်များသို့ အခေါက်ခေါက်သွားရောက်ဖူးသူ ဖြစ်သည်။ ၁၉၃၆ ခုနှစ်တွင် အင်္ဂလန်သို့လည်းကောင်း၊ ၁၉၄၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ လည်းကောင်း၊ ၁၉၅၆ ခုနှစ်တွင် ဆိုဗီယက် ရုရှသို့လည်းကောင်း၊ ၁၉၅၈ ခုနှစ်တွင် အမေရိကန်နှင့်ဂျပန်သို့လည်းကောင်း၊ ၁၉၆၀ ခုနှစ်တွင် တရုတ်ပြည်သို့လည်းကောင်း သွားရောက်ခဲ့ဖူးသည်။

၁၉၅၆ ခုနှစ် ဖဆပလ အစိုးရလက်ထက်ယဉ်ကျေးမှုဝန်ကြီး ဦးထွန်းစာင်ခေါင်းဆောင်၍ယဉ်ကျေးမှုမိတ်ဆက်အဖွဲ့ကို ဆိုဗီယက်နှင့် ယူဂိုစလားဗီးယားနိုင်ငံများသို့ သွားရောက်ခဲ့ရာကနက်စိန်လည်း ရွှေမန်းတင်မောင်၊ စိန်အောင်မင်းတို့နှင့်အတူအဖွဲ့ဝင်အဖြစ် လိုက်ပါသွား ရသည်။

တစ်နေ့သောဧည့်ခံပွဲတစ်ခုတွင် စိန်အောင်မင်းထွက်ရန်အလှည့်၌ အချိန်ကပ်နေသဖြင့် အဝတ်အစားလဲ၍ မပြီးဖြစ်နေသည်။ အချိန်ကြာ အောင် စောင့်နေရလျှင် အရုပ်ဆိုးမည်ဖြစ်သော်ကြောင့် အဝတ်အစား အသင့်ဝတ်ပြီးဖြစ်သော ကနက်စိန်က ကားကြားမှနေ၍ ဆိုင်းဆရာ ဦးဟန်ပအား လက်ဟန်ခြေဟန်နှင့် လေးကင်းတီးပေးရန် အချက်ပြ လိုက်သည်။ ဤတွင် ဦးဟန်ပက လေးကင်းကောက်တီးလိုက်ရာ

ကနက်စိန်က လေးကိုင်ကာ ထွက်လာသည်။ ကနက်စိန်သည် တောထဲတွင် သမင်ကိုရှာပုံ၊ ချောင်းပုံ၊ ပစ်ပုံ စသည့်ကကွက်များကို ဘဲလေးဆန်ဆန်နှင့် ကပြရာ၊ နိုင်ငံခြားသားများ၏ အထူးသဘောကျ အားပေးခြင်းကို ခံရသည်။

ပွဲပြီးလျှင် ဝန်ကြီးဦးထွန်းတင်က အချိန်မရသဖြင့် အစီအစဉ်ထဲမပါဘဲ တခဲကျပွတ္တိဉာဏ်သုံး၍ ဖန်တီးကပြလိုက်ပုံမှာ အလွန်အဆင်ပြေ၍ကောင်းမွန်သွားကြောင်း ချီးကျူးစကားပြောကြားလေသည်။ ထို့မှပြန်လာပြီးနောက် နိုင်ငံတော်အစိုးရက " ဝဏ္ဏကျော်ထင်ဘွဲ့ " ပေးအပ်ချီးမြှင့်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများသို့ ယဉ်ကျေးမှုအဖွဲ့ဝင်အဖြစ်စေလွှတ်ခဲ့ပြန်သည်။ ကနက်စိန်သည် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားရင်း တရုတ်ပြည်တွင်ရာမဇာတ်ကိုကပြရာ ကနက်စိန်က ဒသသဂီရိဘီလူးခန်းမှ ပါဝင်ပြရသည်။ သူ၏ကကြိုးကကွက်ပြောင်မြောက်ထူးချွန်မှုနှင့်ပတ်သက်၍ နိုင်ငံကျော်တရုတ်အကပညာရှင် " ချာစိုကွမ် " ကပြည်သူ့နေ့စဉ် သတင်းစာမှ ဆောင်းပါးရေးသားချီးကျူးခဲ့လေသည်။

ဘုရားဒါယကာ ဂရိတ်ဦးဖိုးစိန်ကြီးသည် သားကနက်စိန်အား စိန်မဟာသဘင်၏ အရိုက်အရာကို လွှဲအပ်ကာကွယ်လွန်သွားခဲ့သည်။ ထို့အတူ သဘင့်ဥသျှောင်ဝဏ္ဏကျော်ထင်ကနက်စိန်သည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် စာပေနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေး လှုံ့ဆော်ရေးဇာတ်မရှင်အဖြစ် တက်ကြွစွာဆောင်ရွက်ရင်း (၂၃-၁၁-၁၉၇၃) နေ့တွင်အစည်းအဝေးမှအပြန် ရုတ်တရက် နလုံးရောဂါ စွဲကပ်လာသဖြင့် ရန်ကုန်ပြည်သူ့

ဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့ရသည်။ သို့သော် မသက်သာဘဲ အခြေအနေဆိုးလာသဖြင့် အိမ်သို့ပြန်ခေါ်လာရာမှ ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ညနေ ၄ နာရီ၊ မိနစ် ၄၀ အချိန်တွင် သားမောင်ရဲစိန်နှင့် ညီဝင်းစိန်တို့အား စိန်မဟာသဘင်အဖွဲ့ကြီးကို စိတ်ချလက်ချတာဝန်လွှဲအပ်ကာ ကွယ်လွန်ခဲ့ပါသတည်း။

# စိန်လှကြည်

စစ်ပြီးခေတ် ဇာတ်သဘင်လောကတွင် ရွှေကျီးညိုနှင့် ပဲခူးမြ၊ စိန်အောင်မင်းနှင့် ဗလပြန်၊ ရွှေနန်းတင်နှင့် ခင်စန်းတင်၊ ရွှေမန်းတင်မောင်နှင့်စိန်လှကြည်တို့မှာ တွဲဖက်ညီလှသည်ဟု ပွဲကြည့်ပရိသတ်က သတ်မှတ်ထားကြသည်။ စိန်လှကြည်သည် ရွှေမန်းတင်မောင် တွဲဖက်သမျှ မင်းသမီးများထဲတွင် ဇာတ်သက်အရှည်ဆုံး၊ ရွှေမန်းတင်မောင်အားအထားရဆုံးနှင့်ဇာတ်လိုက်ဇာတ်စီးအကောင်းဆုံးမင်းသမီးဖြစ်သည်။

စိန်လှကြည်၏ ဇာတိမှာ ပျဉ်းမနားမြို့ဖြစ်သည်။ မိဘမျိုးရိုးတွင် သဘင်သည် မရှိပါဘဲလျက် သူတို့ညီအစ်မကျမှ ထူးထူးခြားခြား အဆိုအက ဝါသနာပါလာကြသည်။ သူ၏ အစ်မမှာ အကကောင်းသည်ဟု ကျော်ကြားသော မင်းသမီး ဗဟိုရ်စည် မမြလေးဖြစ်သည်။ ငယ်စဉ်က အရပ်ထဲ၌ ဆွမ်းကြီးခံလှည့်လျှင် မမြလေးက ရှမ်းမလေးလို ဝတ်ကာပြီး အလှူခံ လိုက်လှရှိသည်။ စိန်လှကြည်၏ဖခင် အစ်ကိုဝမ်းကွဲ ဦးမောင်ပု အရပ်ဇာတ်ထောင်သောအခါ ဦးမောင်ပု၏ သမီးက မင်းသား၊ မမြလေးက မင်းသမီးအဖြစ် ဝင်ရောက်ကပြကြသည်။ ထိုစဉ်ကပင် စိန်လှကြည်အဖို့သဘင်ပညာနှင့်မစိမ်းတော့ဘဲ မျက်စိရည်နားရည်ဝနေတော့သည်။

တစ်နှစ်တွင် ဇာတ်ဆရာဦးမောင်ပုက သူ့ဇာတ်အဖွဲ့ရှမ်းပြည်သို့ တက်ရမည်ဖြစ်၍ မမြလေးပါ ခေါ်သွားသည်။ မမြလေးသည် ရှမ်းပြည်၌

ပွဲကရင်း မင်းသား ကိုစိန်သောင်းနှင့် အကြောင်းပါသည်။ ကိုစိန်သောင်းနှင့်မမြလေးတို့ပျဉ်းမနားသို့ပြန်ရောက်လာပြီးနောက် ခဲအိုကိုစိန်သောင်းက စိန်လှကြည်ကို သဘင်ပညာများ သင်ကြားပေးသည်။ ထို့ပြင် သီချင်းကြီး သီချင်းခံများကိုလည်း ကျွမ်းကျင်နိုင်နင်းသည်အထိ သင်ပြပေးခဲ့လေသည်။

ခဲအိုနှင့် အစ်မဖြစ်သူတို့ မန္တလေးသို့ ပြောင်းရွှေ့သွားပြီးနောက် စိန်လှကြည်ကို အစ်မဝမ်းကွဲ၏ ယောကျ်ား ခဲအိုဖြစ်သူ ဦးပန်းမွှေးက မဟာဂီတကို ဆက်လက်သင်ကြားပေးပြန်သည်။ ဦးပန်းမွှေးမှာ မူလက ရွာစားကြီး စိန်ဗေဒါ၏တပည့် ဆိုင်းဆရာဖြစ်သည်။ နောင်မှ ဆိုင်းအလုပ်ဖြုတ်ကာ စန္ဒရားပိုင်းထောင်နေသူ ဖြစ်သည်။ စိန်လှကြည်ကိုလည်း သူ့ပိုင်း၌ သီချင်းဆိုစေခဲ့သည်။ ထိုခေတ်ထိုအချိန်က အသံထွက်ရုပ်ရှင်ကားများ မပေါ်သေး၊ အသံတိတ်ဇာတ်ကားများသာ ခေတ်စားနေဆဲဖြစ်၍ ရုပ်ရှင်ပြသချိန်၌ တီးဝိုင်းက သီဆိုတီးမှုတ်ပေးရသောအခါဖြစ်သည်။ သို့နှင့် စိန်လှကြည်ကလေးသည် စန္ဒရားဆရာမွှေးပိုင်းနှင့် တွဲဖက်၍ ပျဉ်းမနားမြို့ ရုပ်ရှင်ရုံထဲ၌ သီချင်းသီဆိုရသော အဆိုတော်ပေါက်စနကလေးဖြစ်လာခဲ့ရသည်။

စိန်လှကြည်အဖို့ အစ်မဖြစ်သူနှင့် ခဲအိုဖြစ်သူတို့မှ အဆိုအကနှင့် သီချင်းကြီး သီချင်းခံများကို ပိုင်ပိုင်နိုင်နိုင် သင်ယူတတ်မြောက်ခဲ့သူဖြစ်သည်။ ပင်ကိုကလည်း အနုပညာ ဓာတ်ခံရှိသည်။ ထို့ကြောင့် ၁၂ နှစ်သမီး အရွယ်မှစ၍ ၁၅ နှစ်အရွယ်အထိ "မြန်မာကြည်" နာမည်ဖြင့် အငြိမ့်ရှေ့ထွက် လက်ထောက်မင်းသမီးအဖြစ် ကပြခဲ့သည်။ ဤသို့ကပြနေရင်း ဦးဖိုးစိန်ကြီး ဇာတ်အဖွဲ့မှ လူရွှင်တော် ဦးစိန်ဂုံးက ခေါင်းဆောင်မင်းသမီးအဖြစ်နှင့်အငြိမ့်ထောင်ရန်လာခေါ်သဖြင့်မန္တလေးသို့လိုက်သွား

သည်။ မန္တလေးလက်ချိတ်တန်းရပ်ရှိဦးစိန်ဂုံး၏နေအိမ်၌တည်းခိုနေခိုက် ရွှေမန်းတင်မောင်၏ယောက်ဖဦးခင်သက်က သူတို့ဇာတ်ထဲသို့လိုက်ရန် လာရောက်ဆက်သွယ်သည်။

ထိုအချိန်က ရွှေမန်းတင်မောင်၏ ဇာတ်အဖွဲ့မှ မင်းသမီး မြို့မ ခင်သန်းမှာ စိတ်ဆိုးပြီး ထွက်သွားသဖြင့် ရွှေမန်းတင်မောင်နှင့် တွဲကရန် မင်းသမီးမရှိဘဲ ဖြစ်နေရာ ဦးခင်သက်က စိန်လှကြည်ကိုလာခေါ် ခြင်း ဖြစ်သည်။ ထိုခေတ်က ဇာတ်အဖွဲ့များတွင် မင်းသမီးတစ်လက်၊ အများဆုံး နှစ်လက်လောက်သာထားသောခေတ်ဖြစ်သည်။ ယခုခေတ်လိုမင်းသမီး တွေအများကြီး ထားလေ့မရှိသေးပေ။

ဦးခင်သက် လာခေါ်ချိန်တွင် ဦးစိန်ဂုံးမှာ ကောင်းစွာ မကျန်းမာလှ သဖြင့် အငြိမ့်ထောင်ရန် မစီစဉ်နိုင်သေးရကား စိန်လှကြည်ကို ချီကောက် သဘောမျိုး လိုက်ကရန် ထည့်လိုက်သည်။ ရွှေမန်းတင်မောင်နှင့် စိန်လှကြည်တို့ တစ်လလောက် ကမိသောအခါ ကိုတင်မောင်၏အစ်ကို များဖြစ်ကြသော ကိုဘအုပ်နှင့် ကိုဘတုတ်တို့က စိန်လှကြည်ကို သဘော ကျနေကြပေပြီ။ ထို့ကြောင့် ဦးစိန်ဂုံးထံ စိန်လှကြည်ကို တောင်း သည်။ ဦးစိန်ဂုံးကလည်း သူ့အငြိမ့်ထောင်ရန် ရည်ရွယ်ထားပြီးဖြစ်၍ စိန်လှကြည် ကို မပေးနိုင်ချေ။ သို့သော် ရွှေမန်းတင်မောင်၏ ကျေးဇူးရှင် ဆရာတော် ရွှေမန်းဦးကေသရက မေတ္တာရပ်ခံပေးသဖြင့် ဦးစိန်ဂုံးက သူမကျန်းမမာ စဉ် ကခွင့်ပြုလိုက်သည်။

စိန်လှကြည်သည် ရွှေမန်းတင်မောင်နှင့် ကရင်းဇာတ်ထဲ၌ စွဲစွဲမြဲမြဲ ကလိုစိတ်ဖြစ်လာသည်။ သူနှင့်တွဲဖက်ရသည့် မင်းသားရွှေမန်းတင်မောင် ၏အရည်အသွေးကိုလည်း ရိပ်စားမိလာသည်။ တစ်ယောက်သဘော တစ်ယောက်သိ၊ တစ်ယောက်အထာ တစ်ယောက်နားလည်သဖြင့်

အလုပ်လုပ်ရသည်ကိုပျော်လာသည်။ သို့ဖြစ်၍ဇာတ်ထဲ၌ပင် ဆက်လိုက်နေချင်သည်။ အငြိမ့်ထောင်မည့်ဦးစိန်ဂုံးကလည်းမကျန်းမာသေးသဖြင့် လောလောဆယ် အငြိမ့်မထောင်နိုင်သေးချေ။ ဤသို့ဖြင့် ဦးစိန်ဂုံးအား "အဘရယ် နောက်တော့ အဘကို အငြိမ့်ကပေးပါ့မယ်၊ အခုတော့ ဇာတ်ထဲမှာပဲ လိုက်ကပါရစေ" ဟု ခွင့်တောင်း ရသည်။ ဦးစိန်ဂုံးကလည်း စိန်လှကြည်ကို သနားသဖြင့် ဇာတ်ဆက်ကရန် ခွင့်ပြုလိုက်လေသည်။

စိန်လှကြည် ဟူသော အမည်ကို ရွှေမန်းတင်မောင်၏ ဆရာတော် ဦးကေသရက မှည့်ခေါ် ခြင်းဖြစ်သည်။ မူလအမည်မှာ မြန်မာကြည် ဖြစ်သည်။ စိန်လှကြည် ရွှေမန်းတင်မောင်ဇာတ်ထဲရောက်ချိန်တွင် မြန်မာကြည်အမည်နှင့် အခြားမင်းသမီးတစ်လက်မှာ မန္တလေးတွင် ရှိနှင့်ပြီး ဖြစ်သည်။ ထိုမင်းသမီးမှာ ကားတင်ခံရသဖြင့် နာမည်ပျက်သွား သည်။ ထိုသို့နာမည်တူနေသဖြင့် ဆရာတော်ဦးကေသရက ကြာသပတေးသမီး လည်းဖြစ်၍ နေ့သင့် နံသင့်လည်းဖြစ်အောင် တြင်းကြေ နဝင်းကြေ လည်းဖြစ်အောင်ဟု ဆိုကာ စိန်လှကြည်ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။

စိန်လှကြည်နှင့် ရွှေမန်းတင်မောင် စတွဲသောနှစ်မှာ ၁၉၃၂ - ၃၃ ခုနှစ်ခန့်က ဖြစ်သည်။ ပထမနှစ်တွင် ဗလာကာ၍၊ ဒုတိယနှစ် ၁၉၃၃ - ၃၄ ခုနှစ်တွင် ပျဉ်းမနား၊ တောင်ငူ၊ ဖြူး၊ ရေတာရှည် အစရှိသော မြို့များ၌ ရုံပွဲအဖြစ် စမ်းသွင်းကြည့်သည်။ ပရိသတ်က လက်ခံသဖြင့် ဗလာမက တော့ဘဲ ရုံပွဲအဖြစ် ကူးပြောင်းကပြခဲ့သည်။ နှစ်ပါးသွားတွင် မင်းသမီးဆို၍ စိန်လှကြည်တစ်ဦးတည်းသာရှိသဖြင့် နောက်ထပ်မင်းသမီးတစ်လက်ရှာ ကြရာ ဝဇီရာမြညွန့်ကို ရသဖြင့် မင်းသမီးနှစ်လက်ဖြစ်လာခဲ့သည်။

တစ်ခါသော် ရွှေမန်းတင်မောင် အစ်မ၏ ခင်ပွန်းဇာတ်ဆရာ ဦးခင်သက်နှင့်ရွှေမန်းတင်မောင်တို့စိတ်သဘောချင်းမတိုက်ဆိုင်သဖြင့်

ဇာတ်နှစ်ခြမ်းကွဲလေသည်။ ရွှေမန်းတင်မောင်က တစ်ဇာတ်၊ ဦးခင်သက်က တစ်ဇာတ်ဖြစ်သွားသည်။ စိန်လှကြည်နှင့် ဝဇီရာမြညွန့်တို့က ဦးခင်သက်နောက်ပါသွားသည်။ ဦးခင်သက်က မင်းသားစိန်လုံပိုလ် နှင့် ဇာတ်ထောင်သည်။ ရုပ်လှသော်လည်းအသံမရသဖြင့် မအောင်မြင်ချေ။ ထို့နောက် မင်းသားဇန္နလှညွန့်တင်နှင့်လည်းကောင်း၊ ရွှေဗမာ (မြန်မာ) မြကြိုင်နှင့်လည်းကောင်း ဇာတ်ထောင်သော်လည်း အောင်မြင်မှုမရရှိခဲ့ချေ။ ဤသို့ဖြင့် နစ်ကျွတ်သွားသောအခါ ဆရာတော်ဦးကေသရက သမီးယောက်ဖ စေ့စပ်ပေးသဖြင့် အဆင်ပြေသွားပြီး ဇာတ်ပြန်လည်ပေါင်းစည်းမိကြလေသည်။

စိန်လှကြည်သည် ရွှေမန်းတင်မောင်နှင့် ၁၉၃၂ ခုနှစ်မှ စ၍ ၁၉၆၄ ခုနှစ်အထိ တွဲခဲ့သည်။ ထိုအတောအတွင်း စစ်ဖြစ်တုန်းက တစ်ကြိမ်၊ ရွှေမန်းတင်မောင်ကို စိတ်တိုင်းမကျတုန်းက တစ်ကြိမ်နှစ်ကြိမ်သာ ခွဲထွက်ခဲ့ဖူးသည်။ တစ်နည်းဆိုရသော် စိန်လှကြည်မှာ ရွှေမန်းတင်မောင် ကွယ်လွန်ခါနီး ၅ နှစ်လောက် အထိ တွဲဖက် ကပြခဲ့သူဖြစ် သည်။ ထိုသို့ နှစ်ရှည်လများတွဲဖက်လာခဲ့သူဖြစ်၍လည်း တစ်ဦးနှင့်တစ်ဦး နားလည်နေကြသည်။ ရွှေမန်းတင်မောင်ကလည်း ဘယ်ဇာတ်ထုပ်ခင်းခင်း စိန်လှကြည်နှင့်မှ စိတ်တိုင်းကျသည်။

စိန်လှကြည်၏နှစ်ပါးသွားသီချင်းတစ်ပုဒ်တွင် သူနှင့် ကိုတင်မောင်တို့မှာ ငယ်လင်ငယ်မယားဖြစ်သည်။ တိုင်းပြည်လူထုကလည်း သိသည်။ သူသာ မယားကြီးအစစ်ဖြစ်သည်။ ကိုတင်မောင်နောက် မယားငယ်တွေယူချင်သလောက် ယူစမ်းပါ။ မငြိုမငြင် ပေါင်းသင်းပါမည်ဟု ဆိုထားသည်။

" ငယ်လင် ငယ်မယား × စိန်လှကြည်နဲ့ ရွှေမန်းတင်ရယ် × တိုင်းပြည် မြို့ရွာက သိပါတယ် × ချစ်ခဲ့တာတွေ ပြန်ပြောမယ် × ဟိုအရင် ဆံရစ်ဝိုင်းကလေးနဲ့ ကစဉ်တုန်းက အတူတူနစ်သွယ် × မယားကြီးက စိန်လှကြည်ပါ တကယ် × သွေးစည်းပေါင်းဖက်လာတဲ့မယားကြီးပါမောင်ရယ် × မယားငယ်ယူချင်ယူပါမငြိုမငြင်မောင့်အပေါ်ဝယ် × ကိုတင်မိန်းမဘာယ်လိုများများ မယားကြီးက စိန်လှကြည်ပါ တကယ် - - - "

အချို့ပရိသတ်များက စိန်လှကြည်နှင့် ရွှေမန်းတင်မောင်တို့သည် ငယ်ရည်းစားများဖြစ်ကြသည်။ ရေစက်မပါသောကြောင့်သာ မညားကြခြင်းဖြစ်သည်ဟု ထင်မှတ်နေကြသည်။ ပရိသတ်ထင်မှတ်လောက်အောင်လည်း သူတို့နှစ်ဦးကတွဲဖက်ကပြရာဇာတ်ထုပ်တိုင်းတွင်ပြောင်ပြောင်မြောက်မြောက် သရုပ်ဆောင်ခဲ့ကြပေသည်။ ရွှေမန်းတင်မောင်၏နာမည်ကြီးဇာတ်ထုပ်များဖြစ်ကြသော လက်ဝဲသုန္ဒရ၊ မနောဟရီ၊ နက္ခတ်စန္ဒီ၊ ဝါနရသိင်္ဂီ အစရှိသော ဇာတ်ထုပ်များကာလျှင်မင်းသမီးအဖြစ်စိန်လှကြည်မှ ပရိသတ်က ကြိုက်ကြသည်။ ကြည့်ချင်ကြသည်။

လက်ဝဲသုန္ဒရဇာတ်ထုပ်တွင် လက်ဝဲသုန္ဒရအမတ်ကြီးအားမဲဇာသို့ ပို့ခါနီး၊ အမတ်ကြီးက နောက်ဆုံးအခွင့်ထူးတစ်ရပ်အဖြစ် ဇနီးသားသမီးတို့နှင့်တွေ့လိုပါကြောင်းခွင့်တောင်းသည်။ လက်ပြန်ကြိုးတွေချည်နှောင်တဲလာသော အမတ်ကြီးကို မြင်ရသော ဝန်ကတော် မခင်ရွှက်မှာ ယူကျုံးမရဖြစ်ရသည်။

(မခင်ရွှက်)        " အမယ်လေး ရင်ဝမှာဖို၊ မြင်ရသူ သည်းမယ်ငိုလိုက်ချင်ပေါ့။ ပြည်ရွှေဘိုကနက်နန်းမှာလ၊ အထက်လှမ်းသူ

အရှက်ကွဲပါလို့၊ လက်ဝဲသုန်ကို မဖွယ်ပြကြ တာက၊ ဘယ်အမှုပါလဲ"

အနောက်ဝန်က "သူပုန်မှုဟေ့" ဟုဝင်ပြောသည်။ မခင်ရွက်က "အမယ် လေး - ပြောကြပါဦးနော်" ဟု ငိုယိုတောင်းပန်သဖြင့် လက်ဝဲသုန္ဒရ အမတ်ကြီးက - - -

"ခင်မိတ်တို့ အောင်ဒင်တို့ကိစ္စ ၊ ရွှေနန်းတော်ကြီးက ကြားသွားလို့ဖမ်းဟဲ့ဆီးဟဲ့ဆိုတော့အောင်ဒင်ကလည်း အဖမ်းမခံဘဲနဲ့ သူ့သခင်ဖြစ်တဲ့ အိမ်ရှေ့ကိုယ်တော် ဘုရား ထံသွားတယ်။ အိမ်ရှေ့ကိုယ်တော်ဘုရားက လည်း သူ့လူဆိုတော့ သူကလည်းအထိမခံဘူး၊ ကြည့် စမ်းလိုက်လို့မောင့်ကိုတာဝန်ပေးထားတော့ရွှေနန်းတော် သွားပြီးတော့ သံတော်ဦးတင်နေဆဲ၊ ဟိုငမိုက်သား ကလည်းထွက်ပြေးပါရော၊ ဒီတော့ တရားခံလွတ်ပစ် တယ်လို့ ယူဆပြီးတော့ တိုင်းပြည် နေခွင့်မပေးဘဲနဲ့ မဲဇာပို့လို့မင်းတို့သားအမိဆီ လာပြီးမျက်နှာပြတာ"

(မခင်ရွက်) "အမယ်လေးမောင့်ကိုမဲဇာပို့တယ်၊ ရက်စက်လှချည် လား ရွှေနန်းရှင်ရယ်၊ ခင်မိတ်ကို အောင်ဒင် စော်ကား တာနဲ့ မောင်နဲ့ဘာဆိုင်လို့တုန်း၊ အခုတော့ ပညာရှိ အမတ် တိုင်းပြည်မှာ သတ်တယ်ဆိုရင် အတိုင်းတိုင်း အပြည်ပြည်က ကဲ့ရဲ့မှာစိုးလို့ လုံ့ရှည်နဲ့ ထိုးသတ်တာပဲ"

"ကြည့်စမ်းပါဦးမောင်ရယ်၊ ရောင်းရင်းဖက် ပညာရှိ အမတ်ကို မတရားသဖြင့် စွပ်စွဲပြီး သတ်တယ်ဆိုတာ ဘာမှ မဟုတ်ဘူး၊ အကြံ့တွေတော့ ရန်သူ၊ ကိုယ့်ထက်

သာတော့မနာလို၊ မောင်ကရာထူးတွေအကြီးအကျယ် တိုးတယ် မဟုတ်လား၊ ဒီတော့ ကိုယ့်ထက် သာတော့ မနာလိုတဲ့သူတွေက ကုန်းချောကြလို့ဖြစ်မှာ ပေါ့မောင်ရဲ့ ဒီလိုဖြစ်ရတာ" ဟူ၍စိတ်ထဲရှိသမျှ ဒေါ်သဖြစ်ဖြစ်နှင့် ပြောချလိုက်ရာ အနောက်ဝန်က အနာပေါ် တုတ်ကျဖြစ်သွားသဖြင့် "နင် – မကျည်းတုံ့ရွာမှာ တုန်းက ဒီစကားမျိုး မပြောတတ်ဘူး၊ အခု အမတ်ကတော်ဖြစ်ပြီး ရွှေဘိုရောက်မှ ဒါမျိုးပြောရသလား" ဆိုကာ နှိပ်စက်လေသည်။

(မခင်ရွှက်) "အမယ်လေး မောင့်ကို မဲဇာပို့တယ်၊ ရက်စက်လှချည်လား ရွှေနန်းရှင်ရယ်၊ ရက်စက်လှချည်ရဲ့နော်။ အခုတော့ ကြည့်စမ်းပါဦး၊ မတရားသဖြင့် အပြစ်ဒဏ် တစ်ဖက်သတ်အမိန့်တော်မှတ်လိုက်တာ"

(ဝိုချင်းဆက်) "အထက်လှမ်းသူ အရှက်ကွဲပါလို့ လက်ဝဲသုန်ကို မဖွယ်ပြုကြတာက၊ ဘယ်မှုပါလဲ။ ကြံပြန်သူအကြီးတော်ချုပ်မှာလ၊ တန်ခိုးရှိန် ညှိုးမှိန်လို့ နတ်တော့တယ် (အမယ်လေး) ကျိုးယုတ်ရှက်ကွဲ"

အမတ်ကြီးကတော် မခင်ရွှက်အဖြစ် စိန်လှကြည် သရုပ်ဆောင်ပုံမှာပြောင်မြောက်လှသည်။ အမတ်ကြီးကိုမဲဇာသို့ပို့ရန် လေ့တော်ထွက်ခါနီး၌ မခင်ရွှက်က မဲဇာတွင် ချမ်းရာမည့် အရေးကြောင့် ခြုံစောင်ကလေးလိုက်၍ပေးရာ အနောက်ဝန်က အတင်းဆွဲထားသည်။ လက်လှမ်း၍ယူရန်ဟန်ပြင်နေသော အမတ်ကြီးမှာ လေ့ထွက်သွားသဖြင့် လက်ဆန့်တန်းရင်း ဝေးသည်ထက်ဝေး၍ သွားလေသည်။ အနောက်ဝန်က

"နောက်လင်ငယ်နဲ့ အတူတူခြံ" ဟုဆိုပြီး စောင်ကို ပြန်ပစ်ထားခဲ့သဖြင့် အမတ်ကြီးကတော်မှာ သောကမီးတောက်လောင်ကာ သတိမေ့မြော လဲကျပြီးနောက် ကျန်ရစ်ခဲ့ပုံကို သရုပ်ဆောင်သွားသည်မှာ ပွဲကြည့်တို့မမေ့နိုင်သော စိန်လှကြည်၏အနုပညာအစွမ်းပင်ဖြစ်သည်။

နက္ခတ်စန္ဒီဇာတ်တွင် စိန်လှကြည် သရုပ်ဆောင်ပုံမှာ ပို၍ပင် ကောင်းသေးသည်။ ဇာတ်လမ်းအချုပ်မှာ ယုဂန္ဓိုရ်တောင်ခါးပန်း၌စံမြန်းနေသော တာရိန္ဒနတ်မင်းကြီးတွင် နက္ခတ်စန္ဒီဟူသော သမီးတော်တစ်ပါး ရှိသည်။ သမီးတော်က လူ့ပြည်တွင် လူ့အသွင်အဖြစ် နေလိုလှပါသည်ဟု ခွင့်တောင်းသဖြင့် အမည်နာမ၊ အမျိုးအနွယ်နှင့် နေရပ်ကိုမပြောရ၊ ပြောခဲ့လျှင် နတ်ပြည်သို့ ပြန်ခေါ်မည်ဟူသော ကတိဝန်ခံချက် ဖြင့် လူ့ပြည်သို့ စေလွှတ်လိုက်သည်။

နက္ခတ်စန္ဒီသည် ဣန္ဒပထနဂိုရ်ပြည်က စန္ဒာသီရိမင်းနှင့် ဖူးစာဆုံပြီး သားတော်တစ်ပါး ဖွားမြင်ခဲ့သည်။ တောင်ညာစံအဂ္ဂမဟေသီဒေဝီအဖြစ် ဘိသိက်ပွဲသဘင် ဆင်ယင်ခါနီးတွင် အမျိုးအနွယ်၊ နေရပ်နှင့် အမည်နာမကို ပြောရန် မှူးမတ်များက အတင်းအကျပ် တောင်းဆိုကြသည်။ ခင်ပွန်းဖြစ်သူ စန္ဒာသီရိမင်းကလည်း ထုတ်ဖော်ပြောရန် တိုက်တွန်းသည်။ အများဆန္ဒ မလွန်ဆန်နိုင်ရကား နက္ခတ်စန္ဒီက ဖွင့်ပြောရသည်။ ဤတွင် ဖခင် တာရိန္ဒာနတ်မင်းကြီးက ကတိဝန်ခံချက် ဖောက်ဖျက်ရပါမည်လားဟု စိတ်ဆိုးကာ နတ်ပြည်သို့ပြန်ခေါ်သော ဇာတ်လမ်းဖြစ်သည်။

စန္ဒာသီရိမင်း၏ တောင်ညာစံအဂ္ဂမဟေသီဒေဝီမိဖုရားကြီးအဖြစ် ဘိသိက်ပွဲ ဆင်ယင်ခါနီးတွင် မှူးတော်မတ်တော်များက အမည်နာမ၊ အမျိုးအနွယ်နှင့် အရပ်ဒေသကို ထုတ်ဖော်ပြောကြားရန် တောင်းဆိုခဲ့ကြသည်။ အကယ်၍ မပြောခဲ့ပါလျှင် ဘိသိက်ပွဲမဖြစ်မြောက်နိုင်ဟု

အကျပ်ကိုင်သည်။ နက္ခတ်စန္ဒီခမျာ ဟုတ်မှန်ရာကို ဖွင့်ဟမပြောပြန်လျှင်လည်းအမျိုးအနွယ်မသိသည့်မိဖုရားတစ်ပါးနန်းလယ်ထားသည်ဟု မောင်တော်အား အများတကာက ကဲ့ရဲ့ကြပေမည်။ "ရှေ့တိုးတော့ထမ်းပိုး - နောက်ဆုတ်တော့လှည်းတုတ်" ဆိုသကဲ့သို့ ပြောပြန်လည်းအခက်မပြောပြန်လည်းအခက်နှင့် ဘေးကျပ်နံကျပ်ဖြစ်ကာ ရတက်မွေ့ရပုံကို သရုပ်ဆောင်ခဲ့သည်မှာ ပြောင်မြောက်လှပေသည်။

"အမည်အမျိုးမှန်ကိုလေ၊ အတည်ရှီးရန် ဟုတ်ရာကို ကြားမိရင်ဖြင့်၊ ဒုက္ခများကြလိမ့်မယ် ပြည်ပိုင်စံ သခင်ရဲ့ သည်နိုင်ငံမှာ မကြာရပါဘု၊ အာမခံစကားပေဟာင်း။

အပြောခက်လှတယ် မောင်တော်ရဲ့ ဇောရတက် ရာပါရကြွယ်လို့၊ ကြမ္မာဆွယ်သလို ကိုယ်တော် မမေ့ပါနဲ့၊ အချစ်သဒ္ဒါသန် ရင်၊ ပဏ္ဍာရန်နဲ့ ဝေးပါလိမ့် (မောင်တော်ရယ်) တွေးဆဖို့ကောင်း"

နက္ခတ်စန္ဒီက သူမှာ အာမခံစကားပေဟာင်းရှိထားသူမို့ဖွင့်ဟမပြောပါရစေနဲ့ဟု အမျိုးမျိုးတောင်းပန်ရာသည်။ သို့သော် မှူးမတ်များက ဤသို့မပြောနိုင်ခြင်းသည် ဘီလူးမသော်လည်းကောင်း ဖြစ်ရမည်။ သို့တည်းမဟုတ် ကမ္ဘောဇ်ဒွီ တန်ခိုးရှိသည့် စုန်း၊ ကဝေမသော်လည်းကောင်း ဖြစ်ရမည်ဟု စွပ်စွဲကြသည်။ စင်ပွန်းဖြစ်သူ စန္ဒာသီရိမင်းကပင် အခုလောက်တောင်းပန်နေသည့်ကြားမှ မပြောဘဲ တင်းခံနေသည်မှာ သူ့ကို မချစ်လို့၊ သူ့အရှက်တကွဲ အကျိုးနည်းဖြစ်မည်ကို မသနားလို့ဟု ပြောလာတော့သည်။ နောက်ဆုံးတွင် နက္ခတ်စန္ဒီမှာ မနေသာတော့ဘဲ ဖွင့်ပြောလိုက်လေသည်။

ထိုသို့ပြောလိုက်သည်နှင့်တာရီနွယ်မင်းကြီးက "သမီးတော်အမည်တော်ဖော်တဲ့အတွက် ကတိပျက်ကွက်သောကြောင့် ယုဂန္ဓိုရ်နတ်နန်းသို့

အမြန်ဆုံးပြန်လာခဲ့ပေတော့” ဟုဆိုလေတော့သည်။ နက္ခတ်စန္ဒီသည် ချစ်လှစွာသော လင်နှင့်သားကို ပစ်ထားကာ နတ်ပြည်သို့ သွားရပေတော့မည်။ မသွားမီသားတော်လေးကို အမည်တော်ပေးခဲ့ချင်သေးသည်။ မောင်တော်ကလည်း မသွားဖို့ရန် အတန်တန် တောင်းပန်ရာသည်။ မသွား၍လည်း မဖြစ်တော့။ ကတိဝန်ခံချက် ဖောက်ဖျက်ခဲ့ပြီမို့ နတ်ရထားပင် ဆိုက်ရောက်လာခဲ့ပေပြီ။ နောက်ဆုံး ခွဲခါနီး အချိန်တွင် ကျန်ရစ်သူလင်နှင့်သားအတွက်ရတက်မအေးပူဆွေးသောကရောက်ရပုံ၊ သားတော်ကလေးကို သူရဇ္ဇကုမ္မာ နန်းလောင်းလျာဟု အမည်ပေးခဲ့ပုံ စသည်ဖြင့် ဇာတ်ကွက်စေ့အောင် စိန်လှကြည် သရုပ်ဆောင်ခဲ့ရာ ပွဲကြည့်ပရိသတ်များမျက်ရည်မဆည်နိုင်အောင်ဖြစ်ခဲ့ရလေသည်။

“ထက်ရပ်ကို ပြန်ရပါမည်၊ နက္ခတ်စန္ဒီအမည် လင်းမိပါပေ့၊ ပြည်တွင်းကနော် ယခုအမြန်ဆောင် ကြပါလိမ့်၊ ယုဂန်တောင် အဝေး။

ဘွဲ့တော်ဖြင့် သခဲ့ပါပေ့ သူရဇ္ဇကုမ္မာမောင်လို့၊ ဘုံကြာဆောင် ပြာသာဒ်နန်းဆီက၊ ဘီသိက်ပန်း တစ်ခါဆင်ရစ်ပေတော့၊ ထီးတစ်ရာ ပလ္လင်အာဏာ လွှမ်းပေမယ့်၊ ငါအမေပဋ္ဌနာရေ ဖျန်းလိုက်တော့မယ် (အမယ်လေး) နန်းသမ္ဘတ ရင်သွေး ရယ် ကြောင့်(အမေ့မှာကွယ်) အလွမ်းတွေခပါလို့ဘဝင်မှာမအေး”

စိန်လှကြည်၏အသံမှာသိပ်အကောင်းကြီးမဟုတ်သလိုအော်ဟစ်ဆို၍ရသောအသံမျိုးလည်းမဟုတ်ပါ။ သူ့အသံမှာ ပါးပါးကလေးနှင့်ပင် အသံချဲ့စက် မပေါ်မီ ခေတ်အခါက ပွဲကြည့်ပရိသတ် သုံးလေးထောင်ကြားအောင်ဆိုနိုင်ခဲ့သူဖြစ်သည်။ အကမင်းသမီး ဗဟိုရ်စည် မမြလေး၏ ညီမဖြစ်၍လည်း အကကောင်းသူ ဖြစ်သည်၊ မင်းသားလတ်အက၊

ဆန်ကောပိုင်းအက၊ ကြောင်လိမ်အက စသည့် အကများကိုလည်း တီထွင်ကပြနိုင်သူဖြစ်သည်။

ထိုသို့အက၊ အဆို၊ အငို၊ အပြော၊ အလွမ်းစွယ်စုံရသဖြင့် နောက်ပိုင်းဇာတ်ကြီးများတွင် ဇာတ်လိုက် ဇာတ်စီးကောင်းသည်ဟု ကျော်ကြားလာရခြင်းဖြစ်သည်။ ရွှေမန်းတင်မောင်နှင့် နှစ်ပေါင်းများစွာ တွဲခဲ့ရသဖြင့် နှစ်ကြာလေ ရွှေမန်းတင်မောင်က စိတ်တိုင်းကျလေ ဖြစ်သည်။ ရွှေမန်းတင်မောင်ကလည်း နောက်ပိုင်း ဇာတ်ထုပ်ဆိုလျှင် တခြား မင်းသမီးကို အလှည့်မပေး။ စိန်လှကြည်နှင့်သာ ကလိုသည်။ ကလေ့ရှိသည်။ တစ်ခါတစ်ရံ စိန်လှကြည် နေမကောင်းဖြစ်ခဲ့လျှင် ပွဲပင်နားဖလေ့ရှိသည်။ နောင်အခါ ကန်ထရိုက် ပွဲကြည့်ပရိသတ်နှင့် ဇာတ်သူဇာတ်သားများ ထိခိုက်နစ်နာမှုကိုငဲ့၍ တခြားမင်းသမီးကို အစားထိုး ကစေခဲ့ရသည်။

စိန်လှကြည်သည် ရွှေမန်းတင်မောင်နှင့် တွဲ၍ တောင်ပြုန်း မင်းညီနောင်၊ သန္တတိ၊ ဝိမာန အစရှိသော ဇာတ်ထုပ်များ ဓာတ်ပြားသွင်းခဲ့ သည်။ ဝိမာနကို ရုပ်ရှင်ရိုက်သောအခါ စိန်လှကြည်က ဝိမာနအဖြစ် ပါဝင် သရုပ်ဆောင်ခဲ့သည်။ စိန်လှကြည်သည် ရွှေမန်းတင်မောင်ကွယ်လွန်ခါနီး ၅ နှစ်ခန့်အလို ၁၉၆၄ ခုနှစ် အရောက်တွင် ကျန်းမာရေး ညံ့လာသဖြင့် ဇာတ်မှထွက်ခဲ့လေသည်။

သူ၏ခင်ပွန်းမှာ ရွှေမန်းတင်မောင်၏လက်စွဲ ဆိုင်းဆရာ စံတော်ချိန် စိန်ဘမောင်ဖြစ်သည်။ သူကွယ်လွန်ချိန်တွင် ခင်ပွန်းသည် စိန်ဘမောင်က အိမ်၌မရှိ။ အလုပ်ကိစ္စတစ်ခုဖြင့် ရန်ကုန်သို့ သွားနေချိန် ဖြစ်သည်။ သူမမာနေသည်မှာ ကြာပြီဖြစ်၍ ခင်ပွန်းသည်က ရန်ကုန်သို့သွား၍ ဖြစ်မဖြစ် ခွင့်တောင်းသည်။ စိန်လှကြည်က "ကိုသွားမှဖြစ်မယ့်ကိစ္စပဲသွားပေါ့" ဟုဆိုကာ ခွင့်ပြုသဖြင့် ခရီးထွက်ခဲ့သည်။ စိန်ဘမောင် ရန်ကုန်သို့

သွားပြီးနောက် ၁၃၃၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့တွင် စိန်လှကြည် ကွယ်လွန်ခဲ့ပါသည်။ သူ့ဘဝနိဂုံးအဆုံးသတ်ပုံကဇာတ်ဆန်လွန်းလှသည်တကား - - -။

# အောင်လံတော် ခင်စိန်

မြန်မာ့ဇာတ်သဘင် သမိုင်းတွင် အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်သည် သရက်မြို့အပိုင်၊ လက်ပန်ရွာ၊ မဟာပိန္နဲဘုရားပွဲတော်၌ ကပြနေစဉ် အနုပညာရှင် သူရဲကောင်းတို့၏ သေခြင်းမျိုးဖြင့် နှစ်ပါးစွင်၌ ကွယ်လွန်ခဲ့ရရှာသည်။ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ကဲ့သို့ပင် နာမည်ကျော် ဇာတ်မင်းသားတစ်ဦး ဖြစ်သော အောင်လံတော်ခင်စိန်သည်လည်း နှစ်ပါးသွားကပြရင်း ကွယ်လွန်ခဲ့ရသည်။

၁၉၈၄ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ညောင်တုန်းမြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ချောင်းဝရွာ ဖောင်တော်ဦးပွဲတော်တွင် တက္ကသိုလ်အောင်ဟိန်းဇာတ်အဖွဲ့နှင့် အတူ ပါဝင်လျက် နှစ်ပါးသွားကပြနေရင်း ကျန်းမာရေးချို့ယွင်းလာသဖြင့် နဲသမိန်ရွာ တိုက်နယ်ဆေးရုံသို့ ပွဲထောင်ဖြင့် ခေါ်ဆောင်သွားစဉ် လမ်းခရီး၌ပင် ကွယ်လွန် အနိစ္စရောက်ခဲ့ရသည်။ အောင်လံတော်ခင်စိန်၏ ရွှေရောင်လွှမ်းခဲ့သော နေ့ရက်များကို ကြည့်မည်ဆိုပါလျှင် ———။

ငယ်နာမည်ရင်းက မောင်ခင်စိန်၊ ဇာတိက ရန်ကုန်တိုင်း၊ မှော်ဘီမြို့ မြောင်းတကာရွာအနီး ဆန်မြဆိတ်ရွာမှ ဖြစ်သည်။ မွေးချင်းသုံးယောက်အနက် အငယ်ဆုံးဖြစ်သည်။ ငယ်စဉ်က မိဘနှစ်ပါး ကွယ်လွန်ခဲ့သဖြင့်

ကလေးဘဝမှာ ညှိုးညှိုးငယ်ငယ် နေခဲ့ရသည်။ ဘုန်းကြီးကျောင်းတွင် မှီခိုကာ ကျောင်းဝေယျာဝစ္စလုပ်ကိုင်ပေးရင်း သူ့ဘဝ ရေဆန်ခရီးကို စတင်ခဲ့ရလေသည်။

သူ့ကို ရင်းနှီးသူ အပေါင်းအသင်းများက "မောင်ခင်စိန်" ဟုလည်းကောင်း၊ "မောင်ခင်" ဟုလည်းကောင်း ခေါ်ဝေါ်ကြသည်။ ခုနစ်နှစ်သား အရွယ်ကပင် မိဘနှစ်ပါး မျက်နှာလွှဲသွားသဖြင့် အရာရာတွင် နိမ့်ချစိတ်ရှိသည်။ ကျိုးကျိုးနွံနွံ ရှိသည်။ ဘုန်းကြီးကျောင်းသားဘဝကပင် ဇာတ်သဘင်ကို ဝါသနာကြီးလှသဖြင့် ရွာနီးချောက်စပ်ပွဲရှိလျှင် သူရောက်စမြဲ။ သူတို့အရပ်ဒေသ၌ ဦးဖိုးစိန်၊ ဦးအောင်မောင်းတို့ လာရောက်ကပြလျှင်လည်း ပွဲချိုကုန်အောင်ကြည့်ကာ ပညာယူလေ့ရှိသည်။

အဆိုအကကို ဝါသနာပါလွန်းလှသဖြင့် ရပ်ထဲရွာထဲ ဆွမ်းခံထွက်လျှင် လမ်းတစ်လျှောက်လုံး သီချင်းတကြော်ကြော် အော်ဆို သွားတတ်သည်။ တစ်ခါတစ်ရံ ကပြပါဦးဟု ခိုင်းလာသူရှိလျှင်လည်း ဆွမ်းဗန်းကြီးဘေးချကာ ကပြတတ်သဖြင့် အရိုက်ခံခဲ့ရသည်မှာလည်း ရှိနေပေပြီ။ ဤသို့ နေလာခဲ့ရင်း ကံဇာတ်ဆရာသည် သူ့အား မျက်နှာသာပေးရန် အခွင့်အလမ်းပေါ်လာတော့သည်။

သူမှီခိုနေရသည့်ကျောင်းမှ ဆရာဘုန်းကြီး၏ဒါယကာရင်းများဖြစ်ကြသော နတ်တလင်းမြို့မှ သစ်ကုန်သည်ဦးထွန်းအောင်ဖေ၊ ဒေါ်ကျော့တို့က သူ့ကို သနားသဖြင့် အပြီးအပိုင် တောင်းယူကာ မွေးစားလိုက်ကြခြင်းပင်ဖြစ်သည်။ မိဘနှစ်ပါးကိုယ်တိုင်က ဇာတ်သဘင်ကိုဝါသနာထုံသဖြင့် အစွမ်းအစရှိသော မောင်ခင်စိန်ကို မြေတောင်မြှောက်ပေးလိုကြသည်။ သို့နှင့် မောင်ခင်စိန်အား မင်းသား စကောက်ကျော်လှိုင်ထံ၌ အပ်နှံကာ ပညာသင်ကြားစေခဲ့သည်။

မောင်ခင်စိန်ကလည်း ဆရာသင်ကြားသမျှကို ရိုသေကျိုးနွံစွာ မှတ်သားနာယူသည်။ ဖွဲလုံ့လ ဝီရိယတို့ဖြင့် အစွမ်းကုန် ကြိုးစားသည်။ ဤသို့ဖြင့် ၁၅ နှစ်သားအရွယ်ခန့်တွင် မင်းသားလေးပီပီ ပြည်ပြည်ဖြစ်လာခဲ့သည်။ သူ၏ဆိုပုံဆိုပေါက်မှာ ဦးအောင်မောင်းကြီးနှင့်အလွန်တူလှသဖြင့် ခင်မင်ရင်းနှီးသူများက "အောင်မောင်ကလေး" ဟု ခေါ်ကြရင်းနောင်အခါ "စက္ကင်းအောင်မောင်း" ဟူ၍ တွင်လာခဲ့သည်။ ယင်းနာမည်နှင့်ပင်ရုပ်ပွဲဗလာပွဲကပြခဲ့ရာ အတော်အသင့် အောင်မြင်ခဲ့လေသည်။

"၁၃၀၃ ခုစွန်း
စစ်ထွန်းတဲ့ ခါနာရီ၊
ပုံးအမြောက်
မိုးပေါက်ဝေယံက
လေယာဉ်ပျံဘယ်မအေးသောကြောင့်
လွတ်ပါအောင် ဖွတ်ခွာပြေးခဲ့ရ
လေးနှစ်ရာသီ။
အန္တရာယ်ပဏ္ဍာညွတ်မည်ကြောင့်
ခမ္မကျွဲအသွယ်သွယ် မေတ္တာပို့ပါရဲ့
အမြို့မြို့အလီလီ
ဘယ်ဆီမှ မလပ်ပါကြောင်း
ချေယတြာ
အောင်မောင်းအမည်သာသော်လည်း
ဤနာမာ နောင်ရန်မပေါ်ဖို့
အောင်လံတော် ခင်စိန်မှ အေးမည်ဟာ
ပြည်အကျိုး ခမ္မမျှော်ယူ

နေမျိုးဇလကျော်သူ ပေးခဲ့တဲ့

ရှေးကတော့ အောင်မောင်း

ကျွန်တော်ငယ်ငယ်တုန်းကတော့ စက္ကင်းခေါ်တဲ့ အောင်မောင်း...''

ဇာတ်စာရေးဆရာကြီးအလင်္ကာကျော်စွာဦးစံခိုရေး၍အောင်လံတော်ခင်စိန် သီဆိုသော ခွန်းထောက်ဖြစ်သည်။ ထိုခွန်းထောက်နှင့် စပ်လျဉ်း၍ အနည်းငယ် ရှင်းပြရပေဦးမည်။ ရွှေတောင်မြို့မှ မြေပိုင်ရှင် ဦးလူကလေးသည် အာဇာနည်လှကြည်၊ အာဇာနည်တင်ရွှေစသည့် လူငယ်မင်းသားကလေးများကို မြေတောင်မြှောက်၍ ဇာတ်ထောင်ပေးထားသည်။ တစ်ခါသော် အာဇာနည်လှကြည်နှင့် အဆင်မပြေသဖြင့် သူ့ကိုလာခေါ် သည်။ သူနှင့်အာဇာနည်လှကြည်မှာ တစ်ရွာတည်းသားသူငယ်ချင်းများဖြစ်ကြသည်။ အာဇာနည်လှကြည်မှာ အသံကောင်း အဆိုကောင်း မင်းသားတစ်လက်ဖြစ်သည်။

ဇာတ်ထောင်ဆရာဦးလူကလေးက သူ့ကိုသဘောကျသော်လည်း သူ့နာမည်ကိုမူ သဘောမကျချေ။ ထို့ကြောင့် ရွာစားကြီး စိန်ဗေဒါထံတွင် အပ်နှံပေးကာ လိုအပ်သော သဘင်ပညာ အရည်အသွေးကို ဖြည့်တင်းစေသည်။ ရွာစားကြီး စိန်ဗေဒါသည် ဇာတ်စာရေးဆရာကြီး ဦးစံခိုနှင့် တိုင်ပင်သည်။ စက္ကင်းအောင်မောင်းဟူသော အမည်ကပင် ပထမအောင်မောင်းမဟုတ်၊ ဒုတိယအောင်မောင်းသာဖြစ်သည်။ ဒုတိယဟူသည် သူများနောက်လိုက်ဟု အဓိပ္ပာယ်ထွက်ရကား ကြီးပွားရန်မရှိချေ။ ထို့ကြောင့် ကိုယ့်မှုကိုယ့်ဟန်နှင့်ကြီးစားကာ အောင်ပွဲခံ အောင်လံလွှင့်ထူနိုင်ရမည်ဟူသော အဓိပ္ပာယ်ယူ၍ သော်လည်းကောင်း၊ မြန်မာပြည်ကြီးသည်လည်း အင်္ဂလိပ်နယ်ချဲ့လက်အောက်မှ မကြာမီ လွတ်လပ်တော့မည့် အရိပ်အယောင်တို့ကို တွေ့မြင်နေရပြီဖြစ်ရာ ပုဗ္ဗနိမိတ်ကို ဆောင်သော

အားဖြင့်လည်းကောင်း "အောင်လံတော် ခင်စိန်" ဟု အမည်ပြောင်းစေခဲ့ပါသည်။ အထက်ပါ ခွန်းထောက်မှာ ဤသဘောကို ရည်ရွယ်၍ စပ်ဆိုထားခြင်းဖြစ်ပြီး၊ ပွဲကရာနေရာတိုင်း၌ သီဆိုလေ့ရှိသော ခွန်းထောက်လည်းဖြစ်သည်။

အောင်လံတော်ခင်စိန်သည် ရုပ်လည်း သိပ်မချော၊ အသံလည်း အသင့်အတင့်သာဖြစ်၍ အပြောကိုသာ အားကိုးသည်။ နောက်ပိုင်းလွမ်းခန်းတွင် အခြားမင်းသားများနှင့် လုံးဝမတူဘဲ အပြင်လောက၌ဖြစ်ပျက်နေသည့်အလားပေါ်လွင်အောင် သရုပ်ဆောင်ကောင်းလှသည်၊ ပရိသတ်ကို အပြောနှင့် ဖမ်းစား၍ လွမ်းအောင် ကနိုင်သဖြင့် အပူတိုက်ကောင်းသည်ဟူ၍ နာမည်ကြီးလေသည်။

သူနှင့် အတွဲညီသော မင်းသမီးများမှာ ဒေဝီစိန်၊ တင်ညွှန့်စိန်၊ စိန်ဥဒေါင်း။ ထို့အတူပင် အတွဲညီသော လူရွှင်တော်များမှာ ဦးစံမောင်၊ ဦးမန်းမော်နှင့် အောင်လံ ဦးငှက်ရိုးတို့ဖြစ်သည်။ သူ၏ဇာတ်သက်တမ်းတစ်လျှောက်တွင် နေမျိုးဗလကျော်သူဘွဲ့ရ ရွှေစားကြီးစိန်ဗေဒါ၊ အလင်္ကာကျော်စွာ ဦးဟန်ပ၊ စိန်ကုလား၊ စိန်ချစ်တီး စသော ဆိုင်းအကျော်အမော်များနှင့် တွဲဖက်ခဲ့ရသဖြင့် သူ၏အောင်မြင်မှုမှာ ထိပ်တန်းသို့ ရောက်ခဲ့ရလေသည်။

ဇာတ်ကြီးတန်းအဖြစ် အဖွဲ့သားပေါင်း ၁၀၀ ကျော်ပါဝင်သော ဇာတ်အဖွဲ့ကြီးကို ဖွဲ့စည်းနိုင်ခဲ့သည်။ တစ်နှစ်အတွင်း ပွဲချီပေါင်း ၂၀၀ ကျော်ကနိုင်ခဲ့သည့် အခါမျိုးလည်း ရှိခဲ့သည်။ ရန်ကုန်မြို့တော်၏ အဓိကရဖြစ်သော ဂျူဗလီဟောလိုနေရာမျိုး၌လည်း ကခဲ့ဖူးသည်။ ဝင်းဝင်းရုံတွင် နာမည်ကျော်ကြားခဲ့သော ရင်နှစ်သည်းချာ၊ ယမုံနာ၊ မြေပဒေသာ စသည့် ပြဇာတ်များကို ရုပ်ရှင်မင်းသားမျိုးမြင့်၊ မင်းသမီးမေနွဲ့တို့နှင့် တွဲဖက်လျက်

ပရိသတ်စွဲမက်အောင် ကပြခဲ့ဖူးသည်။ ယင်းပြဇာတ်များတွင် ဇောဘသား ဖိုးခင်အခန်းမှ ကပြရာသူ့ရုပ် သူ့ရှည်သူ့စရိုက်နှင့် လိုက်ဖက်လှသဖြင့် အထူးအောင်မြင်ကျော်ကြားခဲ့ဖူးသည်။

သူ၏နာမည်ကြီးဇာတ်ထုပ်များကိုပြပါဆိုလျှင် မေမာဝီ၊ အာဋ္ဌာဝက ချွတ်ခန်း၊ နန်းညွန့် ရင်သွေး၊ နန်းတွင်း မာယာ၊ နတ်နန်းကိန္နရီ၊ စလေ ဦးပုည၊ ဗိုလ်သံတိုင် စသည်တို့ဖြစ်သည်။ ထိုဇာတ်ထုပ်များကို မာတ်ပြား လည်းသွင်းခဲ့သည်။ ပရိသတ်အကြိုက်ဆုံးပွဲအတောင်းဆုံးဇာတ်ထုပ်မှာ မေမာဝီပင်ဖြစ်သည်။ မေမာဝီ၏လက်ရာရှင်မှာ သူ၏လက်စွဲဇာတ်စာရေး ဆရာကြီး အလင်္ကာကျော်စွာ ဦးစံခိုပင် ဖြစ်သည်။

အောင်လံတော်ခင်စိန်၏နောက်ပိုင်းဇာတ်ထုပ်များကောင်းလှပါသည် ဟု ချီးကျူးခံရသည်မှာ ဇာတ်စာရေးဆရာကောင်းများကို ဆည်းကပ် ထားသောအကြောင်းတစ်ရပ်လည်းပါပေမည်။ အောင်လံတော် ခင်စိန်၏ သက်တမ်းတစ်လျှောက်တွင် ဦးစံခို အပါအဝင် မင်းဘူး ဦးချစ်စရာ၊ ဦးစိန်ချယ်၊ ရွှေပင်လှ၊ ဦးသက်တင် အစရှိသော ဇာတ်စာရေးဆရာကြီး များကို အမှီသဟဲပြုကာ သူတို့ထံမှ စာပေရသ အလင်္ကာ ဂုဏ်မြောက် သောဇာတ်ထုပ်များကိုရယူကပြနိုင်ခဲ့ပေသည်။

ရှေးခေတ်အခါက ဇာတ်စာရေးဆရာကြီးများမှာ စာရေးတတ်ရုံ သက်သက်မျှသာမဟုတ်။ ဇာတ်လမ်းဇာတ်ကွက်အရလိုအပ်သောနေရာ များတွင် သူ့နေရာနှင့်သူ အကွက်ဆိုက်အောင် တာဝန်ယူကပြနိုင်ကြသူ များဖြစ်သည်။ အကြမ်း၊ အလွမ်း၊ အသောတို့ကိုမင်းသားမင်းသမီးတို့နှင့် ဇာတ်ကွက်၌ တန်ဖိုးရှိအောင် ပို၍ပေါ်လွင်လာအောင် ဖန်တီးလုပ်ဆောင် နိုင်ကြသည့်ပညာရှင်ကြီးများဖြစ်ကြသည်။ ဦးစံခိုမှာ ထိုသို့သောပညာရှင် မျိုး ဖြစ်လေသည်။ တစ်ခါတစ်ရံ ဇာတ်ပနက်ရိုက်၍ တိုင်းပြည်တည်ခန်း

တွင်ရှင်ဘုရင်လုပ်၍ထွက်ရာဝန်ကြီးများနှင့်တိုင်းရေးပြည်ရေးဆွေးနွေးရာ၌ တစ်နာရီနီးပါး အချိန်ကြာသည့်တိုင်အောင် ပွဲကြည့်ပရိသတ်များ မညည်းမညူလက်ခံအောင် စွမ်းဆောင်နိုင်သော ပညာနှင့် ပြည့်စုံသူဖြစ်လေသည်။

၁၉၆၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့သည်ကား အောင်လံတော်ခင်စိန်၏ ဘဝတစ်သက်တာတွင် မေ့ပျောက်၍မရနိုင်သော နေ့တစ်နေ့ပါတည်း။ ထိုနှစ် ပဲခူးရွှေမော်ဓော ဘုရားပွဲတော်ကြီး တွင် နာမည်ကျော် ဇာတ်အဖွဲ့ကြီးများ ဖြစ်ကြသော ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ ကနက်စိန်၊ ဗိုလ်ကေသန်းစိန်၊ တိုင်းချစ်သန်းစိန်၊ ရွှေနန်းတင် စသည့် ဇာတ်အဖွဲ့များနှင့်အတူ အောင်လံတော်ခင်စိန်ဇာတ်အဖွဲ့လည်း ဝင်ရောက်ကပြခဲ့သည်။

ထိုနေ့ နေ့လယ် ၁၁ နာရီခွဲ အချိန်လောက်တွင် ရွှေမန်းတင်မောင် ဇာတ်ရုံမှတစ်ဆင့် စတင်၍ မီးလောင်ကျွမ်းခဲ့ရာ ရွှေမန်းဇာတ်ရုံနှင့် ဖဘားချင်းကပ် ရွှေနန်းတင်ဇာတ်ရုံ၊ ထိုမှတစ်ဆင့် မြောက်ဘက်တန်းရှိ ဗိုလ်ကေသန်းစိန်ဇာတ်ရုံနှင့် သူ့ဇာတ်ရုံများပါမီးဆက်လောင်လေသည်။

အခြားဇာတ်အဖွဲ့သားများအနေနှင့် ရရာပစ္စည်းကိုယူ၍ မီးဘေးလွတ်ရာ ပြေးနိုင်ခဲ့သော်လည်း သူ့အဖို့မှာမူ ရုတ်တရက်ဖြစ်ပျက်ခဲ့သည့်အတွက် အုံအားသင့်နေခဲ့ပြီး ခါးဝတ်ခါးစားနှင့်ပင် ထွက်ပြေးခဲ့ရာ ဘုရားစင်၌ ချိတ်ထားသော နာရီနှင့် လက်စွပ်ကိုပင်ယူရန် သတိမရခဲ့သဖြင့် ဆုံးရှုံးခဲ့ရသည်။ ထို့ထက် ဇာတ်ပစ္စည်းကိရိယာများ ဆုံးရှုံးခံ လိုက်ရသဖြင့် အနစ်နာကြီး နစ်နာခဲ့ရလေသည်။

ပဲခူးဘုရားပွဲတော်တွင် မီးဘေးသင့်ပြီးသည့်နောက် စီးပွားရေးကလည်း သိသိသာသာ ကျဆင်းလာသည်။ လူကလည်း အသက်အရွယ်

ထောက်လာပြီဖြစ်သည်။ ထို့ပြင် ခေတ်အခါကလည်း သူတို့ခေတ်ကလို နှစ်ပါးသွားနှင့် နောက်ပိုင်းဇာတ်ထုပ်များကို အသားပေးကာ စာပေရသ ဖြင့် တန်ဆာဆင်ကပြသောခေတ် မဟုတ်တော့ပြီ။

သို့နှင့် ၁၉၇၈ ခုနှစ်မှစ၍ ကိုယ်ပိုင်ဇာတ်မထောင်တော့ဘဲ၊ လက်လှုပ်ခံ မင်းသားဘဝနှင့် ဇာတ်လောက၌ ကျင်လည်ခဲ့ရသည်။ ရွှေမန်း ကျော်အောင်ဦးနောက်ကြောပြတ်သလိုဖြစ်ကာ ဇာတ်မကနိုင်ဖြစ်စဉ်က သူ့ကိုလာခေါ်တော့လည်း ညကြေးစကားမပြောဘဲ လိုက်လံကူညီကပြ ပေးခဲ့သည်။ ပန်တျာမြဝင်းနှင့် တက္ကသိုလ်စိန်တို့ လာခေါ်တော့လည်း ညကြေးစကားမပြောဘဲ လိုက်လံကူညီ ကပြခဲ့ဖူး သည်။ သူကား ကနေ ဆိုနေရလျှင် ကျေနပ်နေတတ်သည့် ဇာတ်သမား စစ်စစ်ပါတည်း။

သူကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာခဲ့ပြီဖြစ်သော် လည်း ဇာတ်သဘင်လောကတွင် စိတ်သဘောထားဖြူစင် သည်၊ တည်ကြည်ဖြောင့်မတ်သည်။ ရိုင်းပင်းကူညီတတ်သည် ဟူသော ဂုဏ်သတင်းကား ယနေ့တိုင် ထုံသင်းမွှေးပျံ့နေဆဲ။ ။

# ဝဏ္ဏကျော်ထင် စိန်အောင်မင်း

၁၉၅၉ ခုနှစ် ကျွန်တော့်အသက် ၁၀ နှစ်အရွယ်ကဖြစ်သည်။ ဝဏ္ဏကျော်ထင် စိန်အောင်မင်း ဇာတ်သဘင်အဖွဲ့ကြီး လာရောက်ကပြမည်ဟု သတင်းပြေးနေသည်။ ထိုအချိန်က ပန်းတနော်တွင် ငြိမ်သက်အေးချမ်းမှု မရှိသေး။ အကြမ်းဖက်သောင်းကျန်းသူများ မကြာခဏဝင်ရောက် ပစ်ခတ်လေ့ရှိသော အချိန်ဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် နာမည်ကျော် ထိပ်တန်းဇာတ်အဖွဲ့ကြီး လာရောက်ကပြမည့်သတင်းကို လူတိုင်းစိတ်ဝင်စားနေကြသည်။

မကြာပါ။ စိန်အောင်မင်းဇာတ်အဖွဲ့ကြီး ရောက်ရှိလာသည်။ များလိုက်သည့်ဇာတ်ပစ္စည်းတွေ ရုံထဲသို့ သယ်သွင်းလို့ပင်မပြီးနိုင်။ စိန်အောင်မင်းမှာ ရုံဘေးတွင် အဆောင်ကလေးတစ်ခု သီးခြားလုပ်၍ နေသည်ကို မှတ်မိနေသည်။ ကျွန်တော်တို့ကလေးတစ်သိုက်မှာ စိန်အောင်မင်းကိုတွေ့ဖူးမြင်ဖူးချင်လှသဖြင့် မကြာခဏ သွားသွားချောင်းကြည့်ကြရသည်။

ကျွန်တော်တို့မိခင်ကြီးမှာ စိန်အောင်မင်းပရိသတ်ဖြစ်သည်။ ဂျပန်ခေတ် ရန်ကုန်တွင်နေစဉ်က ၁၀လမ်းထိပ်ဇာတ်ရုံတွင် စိန်အောင်မင်းဇာတ်ကို ပွဲချိပေါင်းများစွာ ကြည့်ဖူးသူဖြစ်သည်။ စိန်အောင်မင်း၏

ချင်းဖဝေး၊ မောင်မစွကာ၊ ငမိုးရိပ်ဇာတ်ထုပ်များကို နှစ်သက်စွဲလမ်းလှသဖြင့် အချို့အချို့သော ဇာတ်ဝင်ငိုချင်းတွေဆိုလျှင် အလွတ်ရွတ်ပြနိုင်သည်။ ရန်ကုန်မှမအူပင်သို့ ပြောင်းရွှေ့လာတော့လည်း မအူပင်တွင် စိန်အောင်မင်းကတိုင်း မလွတ်တမ်းကြည့်လေ့ရှိသူဖြစ်သည်။

ထို့ကြောင့် စိန်အောင်မင်းအကြောင်း လွမ်းလောက်အောင် ပြောလေ့ရှိ၏။ ကျွန်တော်သည် မိခင်ကြီး၏အပြောနှင့်ပင် စိန်အောင်မင်းဇာတ်ကိုကြည့်ချင်နေသည်။ ယခုအမှန်တကယ်ကြည့်ရပေတော့မည်။ ဇာတ်အဖွဲ့မှာ မကာခင်တစ်ရက်က ကြိုတင်ရောက်ရှိလာသဖြင့် အခမ်းအနားပြင်ဆင်သည်ကိုလည်းကြည့်ခွင့်ရသည်။ ဇာတ်ခုံမှာ ရိုးရိုးဇာတ်ခုံမဟုတ်။ လဝန်းဇာတ်ခုံဟုခေါ်သော ဇာတ်ခုံကြီးဖြစ်သည်။

ကျွန်တော်တို့မြို့တွင် လေးည ကပြခဲ့ပါသည်။ ပွဲဦးကပြမည့်နေ့တွင် ပတ်ဝန်းကျင်တောရွာများမှပွဲကြည့်ရန်ပရိသတ်များ လှိုမ့်၍တက်လာကြသည်။ ပထမညတွင် ဘူရိဒတ်ဇာတ်တော်ကို ရှေ့ပိုင်းပြဇာတ်အဖြစ် စိန်အောင်မင်းကိုယ်တိုင် ပါဝင်ကပြသည်။ စိန်အောင်မင်းထွက်လာလာခြင်း မိခင်ကြီးက "စိန်အောင်မင်းက အရင်တုန်းကပိန်ပိန်ပါးပါးလေးပါ၊ ခုတော့ ဝလာလိုက်တာ" ဟုမှတ်ချက်ချသည်။ နှစ်ပါးသွားပြီးသောအခါ ကျွန်တော်တို့ပြန်ခဲ့ကြသည်။

နောက်ဆုံးညတွင် ထပ်ကြည့်ဖြစ်သည်။ ရှေ့ပိုင်းပြဇာတ်မှာ ဥက္ကလာပသမိုင်းဖြစ်၍ နောက်ပိုင်းဇာတ်မှာ ချင်းဖဝေးဇာတ်ထုပ်ဖြစ်သည်။ ထိုညမှာတော့ မိုးစင်စင်လင်းအောင်ကြည့်ကြသည်။ စိန်အောင်မင်း အလွမ်းကောင်းလှသဖြင့် ပွဲကြည့်ပရိသတ်တိုင်းလိုလို မျက်ရည်မဆည်နိုင်အောင်ဖြစ်ကြရသည်။ လူရွှင်တော်များတွင်ဦးကြံ့တိုင်း၊

ဦးသိန်းဒီ၊ ဦးငှက်ရိုးတို့ပါဝင်၍မင်းသမီးများတွင် သူရိယ မတင်ကြည် ပါဝင်ကြောင်း မှတ်မိနေပါသည်။

လဝန်းဇာတ်ခုံကြီးမှာ လွန်စွာကျက်သရေရှိလှသည်။ ဇာတ်ခုံရှေ့ ပုဏ္ဏားကွယ်တစ်ဖက်တစ်ချက်ရှိ ရွှေချည်ထိုးငွေချည်ထိုး ကန့်လန့်ကာ များမှာ ဖိတ်ဖိတ်တောက်လျက်ရှိသည်။ ဇာတ်ခုံပေါ်တွင်အမှောင်ချကာ အဏုမြူရောင်ခြည်ဖြင့် "ရှေးဟောင်းပညာ၊ သုခုမာ၊ရှာဖွေဆက်သွင်း၊ စိန်အောင်မင်း"ဟူသည့် စာတန်းကလေးထွက်ပေါ်လာပြီးနောက် ရုပ်သေးမြိုင်ထထွက်လာသည်ကိုလည်းမြင်ယောင်နေမိပြန်သည်။

ကျွန်တော် ယနေ့အထိမှတ်မိနေသည်မှာ လဝန်းဇာတ်ခုံသီချင်းပင် ဖြစ်ပါသည်။ ကျွန်တော်၏အသက် ၁၀နှစ်အရွယ်လောက်က ကြည့်ခဲ့ ရသော ထိုဇာတ်အဖွင့်သီချင်း၏ သက်တမ်းမှာ ယခုဆိုလျှင် နှစ်ပေါင်း ၄၀ ကျော်၊ ၅၀ နီးပါး ရှိခဲ့ပြီဖြစ်သော်လည်း မေ့ပျောက်မသွားဘဲ သတိတရ ရှိနေသည်မှာ အံ့ဩစရာပင်။ ကျွန်တော်၏ငယ်ဘဝပုံရိပ်တွင် စိန်အောင်မင်း ကို ပထမဦးဆုံးကြည့်ဖူးခြင်းဖြစ်သလို စတင်စွဲလမ်းခြင်းလည်း ဖြစ်ခဲ့ရ ပေသည်။

ကျွန်တော်မှတ်မိနေသော စိန်အောင်မင်း၏ လဝန်းဇာတ်ခုံသီချင်း မှာ အောက်ပါအတိုင်းဖြစ်သည်။

"မြန်မာ့သဘင်ကို တစ်ခေတ်ဆန်းတီထွင်ခဲ့သည် × လာပြီ လာပြီ × ထူးထူးခြားခြားခမ်းနားသည် × ကြွလာသူ မြို့မိမြို့ဖ တွေ × ဘေးမခစေကြောင်း × ဆုတောင်းလာသမျှ ပဏာမ ဂါရဝချီ × သား စိန်အောင်မင်း မေတ္တာ ရှေ့သွားညီ × အနု ပညာတစ်ဘာသာ ခြားတီထွင်ခဲ့သည် × လဝန်း... လဝန်း ဇာတ်ခုံကြီးသည် × ထွန်းပေါ်လာပြီ... ထွန်းပေါ်လာပြီ ×

ကကွက်ကကြိုးအမျိုးမျိုးနဲ့ × ဆန်းပြားတာတွေမြင်ရမည် × အစဉ်ပအတည်မြင်ရမည် × မြင်ကွင်းကျယ်ရှုစရာမကျန်ပ × မြန်မာ့သုခုမ အနုပညာရည် - - "

(သံပြိုင်) (လမင်းရောင်ခြည် - - - အေးမြသည်)^၇ × မြန်မာပြည် လဝန်းဖာတ်ခုံထွန်းပေါ်ခဲ့ပြီ × အေးချမ်းမည် × အတိတ်ကောင်း နိမိတ်ကောင်း မှတ်စေချင်ပါသည် × မြန်မာပြည် တစ်ဝန်းဘေးမသန်းသာယာစည် × ပော့... ရွှေမောင်းသံဟည်။

အရှေ့ကိုလျှောက်ပါလို့ × အနောက်ဖက်တစ်ခွင်ဆီ × မြန်မာ့သဘင်ကမ္ဘာသိရေး × မျှော်တွေးကာရည် × ကိုယ်ရေးမပါ ကမ္ဘာအနှံ့ × ပေါ်ဒီလို ဖြန့်ခဲ့ရတဲ့ ကဟန်တွေရှိ × အမေရိကန် - ရုရှား ကမ္ဘာတစ်လွှားမှာအတည် × မြန်မာ့သဘင်ဆိုတာ ဒီလိုလားလို့ × အံ့ဩခဲ့ကြသည် × ဒီလောက်ကလေးနဲ့တော့ မတင်းတိမ်နိုင်ပြီ - - - အစုအရုံးနဲ့ အောင်မင်းတစ်ဖွဲ့လုံးက တစ်ကမ္ဘာလုံးလှည့်ကာ × မြန်မာ့သဘင်တင်ပြချင်ပါသည် - - -။

(သံပြိုင်) "(လမင်းရောင်ခြည် - - အေးမြသည်)^၇ × မြန်မာပြည် လဝန်းဖာတ်ခုံထွန်းပေါ်ခဲ့ပြီ - - - ရွှေမောင်းသံဟည်"

ဤသို့ဖြင့် ကျွန်တော့်နလုံးသားတွင် စိန်အောင်မင်းကို အမှတ်ထင်ထင် စွဲလမ်းခဲ့ရပါသည်။ ထို့ပြင် ၁၉၅၉ ခုနှစ် ပတ်ဝန်းကျင်လောက်က စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ်မှ ဆရာကြီးဦးသော်ဇင် ရေးသားပြုစုသည့် "ရွှေမန်းတင်မောင်" "စိန်အောင်မင်း" "ကနက်စိန်" စသည့်ဝတ္ထုဟန် အတ္ထုပ္ပတ္တိ စာအုပ်ကလေးများကလည်း စာရေးသူအား မြန်မာ့ဖာတ်

သဘင်ကို ဂါသနာထုံလာစေရန် ချစ်ခင်မြတ်နိုးလာစေရန် ဆွဲဆောင်ခဲ့ပေသည်။

ဆရာကြီးဦးသော်ဇင်၏ ကျေးဇူးကြောင့် စိန်အောင်မင်း၏ အနုပညာဘဝခရီးကို သိရှိခဲ့ရသည်။ စိန်အောင်မင်းသည် ဟသ်ာတခရိုင်၊ လေးမျက်နှာမြို့တစ်ဖက်ကမ်း မြစ်ကျိုး-ကျွန်းတဲသားဇာတိဖြစ်သည်။ လယ်သမားကြီးဦးဖိုးလှိုင်၊ဒေါ်ငွေဖြူတို့၏ သားဖြစ်သည်။ ၁၂၈၀ ပြည့်၊ ဝါခေါင်လဆန်း ၁၂ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်း ၁၂ ယောက်ရှိသည့်အနက် အထွေးဆုံးသားဖြစ်သည်။ ငယ်မည်မှာ မောင်ထွန်းရွှေဟုခေါ်သည်။

ငယ်စဉ်ကမြစ်ကျိုးဘုန်းကြီးကျောင်း၌ပညာသင်ကြားခဲ့သည်။ ၁၂ နှစ် သားအရွယ်တွင် ရှင်သာမဏေဝတ်သည်။အသံကောင်းသဖြင့် ဆရာဘုန်းကြီးက တရားဟောကျင့်ခိုင်းသည်။ သူက တရားမဟောဘဲ သီချင်းဆိုပြီး ကနေတတ်သည်။ ဆွမ်းခံသွားရင်း ဓာတ်စက်ဓာတ်ပြားနားထောင်နေသဖြင့် အရိုက်ခံရသည်မှာလည်း မကြာခဏပင်။ ကြာသော် ဆရာဘုန်းတော်ကြီးက လက်လျှော့လိုက်ရသည်။ ရှင်သာမဏေဘဝမှ ထွက်စေခဲ့သည်။

မောင်ထွန်းရွှေသည် ငယ်စဉ်ကပင် အနုပညာမျိုးစေ့ပါလာခဲ့သည်။ တစ်နေ့တွင်မြစ်ကျိုးရွာသူကြီးအိမ်တွင် ဖွင့်သောဓာတ်စက်မှ ဦးဖိုးစိန်၏ ပဒုကာသလဇာတ်ထုပ်ကိုနားထောင်ခဲ့ရသည်။ ထိုဇာတ်ထုပ်ပါ နှစ်ပါးသွား သီချင်း၊ အဆို၊ အငို၊ အပြောတို့ကို အလွယ်တကူ မှတ်သား နိုင်ခဲ့သည်။ မောင်ထွန်းရွှေတို့ငယ်စဉ်က သံပတ်လှည့်ဓာတ်စက်များကို အထမ်းသမားများက ရွာစဉ်လျှောက်၍ အငှားဖွင့်ပြလေ့ရှိသည်။

၁၃ နှစ်သားအရွယ်တွင် လေးမျက်နှာမြို့မှ ဆိုင်းဆရာ ဆရာစထံသို့ ရောက်သွားသည်။ ဆိုင်းနောက်ထဖြစ်ရန် ရည်ရွယ်ချက်နှင့်ဖြစ်သည်။ ထို ဆိုင်းဆရာကြီး၌ သားနှစ်ယောက်ရှိသည်။ ဇနီးမှာ ထိုကလေးများ၏မိခင် မဟုတ် နောက်ဇနီးဖြစ်သည်။ လင်ပါသားများနှင့်စာလျှင် ခိုင်း၍ပေ့ါပါး သော မောင်ထွန်းရွှေကို ချစ်ခင်သည်။ ထို့ကြောင့်လည်း ဆိုင်းပစ္စည်းများ သယ်ပိုးခြင်း၊ သိမ်းဆည်းခြင်းလုပ်ငန်းများအပြင် ဆရာကတော်၏ အခိုင်းခံဘဝသို့အလိုလိုရောက်ခဲ့ရသည်။ ခိုင်းကောင်းသဖြင့် ထမင်းချက် ဟင်းချက်မှအစ ထဘီပါလျှော်ဖွပ်ပေးရသည့် အထိပင်။

ထို့ပြင် ဆရာစ၏ဇနီးက တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိအောင် ကုန်သေးဆိုင်ကလေးဖွင့်ထားသည်။ ညပိုင်းတွင် ဆိုင်းတီးဝိုင်းရှိ၍ မည်မျှ အိပ်ရေးပျက်ပျက် နံနက် ၄ နာရီ အမြဲထရသည်။ ဆိုင်ဖွင့်ရသည်။ အိပ်ချင် မူးတူးဖြစ်နေလျှင် အဆင်မပြေလျှင် ဆရာ၏ အရိုက်အနက်ခံရသည်။ သဘင်သည်၏ဘဝကို ဤသို့စခဲ့ရသည်။ ၂ နှစ်နီးပါးကြာမှ ဆိုင်း နောက်ထဘဝကို စတင်ခဲ့ရသည်။

၁၅ နှစ်သားခန့်တွင် တစ်ဆင့်တက်၍ ဆိုင်းနောက်မှဆိုင်းရှေ့သို့ ရောက်လာသည်။ လေးမျက်နှာမြို့တွင် ဆရာစမှာ နာမည်ကျော် ဆိုင်း ဆရာကြီးတစ်ဦးမဟုတ်ချေ။ အလှူပိန်၊ မသာပိန်လောက်နှင့် ပတ်ဝန်းကျင် ရွာသိမ်ရွာငယ်တို့လောက်သာ တီးရသည်။ ယခုအခါ ဆရာစ၏ ဆိုင်းမှာ ဆိုင်းမင်းသားလေး မောင်ထွန်းရွှေကြောင့် အတော်ပင် လူကြိုက် များလာသည်။ မောင်ထွန်းရွှေသည် ဦးဖိုးစိန်၏ ပဒကာသလဇာတ်မှ သန်လျက်ပျောက်ခန်းကို ဆိုငိုပြရသည်။ နိပ်စက်မည့် ဆိုင်းနောက်ထ တစ်ယောက်နှင့် သရုပ်ဖော်ရသည်။ ဤအခန်းကဏ္ဍလေးသည်

မောင်ထွန်းရွှေအား "စိန်အောင်မင်း" ဘဝသို့ပို့ဆောင်ပေးမည့် ရေသောက်မြစ်ပင်ဖြစ်သည်။

တစ်နေ့တွင် ပုသိမ်မြို့မှ ဇာတ်ထောင်ဆရာ ဦးအောင်စိန်နှင့် ဒေါ်ခင်သန်းတို့ဇနီးမောင်နှံသည်လေးမျက်နှာမြို့သို့ရောက်လာကြသည်။ ဆိုင်းမင်းသားကလေး မောင်ထွန်းရွှေကို ခေါ်ရန်ဖြစ်သည်။ ဦးအောင်စိန်၊ ဒေါ်ခင်သန်းတို့မှာ အင်္ဂလန်စိန်ဟူသော ဇာတ်အဖွဲ့ကြီးတစ်ခုရှိသည်။ အင်္ဂလန်စိန်မှာ အင်္ဂလိပ်လူမျိုးအစစ်က မြန်မာမင်းသားအဖြစ်နှင့် ကပြနေသူဖြစ်သည်။ လျှာလေးအာလေးကြီးနှင့် ပြောဆိုနေသည်။ မင်းသားအဝတ်အစားနှင့် အဆင်မပြေလှသော်လည်း လူမျိုးခြားအင်္ဂလိပ်မင်းသားဖြစ်၍ တစ်မူထူးခြားကာ အတော်စိတ်ဝင်စားကြသည်။

အင်္ဂလန်စိန်သည် နှစ်ပါးသွားကိုတော့ ကောင်းကောင်းကတတ်သည်ဟု ဆိုနိုင်ပါသည်။ နှစ်ပါးသွားဆိုသည်မှာ အရွှင်အမြူးဖြစ်၍ကချင်သလိုကနိုင်သည်။ နောက်ပိုင်းဖြစ်သော ဇာတ်ကွက်ဇာတ်လမ်းနှင့် အလွမ်းအဆွေးတို့ကိုကား အင်္ဂလန်စိန် မစွမ်းနိုင်ချေ။ ထို့ကြောင့် သူ၏ဇာတ်ဆရာများဖြစ်သော ဦးအောင်စိန်၊ ဒေါ်ခင်သန်းတို့သည် နောက်ပိုင်းမင်းသားရှာဖွေရန် လေးမျက်နှာမြို့မှ ဆိုင်းဆရာ ဆရာစထံသို့ ရောက်လာကြခြင်းဖြစ်သည်။လေးမျက်နှာမြို့မှဆိုင်းဆရာ ဆရာစထံမှ မောင်ထွန်းရွှေ၏ဂုဏ်သတင်းမှာ ဇာတ်လောကတွင် အတော်ပင် ပျံ့သင်းနေသည်။

ဦးအောင်စိန်မှာ ဘားကျွမ်းပညာကို ကောင်းစွာတတ်ကျွမ်းသူဖြစ်သည်။ သူ၏ဇနီး ဒေါ်ခင်သန်းကလည်း မြန်မာသန်းဟူသော မင်းသမီးတစ်လက်ဖြစ်သည်။ ဦးအောင်စိန်၏ဇာတ်ပွဲတွင် ညဦးပိုင်း၌ သူကိုယ်တိုင် တပည့်လက်သားအစုံအလင်နှင့် ဘားနှင့်ကျွမ်းထိုးပြသည်။ ထို့နောက် အင်္ဂလန်စိန်က မင်းသမီးများနှင့် နှစ်ပါးသွားထွက်သည်။

နောက်ပိုင်းဇာတ်ကွက်ဇာတ်လမ်းနှင့်လွမ်းခန်းဖော်ရန် မောင်ထွန်းရွှေကို အခေါ်ရောက်လာခြင်းဖြစ်သည်။ မောင်ထွန်းရွှေနှင့် ဒေါ်ခင်သန်းတို့မှာလည်း ဆွေနီးမျိုးစပ်တော်စပ်လေသည်။

ဤသို့ဖြင့်မောင်ထွန်းရွှေသည်ဇာတ်ဆရာဦးအောင်စိန်၊ဒေါ်ခင်သန်းတို့နှင့် ပုသိမ်သို့ပါသွားတော့သည်။ မောင်ထွန်းရွှေမှာ လက်ထောက်မင်းသားကလေးအဖြစ် စတင်နေရာရရှိသည်။ မင်းသားအမည်မှာ အောင်ထွန်းရွှေဖြစ်သည်။ ပွဲသုံးချီကမှ ငါးမတ်မျှသာရရှိသည်။ ဇာတ်နားရက်များတွင် ဇာတ်ထောင်ဆရာက ဘိလိယက်ခုံထောင်ထားသဖြင့် ဘိလိယက်ခုံအောက်၌ အိပ်ရသည်။

ဒုတိယနှစ်တွင် ဇာတ်ထောင်သူတို့က အင်္ဂလန်စိန်ထွက်သွားသဖြင့် ဗိုလ်ချုပ်စိန်ဟူသော မင်းသားတစ်လက်ကို ပွဲထုတ်ပြန်သည်။ နောက်မှရောက်လာသော ဗိုလ်ချုပ်စိန်မှာ အောင်ထွန်းရွှေထက်ငယ်သေးသည်။ သို့ရာတွင် ဇာတ်ဆရာက သူ့ကိုပင် အင်္ဂလန်စိန်နေရာမှာပင် ခေါင်းဆောင်တင်ထား၍ အောင်ထွန်းရွှေမှာ မူလအတိုင်းနောက်ပိုင်းကပင်နေရသည်။ ဇာတ်ဆရာက သူ့ကို တမင်နှိမ်ထားသည်တော့မဟုတ်။ တော်သလိုအဆင်ပြေအောင်ကြည့်ပြီး စီစဉ်ခြင်းပင်ဖြစ်သည်။ တစ်နေ့တွင် ရဲရဲတောက်အဖြစ်နှင့်ပွဲထုတ်နိုင်ရန် ပညာဆည်းပူးစေခဲ့သည်။

ဦးအောင်စိန်သည် သူ၏မင်းသားလေးအောင်ထွန်းရွှေကိုမင်းသားကြီးဦးချစ်စိန်ထံတွင် မင်းသားတို့တတ်အပ်သော အတတ်ပညာ များကို သင်ကြားစေသည်။ မင်းသားကြီးဦးချစ်စိန်က အောင်ထွန်းရွှေ၏အမည်ကို မကြိုက်သဖြင့် ဦးအောင်စိန်နှင့်တိုင်ပင်ကာ "အောင်မင်း" ဟုအမည်ပြောင်းလိုက်သည်။ ထိုခေတ်ကအောင်ငြိမ်း၊အောင်ဘညို၊ အောင်မောင်းဟူသည့် "အောင်" အမည်ပါ မင်းသားတွေ ခေတ်စားနေချိန်ဖြစ်သည်။

အောင်ပါသောမင်းသားတွေထဲမှာဖြင့် မင်းဟာ "မင်း"ပါပဲဟု ဆိုလိုရင်း ဖြစ်သည်။

ဦးအောင်စိန်၏ဇာတ်မှာ မင်းသားဗိုလ်ချုပ်စိန် ထွက်သွားပြန်သဖြင့် ဇီးကွက်ဖေသက်ဟူသော မင်းသားတစ်လက် ရောက်လာပြန်သည်။ ဇီးကွက်ဖေသက်မှာ ရုပ်ချောအကကောင်းသော်လည်း အသံမရချေ။ ထို့ကြောင့် နောက်ပိုင်းဇာတ်ကို အောင်မင်းကပင် တာဝန်ဆက်ယူရပြန်သည်။ အောင်မင်းသည် မည်သည့်မင်းသားနှင့် တွဲရစေကာမူ ထိုမင်းသားထံမှ ပညာယူထိုက်သည်ကို ယူလိုက်သည်သာဖြစ်သည်။ သို့ရာတွင် သူ့အသည်းထဲတွင် စွဲနေသည်မှာ ဦးဖိုးစိန်ကြီးပင်ဖြစ်သည်။ သူသည် ရွာတွင်နေစဉ်က ဦးဖိုးစိန်ကြီး၏အသံကို ဓာတ်ပြားထဲကသာ ကြားဖူးသည်။ ယခုမူ ဦးအောင်စိန်၏ကောင်းမှုကြောင့် ဦးဖိုးစိန်ကြီး ဇာတ်ပွဲကို ၃ – ၄ ချီတိုင်မျှ ကြည့်ဖူးခဲ့လေပြီ။ ကြည့်ဖူးသောအခါ၌မူကား ဦးဖိုးစိန်ကို ရေးကထက်ပိုပြီး နှစ်သက်စွဲလမ်းသွားခဲ့သည်။ ဇာတ်သဘင်လောကတွင် ဦးဖိုးစိန်နှင့် တူသော မင်းသားမရှိဟု ဆုံးဖြတ်ပြီးလျှင် ဦးဖိုးစိန်၏ မူကိုကျအောင် ယူလေတော့သည်။

၁၃၀၀ ပြည့်နှစ်တွင် မန္တလေးမှ ဇာတ်ထောင်သူတစ်ဦးက "အောင်မင်း"သတင်းကိုကြားသည်။ ပုသိမ်တွင် အသံကောင်းရုပ်ချော မင်းသားကလေးတစ်ဦး ရှိသည်ဟူ၍။ ဇာတ်ဆရာမှာ ဦးလုထူး၊ ဒေါ်အောင်မြသင်းတို့ဖြစ်သည်။ ထိုအချိန်က မန္တလေးမြို့တွင် ရွှေမန်းတင်မောင် နာမည်ရစပြုနေပေပြီ။ တစ်မတ်တန်း ကနေပေပြီဖြစ်၏။ ဇာတ်ဆရာများက အောင်မင်း၏မိဘများထံ သွားရောက်တောင်းခေါ်ကြသည်။ မိဘများသည် အောင်မင်းကို သားထွေးကလေးမို့ ချစ်အားပိုရာသည်။ မန္တလေးသို့ မလွှတ်ချင်ကြပေ။ သို့သော် မန္တလေးမြို့မှာ သဘင်

တက္ကသိုလ်ဟု ခေါ်ဆိုအောင်ပင် ပညာစုံသည်။ ပညာတတ်မှ တိုးတက်ကြီးပွားမည်ဖြစ်၍ အောင်မင်းကို မထည့်ချင်ဘဲ မန္တလေးသို့ ထည့်လိုက်ရလေသည်။

မန္တလေးဇာတ်တွင် အောင်မင်းမရောက်မီက တိုင်းချစ်လှကြည် (နောင် အာဇာနည်လှကြည်) ရှိနေသည်။ တိုင်းချစ်လှကြည်မှာ ရွှေမန်းတင်မောင်နှင့် အပြိုင်ဖြစ်သည်။ မန္တလေးသို့ရောက်သောအခါ ဇာတ်ပိုင်ရှင်မင်းသမီးကြီး အောင်မြသင်းက အောင်မင်းအစား "စိန်" တစ်လုံးတိုးကာ "စိန်အောင်မင်း" ဟူသောအမည်ဖြင့် ခေါင်းဆောင်မင်းသားအဖြစ်သို့ မြှင့်တင်လိုက်ပေးသည်။ ဇာတ်ထောင်ဆရာ အောင်မြသင်းမှာလည်း ရွှေမန်းတင်မောင်၏ဆရာ မင်းသမီးကြီးမြခြေကျင်း မငွေမြိုင်နှင့် ခေတ်ပြိုင်ဖြစ်သည်။

စိန်အောင်မင်းသည် ရွှေမြင်တင်တောင် ဘုရားပွဲတော်မှစ၍ ရုံပွဲစတင်ကပြရသည်။ ထိုရုံတွင် ရွှေမန်းတင်မောင် ကနေကျဖြစ်သည်။ ထိုနှစ်တွင်မူ ရွှေမန်းတင်မောင်က ရုံဝင်ခတိုးယူသဖြင့် ရုံပိုင်ရှင်နှင့် အဆင်မပြေဖြစ်ကာ စိန်အောင်မင်းကို အစားထိုးကပြစေခြင်းဖြစ်သည်။ ကြော်ငြာတွင် ရွှေမန်းတင်မောင်ပုံနှင့် စိန်အောင်မင်းပုံကိုယှဉ်ပြီး "ယခုကပြမည့် စိန်အောင်မင်းမှာ ကျွန်တော်ကဲ့သို့ပင် တော်သောမင်းသားဖြစ်ပါသည်" ဟု ရွှေမန်းတင်မောင်၏ထောက်ခံချက်ဖြင့် အစားထိုးရလေသည်။

ပထမညတွင် အဆမတန်ရုံကြီးမှာ ပွဲကြည့်ပရိသတ် သုံးလေးရာမျှဖြင့် ကပြရသည်။ သို့ရာတွင် သူ၏ကံ၊ ဉာဏ်၊ ဝီရိယကြောင့် နောက်ညများတွင် နှစ်ပါးသွားမထွက်မီကပင် ရုံဖွင့်ပေးလိုက်ရလေတော့သည်။ ထိုအချိန်မှစ၍ စိန်အောင်မင်းနှင့် ရွှေမန်းတင်မောင်တို့မှာ တစ်ဦးနှင့်တစ်ဦး သက်တူ

ရွယ်တူအသက် ၂၀ ဝန်းကျင်မှာပင်မမျှော်လင့်ဘဲခေတ်ပြိုင်များဖြစ်လာခဲ့ကြသည်။

စိန်အောင်မင်းအသက် ၂၀ အရွယ်ခန့်တွင် မိခင်ကြီးဒေါ်ငွေဖြူကွယ်လွန်သွားသည်။ မိခင်ကြီးကွယ်လွန်သွားသည်ကို ချက်ချင်းမသိရဘဲ ဖခင်ဖြစ်သူမန္တလေးသို့လိုက်လာမှ သိရတော့သည်။ ထိုအချိန်အထိ စိန်အောင်မင်းသည်အောင်မြသင်းအိမ်တွင်ပညာသင်လျက်ရှိနေသည်။ မိခင်ကြီးကွယ်လွန်သွားသည့်အတွက် ပူဆွေးသောက ရောက်လျက်ရှိသည်။

တစ်နေ့တွင် စိန်အောင်မင်းသည် သူ့မိခင်အကြောင်းတွေးနေစဉ် အောင်မြသင်းက လှမ်းခေါ် လိုက်သည်။ စိန်အောင်မင်းက "ဟုတ်ကဲ့ လာပါပြီ မေမေ" ဟု ထူးလိုက်မိသည်။ အောင်မြသင်းမှာ အသက် ၄၀ ကျော်အရွယ်မျှရှိပြီဖြစ်သော်လည်းပြင်ပြင်ဆင်ဆင်နေတတ်သည်။ နုနုနယ်နယ်နေတတ်သည်။ သူ့ကို "မမ" ဟု ခေါ်မှသာကြိုက်သည်။ စိန်အောင်မင်းက သူ့မိခင်အကြောင်းတွေးနေရာမှယောင်ပြီး "အမေ" ဟု ခေါ်လိုက်မိခြင်းဖြစ်သည်။ ဤသို့ခေါ်လိုက်သည်ကိုမနှစ်သက်သော အမူအရာဖြင့် ချက်ချင်းပင်ကန့်ကွက်သည်။ ယင်းအကြောင်းကိုနန်းတော်ရှေ့ဆရာတင် သိသောအခါ စိန်အောင်မင်း အတွက် "ဒို့မေမေ" အမည်ဖြင့် သီချင်းတစ်ပုဒ် ရေးဖွဲ့ပေးသည်။

### ဒို့မေမေသီချင်း

တွေးကြည့်လျှင် မွေးမိခင် အနိစ္စရောက်တာ ရက်လတွေများပါပေါ့လေ × ကျွန်တော်တစ်ကောင်ကြွက် တစ်မျက်နှာနေ × စိန်အောင်မင်းရဲ့ ကုသိုလ်အတိုင်းပဲ ကံပစ်ချရာ အမှန်ဖြစ်ရပါ

တော့မလေ × ဖြစ်လေရာဘဝက သားအလှကိုမြင်လှည့်ပါဦး မေမေရေ...

(သံပြိုင်) (သနားစရာအေ၊ ဟုတ်ပါတယ်အေ)၂

(မင်း) မမကလဲမေမေခေါ်တာမကြိုက်ဘူးလေ။

(သံပြိုင်) (သနားစရာအေ၊ ဟုတ်ပါတယ်အေ)၂

(မင်း) ကြွလာသူဒေါ်ဒေါ်များရဲ့ × ကျွန်တော့်ကိုသနားသဖြင့် မေမေ တစ်ခွန်းလောက် (ခေါ်ပါရစေ)၂ × ဘယ်လိုသဘောမှ မအောက်မေ့ပေမယ့် × တကယ်မနေနာနဲ့ အကြောင်းဆက်ရေရေ- - -။

မောင်စိန်သတိရမိမှာတာကိုလေ × ဒေါ်ဒေါ်ရေမေမေတစ်ခွန်း လောက်အလွှမ်းပြေခေါ်ပါရစေ- -။

(သံပြိုင်) အမှန်ပါသနားစရာ × × × သူ့ခမျှာ ပြောတဲ့အတိုင်းပေ × × × အောင်မြသင်း မမရေ- -။

(မင်း) အသက်သုံးဆယ် × လေးဆယ် အဒေါ်များနဲ့ အောင်မင်း တွေ့ရှင် × မေမေရေအိုမေမေရေ × စိန်အောင်မင်းကိုမွေးစား ပါတော့လေ × ပြောရှာပေ နန်းတော်ရှေ့က ရေးတဲ့ဒို့မေမေ။ အသားဖြူဖြူ ပုပုလုံးလုံး ဘီးခံဆံထုံးနဲ့ မောင်စိန့်မေမေ × အသားညိုညိုကိုယ်နေမျက်နှာထား × × အများကြီးတူတဲ့ ကျွန်တော့်မေမေ × အပြည့်ပြည့်အနယ်နယ် × အမေအရွယ် တွေကျန်းခံ့သာစွမာကြပါစေ × ကျွန်တော်ကဲ့သို့အခြေကြည့် တော့ × အမေမရှိတဲ့ အစ်မတို့ရယ် × ကြွစေလိုကြောင်း × သာသာကြည်ကြည်ပါတီဖွဲ့စို့မသွေ × ရွှေမြို့တော်နေအသရေ မချို့ပေ့ါလေ × မေမေလို့ခေါ်သောအသင်းကြီးဖွဲ့စို့မသွေ....။

(သံပြိုင်) အမှန်ပါ....ဒို့မေမေ။

(မင်း) လုံချည်ဝါနဲ့မေမေ × စိန်အောင်မင်းရဲ့ခေါင်းရင်းထားပေ့ါမလေ × နေစေရန်အမှန်ခွင့်တောင်းပေ × ထဘီအပြာနဲ့မေမေ × စိန်အောင်မင်း ခေါင်းရင်းထားပေ့ါမလေ × နန်းတော်ရှေ့ကရေးပေးသော မေမေစာသွားပေ × အရောင်းအဝယ် ကောင်းလို့အပေါင်းဒို့မေမေ × တောင်းဆုခြွေ × မိတ်ဆိုးလေးအမျိုးမျိုး သနားစရာပေ - - -။

(သံပြိုင်) အမှန်ပါ - - -ဒို့မေမေ။

စိန်အောင်မင်းက ဒို့မေမေသီချင်းကို သီဆိုသောအခါ ငယ်ငယ်ရွယ်ရွယ်ပင် ရှိသေးသည်။ အသံလည်းကောင်း၊ ရုပ်လည်းချော၊ အကလည်းညက်ညောသည်။ အမေအတွက် သောကရောက်နေသော အခါလည်းဖြစ်သည်။ ထို့ကြောင့် ချစ်စရာလည်းကောင်းသည်၊ သနားစရာလည်းကောင်းသည်။ သူ့ဘဝတကယ့်အဖြစ်မှန် အခြေခံကလေးကို ပြောပြီး အဆိုပါ ဒို့မေမေသီချင်းကို သီဆိုလေရာ အဒေါ်အရွယ် အမေအရွယ်အမျိုးသမီးများ၏စိတ်ဓာတ်ကိုအထူးထိခိုက်လေသည်။ မိမိတို့၏ တူကလေးသားကလေးသဖွယ် ခင်တွယ်ကြသည်။ အင်းဝ-တံတားဦးမှ ကုန်သည်ကြီး ဒေါ်တင်လှဆိုသူက ကိုယ်ပိုင်ဇာတ်ထောင်နိုင်ရန် ငွေသုံးထောင်ကျပ် ထုတ်ပေးခြင်းခံခဲ့ရသည်။

စိန်အောင်မင်းသည် သူ့အသက် ၂၀ ကျော်အရွယ်တွင်ဇာတ်ဆရာအောင်မြသင်းထံခွင့်ပန်၍မန္တလေးမှာပင်ကိုယ်ပိုင်ဇာတ်ထောင်ခဲ့သည်။ အသက် ၂၅ နှစ်အရွယ်တွင် လေဘာတီမမြရင်၏ တပည့်ရင်းဖြစ်သော ရေနံ့ထွက်မင်းသမီး စိန်လေဒီနှင့် အိမ်ထောင်ပြုသည်။ ကိုယ်ပိုင်ဇာတ်

ထောင်ပြီးနောက် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာခဲ့သည်။ ထိုအချိန်တွင် တိုင်းပြည်မငြိမ်းချမ်းသဖြင့် စစ်ကိုင်းတွင် ဇာတ်နားရှ်၍ နေကြသည်။

တိုင်းပြည်အေးချမ်းလာသောအခါ မန္တလေးမှရန်ကုန်သို့ ဆင်းလာခဲ့သည်။ ရန်ကုန်သို့ဆင်းလာစဉ် ကြားမြို့များ၌ ဝင်ရောက်ကပြခဲ့သည်။ ဇာတ်ကရာမြို့တိုင်း၌ "သုံးရောင်ခြယ်ဒို့ဗမာ" သီချင်းကိုသီဆို၍ လွတ်လပ်ရေးအတွက် ဂျပန်ပြည်၌ စစ်ပညာသင်ကြားနေသော ရဲဘော်သုံးကျိပ်ကို ရည်ညွှန်း၍ "အရေးတော်ပုံ အောင်ရမည်" ဟု ကြွေးကြော်ခဲ့သည်။ "သုံးရောင်ခြယ် ဒို့ဗမာသီချင်း" ၏ လက်ရာရှင်မှာ မြန်မာညွှန့်ဆရာတင် ဖြစ်သည်။

## သုံးရောင်ခြယ်သီချင်း

(ခြေဆင်း) သခင်မျိုးဟေ့ဒို့ဗမာ × ဘုရင်မျိုးဟေ့ဒို့ဗမာ × မြို့တကာ ကြွေးကြော် × အရေးတော်ပုံအောင်ပါစေ × နောင်တာရှည် ဝတီဆောင်အတွင်းပြာသာဒ်ပေါ် × စိန်အောင်မင်းတပ်မတော် ခပ်ဆော်လာပါပြီ...။

ရာဇဝင်နိပါတ်လမ်းနဲ့ ကျမ်းဂန်အသွယ်သွယ် × မြန်မာပြည်ကြီးမှာ သူ့ရဲကောင်းတို့သောင်းခြောက်ထောင်ရှိသမျှ သိကြဖွယ် × ဥဒါန်းတင်လို့မဆုံးနိုင်တဲ့ကုန်းဘောင်သာကီနွယ် × ဒို့ဘုရင်ကိုကွယ် × ဒို့သခင်ကိုကွယ် × အောင်စည်တီးလို့ ပြည်ကြီးကကြိုမယ်...။

(သံပြိုင်) (ဒို့ အောင်မင်းတပ်မတော် ထင်ထင်ပေါ်ပေါ်)[၂] စည်းရုံး လှုံ့ဆော်ခေါ်ပါတယ်နော် × တပ်မတော်သားတို့ချီတက်ကြစို့ နော်။

(ဒို့ထီး ဒို့နန်းနဲ့ ဒို့ဗမာပြည် × ငြိမ်းချမ်းသာယာစည် × မြန်မာပြည်သာကီမျိုးတို့ တိုးတက်တော့မည်)၂ ခေတ်မီကျော်တဲ့ စစ်သည်တော်အဖွဲ့ × အဝါစိမ်းနီခြယ် × ရဲခေါင်တွေမေ့သားတို့ × နင်လားငါလားစွန့်စားမယ်။

(သံပြိုင်) ညီနော်ညီစေမယ် × စွမ်းသတ္တိရှိရမယ် × ခေတ်မှုနည်းအောင်ချင်တယ် × စစ်သူကြီးအောင်မင်းရယ်)၂ × ဗမာတွေညီကြဖွယ် × မြော်မြင်ဉာဏ်နဲ့ သံဆန်းထုတ်ပြန်တယ်...။

စိန်အောင်မင်းသည် ဗမာ့ကာကွယ်ရေးတပ်မတော်ရှိတပ်မတော်သားများအတွက် လိုအပ်နေသော စစ်ယူနီဖောင်းဝတ်စုံစရိတ်ရရှိရန် ရန်ပုံငွေကပွဲများကပြခဲ့သည်။ ရန်ပုံငွေပွဲကိုနေသူရိန်ရုံတွင် သုံးရက်တိတိကပြခဲ့ပြီး၊ ရရှိသောငွေအားလုံးကို ဗမာ့ကာကွယ်ရေးတပ်မတော်သို့ လှူဒါန်းခဲ့ပါသည်။ ထို့ကြောင့် စိန်အောင်မင်းကိုဗိုလ်ချုပ်အောင်ဆန်းက ရွှေချိန် ၅ကျပ်သားရှိရွှေတံဆိပ်နှင့် "အကျိုးတော်ဆောင်စိန်အောင်မင်း" ဟူသော ဘွဲ့တံဆိပ် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးမရမီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် မြန်မာနိုင်ငံအနှံ့တွင် တရားပွဲများကျင်းပခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မော်လမြိုင်တရားပွဲတိုင်းတွင် စိန်အောင်မင်းက တရားပွဲလာ ပရိသတ်ကြီးကိုကပြ၍ ဖျော်ဖြေဖည့်ခံပေးခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ချင်းဖဝေးဇာတ်ထုပ်မှစ၍ဇာတ်ပြားသွင်းခဲ့သည်။ ကက်ဆက်တိပ်ခွေများ ခေတ်စားလာသောအခါ၌လည်း တိပ်ခွေဇာတ်ထုပ်များ သွင်းခဲ့သည်။ ချင်းဖဝေး၊ ငမိုးရိပ်၊ ဆင်ကဲဘို့မယ်၊ မောင်မစွကာ၊ ပဒုကသာလ၊ မဟာစိန္တ၊ ဝိဇယ၊ လောဘမှောင်ခွင်းအရောင်လင်း၊ ရာဟုလာအမွေတောင်းခန်း၊ အနန္တဘာယ၊ နကုလ၊ ရင်သွေးတော်စသည့်

ဇာတ်ထုပ်များ၊ မြိုင်ထသီချင်းများ၊ ဆယ်နှစ်ရာသီဖွဲ့သီချင်းများ စသည်ဖြင့် ဓာတ်ပြားတိပ်ခွေစုစုပေါင်း ၃၀ကျော်သွင်းခဲ့ပြီးဖြစ်သည်။

စာရေးဆရာကြီးဦးသော်ဇင်က စိန်အောင်မင်း၏ ဘဝဇာတ်ကြောင်းကို "စိန်အောင်မင်းသို့မဟုတ်မီးပိုင်းနေသောရွှေကြာ" ဟူသောအမည်ဖြင့်မြဝတီမဂ္ဂဇင်း၌ဆောင်းပါးရေးသားခဲ့ဖူးသည်။ စိန်အောင်မင်းသည် လောကဓံ၏အထုအထောင်း အနှိပ်အစက် အမျိုးမျိုးခံခဲ့ရသူဖြစ်သည်။ ဖိနှိပ်ချုပ်ချယ်ခြင်း ခံရသောဒဏ်မှာ ပြင်းထန်သလောက် သူ၏အတတ်သည်လည်း လျှင်မြန်လှသည်။ မြန်မာနိုင်ငံတွင် နာမည်ကျော်ဇာတ်သဘင်များစာရင်းကို ရေတွက်ပါလျှင် စိန်အောင်မင်းသည် ထိပ်တန်းကပါဝင်နေတော့သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံသို့ မြန်မာ့ယဉ်ကျေးမှု ဖလှယ်ရေးအဖွဲ့ကို ဖိတ်မန္တကပြုခဲ့သည်။ ထိုသို့ဖိတ်ကြားရာတွင် သုခုမအနုပညာရှင်များကို ရွေးချယ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုအနုပညာရှင်များသည်သာလျှင် လူထုနှင့်အမြန်ဆုံးအထိရောက်ဆုံး ဆက်သွယ်နိုင်သည်မဟုတ်ပါလော။

၁၉၅၈ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ မြန်မာယဉ်ကျေးမှုအဖွဲ့စေလွှတ်ရာတွင် ဝဏ္ဏကျော်ထင် ကနက်စိန်ပါဝင်ခဲ့သည်။ ထိုနည်းတူစွာပင် ၁၉၅၉ ခုနှစ်ကလည်း အမေရိကန်အစိုးရကပင် ဒုတိယအကြိမ်ဖိတ်ကြားခဲ့ပြန်သည်။ ဤအကြိမ်တွင် ရွှေမန်းတင်မောင်နှင့် စိန်အောင်မင်းတို့ကို ရွေးချယ်ခဲ့သည်။ အဖွဲ့ခေါင်းဆောင်အဖြစ် ဒဂုန်ဦးဘတင် လိုက်ပါသွားသည်။ လန်ဒန်တွင် ယဉ်ကျေးမှုဖလှယ်ရေးအဖွဲ့မှ စိန်အောင်မင်းနှင့် ရွှေမန်းတင်မောင်တို့ကို ဗြိတိန်ဘားမားအသင်းကြီး၏ နာယကဖြစ်

သော လော့လူစီဖောင့်ဘတ်တန်အော့ပ်ဘားမားက ရွှေတံဆိပ်တစ်ခုစီ ချီးမြှင့်လိုက်သည်။

ထို့ပြင် စိန်အောင်မင်းသည် ပြည်ပလေ့လာရေးခရီးစဉ်များကို တရုတ်ပြည်၊ ပြင်သစ်ပြည်၊ ၁၉၄၈ ခုနှစ်တွင် အိန္ဒိယပြည်၊ ၁၉၅၆ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီး ဦးထွန်းတင်ခေါင်းဆောင်သော ယဉ်ကျေးမှုအဖွဲ့နှင့် ဆိုဗီယက်ယူနီယံ၊ ယူဂိုစလားဗီးယား၊ ၁၉၅၈ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်များအဖြစ် သွားရောက်ခဲ့ဖူးလေသည်။

၁၉၅၉ ခုနှစ်တွင် လဝန်းဇာတ်ခုံကိုတီထွင်ခဲ့သည်။ ဇာတ်ခုံ၏ အကျယ်မှာ ပေ ၄၀ မျှကျယ်ဝန်းသည်။ ဘေးတစ်ဖက်စီ၌ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တီးဝိုင်းများကိုတင်ထားသည်။ အသုံးပြုသော ပေမှာ ၃၀ ခန့်ပင်ရှိသည်။ ဇာတ်ခုံကိုလည်း လဝန်းပုံ သဏ္ဌာန်တည်ဆောက်၍ ဇာတ်ခုံ၏ရှေ့တွင် လှေကားကဲ့သို့ အဆင့်သုံးဆင့် ပြုလုပ်ထားသည်။ ထိုအဆင့်သုံးဆင့်အထိ သရုပ်ဆောင်များဆင်း၍ ကပြနိုင်သည်။ လဝန်း ဇာတ်ခုံကြီးကို သံထည်များဖြင့် အသင့်ပြုလုပ်ထားပြီး အစိတ်အပိုင်း တစ်ခုစီကို မူလီများဖြင့်ဖြုတ်နိုင်တတ်နိုင်အောင် အရှင်ပြုလုပ်ထားလေ သည်။

လဝန်းဇာတ်ခုံကြီးကို ပန်းချီဆရာဦးရာမိုးက ပုံစံထုတ်၍ ခမ်းနား အောင် စီစဉ်ပေးသည်။ လျှပ်စစ်မီး၊ အသံချဲ့စက်များနှင့် မိုက်ကရိုဖုန်းများ ကိုလည်း ပရိသတ်မမြင်ရအောင် စီစဉ်ထားသည်။ လဝန်း ဇာတ်ခုံကြီးမှ မြန်မာ့ဆိုင်းဝိုင်းကြီးကို ခုံညားထည်ဝါစွာ ပြုပြင်ထားပြီး ပဒုမ္မာကြာပွင့် သဏ္ဌာန်စီမံ၍ကြေးဝိုင်းကို နဂါးကြေးခွေအဖြစ် ဆန်းသစ်အောင် တီထွင် ခဲ့သည်။ ယင်းမင်္ဂလာဆိုင်းဝိုင်းကြီးကို နစ်ပါးသွားထွက်သော အစီအစဉ်၌ အသုံးပြုသည်။ လဝန်းဇာတ်ခုံအဖွင့် သီချင်းကို အလင်္ကာကျော်စွာ

စိန်ဝေလျှံက ရေးစပ်ပေးသည်။ လဝန်းဇာတ်ခုံ ကမျိုးစုံဆိုသည့်အဝိုင်းပင် ရှေ့ပိုင်း၌ ယိမ်းများ၊ အကပဒေသာများတင်ဆက်၍ ခေတ်ပေါ်ပြဇာတ်များနေရာတွင် ဗုဒ္ဓဝင်၊ မဟာဝင်နိပါတ်တော်များကို အစားထိုး၍ ကပြခဲ့လေသည်။

စိန်အောင်မင်းသည် အသက် ၆၀ကျော်အထိကပြခဲ့ရာ ဇာတ်ကသက် ရှည်လျားသည်နှင့်အမျှ ဇာတ်ထုပ်ပေါင်းများစွာ ကပြခဲ့သည်။ မောင်မစ္စက၊ ပဒကုသလ၊ သောမနဿ၊ တို့ဘုရင်၊ မဟာစိန္တ၊ ဥစ္စဂ်၊ ရာဇသကြန်၊ စောအောင်စောနောင်၊ ရင်သွေးတော်၊ တာနောယက္ခ၊ တပင်ရွှေထီး၊ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူခန်း၊ ဆဒ္ဒန်ဆင်မင်း၊ ဝိဇယ၊ နကုလ၊ ချင်းဖဝေး၊ ငမိုးရိပ်၊ သာသနာ့ထိပ်တင်သစ္စာရှင်၊ ဆင်ဖြူရှင် တရဖျားစသည်တို့ဖြစ်သည်။ ထိုဇာတ်ထုပ်များအနက် နာမည်ကျော်ကြားလူကြိုက်များသော ဇာတ်ထုပ်များမှာ မောင်မစ္စက၊ ငမိုးရိပ်၊ ဆင်ကဲဘိုမယ်နှင့် ချင်းဖဝေးတို့ပင်ဖြစ်သည်။

စိန်အောင်မင်းငယ်စဉ်က ကပြခဲ့သောဇာတ်ထုပ်များအနက် ပရိသတ်အကြိုက်ဆုံးပွဲအတောင်းဆုံးဇာတ်ထုပ်များမှာ မောင်မစ္စကနှင့် ချင်းဖဝေးဇာတ်ထုပ်ပင်ဖြစ်သည်။ မောင်မစ္စကဇာတ်ထုပ်မှာ အများသိကြပြီးဖြစ်သည့် ရှင်မဟာကစ္စည်း ရဟန္တာမထေရ်မြတ်အား ပြစ်မှားမိသဖြင့် ယောက်ျားဘဝမှမိန်းမဘဝသို့ပြောင်းလဲသွားသော ဇာတ်ဖြစ်သည်။

မောင်မစ္စက၏ကိုယ်မှာ ဖခင်ဖြစ်သူက ဆေးတွေထိုးပေးထားသဖြင့် ဇနီးသည်၏မီးနေခန်းအတွင်း မဝင်မိစေရန် တားမြစ်ထားသည်။ ဇနီးဖြစ်သူမယ်ဘဒ္ဒ မီးဖွားသည့်အခါ ဖခင်တစ်ယောက်အနေဖြင့် မအောင့်အီးနိုင်၍ ရင်သွေးနှင့်ဇနီးသည်ကို ဝင်ကြည့်မိသည်။ မီးနေခန်းအတွင်း ဝင်မိသည်နှင့်တစ်ပြိုင်နက် တစ်ကိုယ်လုံးယားယံလာသဖြင့်

"မယားကို ခင်၊ မီးနေအိမ်တစ်ဖေဝင်၍၊ အင်ပြင်လိုယား...၊ မောင်လေးခင် ဖြစ်ပုံများရယ် (အမယ်မင်း) ကောင်းနိုင်ရဲ့လား" ဟူ၍ အော်ဟစ်ညည်းညူ ရသည်။ ယားယံမှုကလည်း တော်ရုံမဟုတ်၊ အသည်းထဲအူထဲက ယားလာ သောကြောင့် -

"သွေးထိတ်စရာငယ်၊ ဆေးဝိဇ္ဇာ ဒေဝီခုနစ်ဖြာနဲ့၊ ကေသီအမွှန်မှာ မြတ်စနိုးပါလာ့၊ နတ်ကိုးသွယ်ရယ် ခြွေရံလိုက်ပါတဲ့၊ (မောင့်မှာ တော့) ရွှေဆံလံအင်း - - -။

ကိုယ်လုံးငယ်နာ၊ ဟိုတုန်းရယ်သည်ခါသမယံက၊ ပီတာအမှန် ဖေ သတိပေးရက်ကယ်နဲ့၊ ရွှေကတီလေးရယ် တချွင်ချွင်တစ်ခါခါ မူတတ်တာကြောင့်၊ သဘောမဆင်မခြင် ပြောလို့မှမယွင်းပါဘု၊ မစ္စကမှာဗျာ (အမယ်မင်း) ယားလိုက်လေခြင်း" ဟုငိုကြွေးခဲ့သည်။

သို့နှင့် ဖခင်ဖြစ်သူက လူမရောက်၊ ငှက်မသောက်သည့် ညောင် စောက်ကန် အမြန်သွား၍ ရေချိုးပါက အယားအယံဝေဒနာတွေ ပျောက်လိမ့်မည်ဟုပြောသည်။ ထို့ကြောင့် အဖော်တစ်ယောက်နှင့်အတူ ညောင်စောက်ကန်သို့ ရေသွားချိုးကြသည်။ ရေချိုးနေစဉ် ရုပ်အဆင်း အလွန်လှပတင့်တယ်သည့် ရှင်မဟာကစ္စည်းမထေရ်သည် ကန်ပေါင်ရိုး ပေါ်၌ ဆွမ်းဘုဉ်းပေးရန်ကြွရောက်တော်မူလာသည်။ မောင်မစ္စကသည် ရှင်မဟာကစ္စည်းမထေရ်ကိုမြင်လိုက်သည်နှင့် "ငါ့မယားသာ ဖြစ်လိုက် ချင်ပါဘိတော့တယ်" ဟု ပြစ်မှား မိသည်။ ထိုသို့ ပြစ်မှားမိသည်နှင့် တစ်ပြိုင်နက် မိန်းမဘာဝသို့ ပြောင်းလဲသွားတော့သည်။

ရေကန်တွင် ရေချိုးပြီးတက်လာသော မောင်မစ္စကမှာ သူ့ကိုယ် သူ မိန်းမဘာဝသို့ရောက်နေသည်ကို မသိရှာသေးပေ။ ရေကန်မှအတက် သူ့ တစ်ကိုယ်လုံး ပေါ့ရွှတ်ရွှတ်ဖြစ်နေသည်ဟု ထင်လိုက်မိသည်။ သို့သော်

သူ့စိတ်ထဲ၌ အယားအယံဝေဒနာတွေ ပျောက်ကင်းသွားသဖြင့် တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသည်ဟုသာ ထင်နေမိသည်။ အတော်ကလေးသွားမိတော့မှ ယောက်ျားဘဝမှ မိန်းမဘဝသို့ ပြောင်းလဲသွားပါပကောဟု သိလိုက်သည်နှင့် -

"ခင်းကြွကြွကညာ၊ ဂေါရီနက်ဲ့သို့၊ လောကီအမှု ဓမ္မတာအရေးကြောင့်၊ (မယ်ဘဒ္ဒရေ) မောင်ကြီးမှာ...ကညာလေးဖြစ်ရပါပကော" ဟု ရေရွတ်မြည်တမ်းမိသည်။ ပြီးတော့မှ - -

"ရေကန်သာမှာပင်၊ ဖေကြီရာ တစ်ခါခက်လိုက်ပါဘိ၊ ခြေလက်ကိုယ်အင်္ဂါတို့က၊ ဟိုအရင်ဟာ အပုအရှည်ပျောက်တဲ့ပြင်၊ အပျိုစင်ကညာ ခုအနေသို့ရောက်ခဲ့ရပါပေ့၊ ပိုမောက်ခါသည်ဉာဏ်တွေ စုံလိုက်တာက၊ (မောင့်မှာတော့) အင်မတန်ပုံထွား...။

ခင်းမသာတယ်၊ တင်းမာမာအကြိတ်အခဲတွေကြောင့်၊ စိတ်ထဲမှာ အဆင်မပြေလို့၊ ကျုပ်စိတ်ထဲမှာ အဆင်မပြေလို့၊ လင်နေချင်သလို တစ်မျိုးတစ်မည်ဖြစ်လိုက်ပါဘိ၊ ပုဆိုးအထည်ပစ်လို့မို့၊ ထဘီဝတ်ဘဝသို့ ရောက်ခဲ့ရပါပြီတကား..."ဟူ၍ ငိုကြွေးခဲ့လေသည်။

ထို့နောက် မောင်မစွကသည် မိန်းမဘဝတွင် ဝတ်ဆင်ရန် အဝတ်အစားမရှိသဖြင့် သူ့အိမ်သို့ပြန်ပြီး သူ့မိန်းမမယ်ဘဒ္ဒ၏ ထဘီ၊ အင်္ကျီများကို တိတ်တဆိတ်ခိုးယူရန် အကြံ ဖြစ်မိသည်။ မောင်မစွကသည် ယောက်ျားစင်စစ်က မိန်းမဖြစ်နေရရှာသော သူ့အဖြစ်ကို သိပ်ရှက်နေသည်။ သူ့မိန်းမကို လုံးဝအသိမပေးလို၊ လွတ်ရာကျွတ်ရာသို့သွားမည်။ သူ့အဖေနှင့် မယ်ဘဒ္ဒတို့မသိစေရ၊ အဝတ်အစားတွေ ခိုးယူကာ ထွက်သွားတော့မည်ဟု ရည်ရွယ်၍ အိမ်သို့ပြန်လာခဲ့သည်။ အိမ်သို့ရောက်

သောအခါ သူ့ရင်သွေးကလေးကိုပါ သတိရလာပြန်သည်။ ထို့ကြောင့် ကိုယ့်အိမ်က ကိုယ့်မိန်းမ၏ အဝတ်အစားများခိုးယူရသည့် သူ့ဒုဖြစ်ကို ရှက်လည်းရှက်သည်၊ သားကိုလည်း ချစ်ခင်စိတ်က ဝင်လာပြန်သဖြင့်....

"ဆန်းပုံငယ်ယဉ်၊ ကွမ်းတုံဆင် ထည်တစ်မျိုးသာပဲ့၊ ယူခိုးကာ မကြာဆင်ရပါတော့၊ (မောင်မှာတော့) နှံ့သာ တင်ကာလူး - - -။

အို၊ ဘီးဆံပတ်ကလေးရယ်နဲ့၊ သူဆောင်းခဲ့တဲ့ ထီးကလေးနဲ့ ဖိနပ်ကလေးအကုန်ယူလို့၊ ရွှေဂုန်သူ ချောယဉ်လုတို့လို၊ ပြောလို့ဖြင့် မပြချင်ဘု၊ ကိဝစ္စနာသွင်းရမှာဖြင့် (မောင့်မှာ ဗျာ) မောဂိမိန်းမလျာ တစ်ဦး - - -" ဟု ငိုကြွေးခဲ့သည်။

ထို့နောက်မှ - - -

(ခုနစ်သံချို) "သားမောင်လူလေး × ရွှေသွေးကိုပဲဖေဖေသနားတယ် × မင်းရဲ့ကံပဲကွယ် × အမုန်ပဲခွဲရပါတော့မယ် × အသည်းက နာတယ် × ကိုယ့်ရင်ဆီသွေး × ယုယပိုက်ထွေး × အရေး မလုနိုင်တယ် × ဖေဖေချစ်တဲ့သားရယ် × ပစ်ထားကာပဲ သွားရပါတော့မယ် - - -" ဟူ၍ ငိုကြွေးပြီး မိန်းမနှင့် သား ကလေးကိုပစ်ကာ ထွက်သွားခဲ့ရလေသည်။

မောင်မစ္ဆကဇာတ်ထုပ်ကို ကပြစဉ်က စိန်အောင်မင်းမှာ အရွယ်က လည်းငယ်ငယ်၊ လူကလည်းပိန်ပိန်ပါးပါး၊ ရုပ်ရည်ကလည်း ချောမော လုပသူဖြစ်ရကား မိန်းမအဝတ်အစားနှင့် လွန်စွာလိုက်ဖက်လှသည်။ ထို့ကြောင့် ပွဲကြည့်ပရိသတ်များ၊ အထူးသဖြင့် အမျိုးသမီးပရိသတ်များ အထူးစွဲလမ်းနှစ်ခြိုက်ခဲ့ကြသည်။

ချင်းဖဝေးဇာတ်ကို စိန်အောင်မင်းသည် အသက် ၁၉နှစ်သား အရွယ်ကပင် ဇာတ်စာရေးဆရာဦးမောင်ကြီး (ဒါးပိန်ဦးမောင်ကြီးဟုတ်၊

မဟာတ်မသိရ) နယားပျံဆရာခဝတို့၏ သွန်သင်ပြသမှုဖြင့် ကပြခဲ့ကြောင်း သိရသည်။

ချင်းဖဝေး ဇာတ်အိမ်တည်ဆောက်ပုံမှာ ရသမြောက်၍ နိုင်ခံ့ သည့်အပြင် ဇာတ်ကွက်ဝင်စာပေ ကဗျာလင်္ကာတို့မှာလည်း ရသမြောက်လှသည်။ "ယာတောာရဲ့အလယ်မှာဟယ်၊ ငါပြောမယ်ရွှေရှင်ဘုရင်ရဲ့ နင်ဆင်ခြင်ပါလား" ဟူသောဝိုချင်းမှာ အသက် ၇၀ ကျော် အဘိုးအဘွားများလည်း စွဲမက်နေခဲ့သည်။ ခေတ်အဆက်ဆက် ကာလသားကာလသမီးတို့၏ နှုတ်ဖျား၌လည်း စွဲကျန်ရစ်နေခဲ့သည်။ ချင်းဖဝေးဇာတ်မှာ ပွဲကြည့်တို့ ဘယ်အခါကြည့်ကြည့် မရိုးနိုင်သော ဇာတ်ထုပ်တစ်ခုဖြစ်သည်။

ဒေဝဟံသမင်းသားသည် တောကစားထွက်ရာမှ မျက်စိလည်လမ်းမှားပြီး ချောက်ထဲကျကာ အစာငတ်ရေငတ်ဖြစ်နေသည်။ ချင်းမအိမ်ကောင်းတို့သားအဖက တွေ့ရှိပြီး ကယ်ဆယ်ထားရာမှ ချစ်ကြိုက်သွားကြသည်။ မကြာမီ သားကလေးတစ်ယောက်မွေးပြီး ဒေဝဟံသမင်းသားက တိုင်းပြည်သို့ပြန်သွားတော့သည်။ ချင်းမအိမ်ကောင်းမှာ ကလေးတစ်ယောက်နှင့်ကျန်ရစ်ခဲ့သည်။ သားကလေးကိုနော်လမုဟုနာမည်ပေးထားသည်။ (နောင်တွင်မှ သမ္မာဒေဝနတ်က ချင်းဖဝေးဟု အမည်ပေးခြင်းဖြစ်သည်။)

နော်လမုသည် အဘိုးဖြစ်သူနှင့် တောင်ယာထဲလိုက်သွားရာ ကစားဖော်သူငယ်ချင်းများက အဖေမရှိတဲ့ကောင်ဟု ဝိုင်းဝန်းလှောင်ပြောင်ကြသဖြင့် - -

"အများနော်၊ ကစားဖော်သူငယ်ချင်းတွေက၊ ယာကွင်းပြင်မှာ ဖတဆိုးရယ်လို့၊ ယိုထိုးကာလှောင်ပြောင်ကြပါသဗျ၊ ဒို့နေတဲ့ တောင်ကမ်းပါးယံထဲ - - -။

သောကငယ်ကြွယ်၊ ပြောမှုဖြင့်အရေလယ်တော့မပေါ့၊ ယော၊
ထားဝယ်၊ တရုတ်၊ ကုလားရယ်လို့များပြားသမို့၊ ကျုပ်အဖေ
ဘယ်ဟာစွဲရပ့်၊ခြားနားလို့သေသေချာချာခွဲ... "ဟူသောငိုချင်း။

ချင်းဖဝေးသည် နန်းကြီးကြေးမုံ၏ တိုင်းပြည်သို့လိုက်သွားရာ
အချိန်မရှိတော့၍ ဥယျာဉ်ထဲ၌ ညအိပ်ရပ်နားကြရသည်။ နန်းတော်မှ
တီးခတ်လိုက်သော "နောင်ဒိုင်း" ဟူသည့်ဗဟိုရ်စည်သံကြားရသောအခါ
ချင်းဖဝေးက - -

"ဒို့တောရွာမှာ၊ ပြောစရာအချိန်ဆောင်ရလျှင်၊ အိမ်ခေါင်မှာ
အိပ်တန်းတွေနဲ့၊ ချိုပ်ပန်းတော်ပံဝေလို့၊ ညောင်ကန်တွေ ဆူလှယ်
ထွန်ကြရင်ဖြင့်၊ သူငယ်မွန် သူငယ်အိပ်ချိန်မို့၊ အတိတ်နာရီဆောင်
လိုက်တာလ၊ကြက်သံကိုကြား- - -"

"နားမချို- - -နားမချိုတယ်၊ သူတို့မှာရွှေဗဟိုရ်တဲ့၊ နေညိုလျှင်
ဒေါင်စိုင်းပါလို့၊ နောင်ဒိုင်းတဒူဒူနဲ့၊ ဆူလေတယ်၊ ဘယ်နယ်မြို့ပါ
လိမ့်၊ ရှင်ဘုရင်လူမော်တို့မှာ၊ မင်းမို့လို့ထား- - "ဟူသောသီချင်း။

ချင်းဖဝေးနှင့်နန်းကြီးကြေးမုံတို့ ဥယျာဉ်တော်ထဲ၌ အိပ်ပျော်နေ
ကြစဉ်ရိုးရာနတ်ရောက်ရှိလာပြီး၊ လက်ဖက်တစ်ရိုး၊ ကွမ်းတစ်ယာမတင်
မြှောက်ဘဲ အိမ်ထောင်ပြုရမည်လားဟုဆိုကာ နန်းကြီးကြေးမုံအား
စိတ်ဖောက်ပြန်အောင်ပြုပြီး ဖဝေး၏ပါးကိုရိုက်စေသည်။ ဤတွင် ဖဝေး
ခမျာ မရှိတင်ကဲဖြင့် - - -

"ယွင်းမဖွယ်၊ ချင်းသူငယ်ဟာဒယ မအေးအောင်လို့၊ ဖဝေးကို
သူတမင်စပါလို့၊ကြင်ရပြီဝနာရဂုံ၌၊ ငါအယုံမှား - -။
သဘောထားပုံကကွယ်၊ တောသားကိုလင်မလုပ်ချင်ဘူးတဲ့၊
နှင်ထုတ်ခါရောင်ကိုဆွဲတဲ့ပြင်၊ ရောင်လွဲကာ တမင်လုပ်ရက်ပါပေ့၊

နင်တို့ရွာ တိုင်းပြည်ဆိုက်ကာမှ၊ (ဖဝေးကိုကွယ်) ရှိင်းမိုက်စော်ကား- -"ဟူသောငိုချင်း။

နန်းကြီးကြေးမုံသည် ရှီးရာနတ်၏နှောင့်ယှက်မှုကြောင့် သွက်သွက်လည်အောင်ရှူးသွားပြီး ခမည်းတော်ထံရောက်သွားသည်။ အကျိုးအကြောင်းမေးမြန်းသောအခါ ရှီးရာနတ်သည်နန်းကြီးကြေးမုံကိုပူးကပ်ပြီး "ဖဝေးကဆေးခပ်၍ရူးရပါသည်"ဟုလျှောက်တင်စေသည်။ ဤတွင်ခမည်းတော်ပြဟ္မဟံသမင်းကဖဝေးတို့မြေအဘိုးကိုနန်းတော်ထဲသို့ခေါ်ကာ အမျိုးမျိုးနှိပ်စက်လေတော့သည်။ ဤအခန်းမှာ ဇာတ်၏အထွတ်အထိပ်ဖြစ်၍ ပွဲကြည့်သူတိုင်း မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရလေသည်။ စိန်အောင်မင်း၏ ပြောင်မြောက်သောအနုပညာ အစွမ်းကြောင့်အမျိုးသားပရိသတ်လည်းမခံနိုင်တော့ပေ။

"ယာတောရဲ့အလယ်မှာဟယ်၊ ငါပြောမယ်ရွှေရှင်ဘုရင်ရဲ့ နင်ဆင်ခြင်ပါလား...။

ဒို့မြေအဘိုးမှာလ၊ စည်းရိုးကလေးလုံးစွာကာလို့၊ ဖရုံပါငပြုတ်သခွားတွေ နဲ့၊ ဒို့လုပ်စားရာ သူတမင်လာလို့၊လင်ရာပုံ အတင်းတကယ် ကမျှော့ပုံက၊ ချင်းသူငယ်ကို ဒင်းချော့လို့ခေါ်ခဲ့တာပါဘုရား..."ဟူသောငိုချင်း။

"ယွင်းမမှန်၊ ချင်းတရားခံအမှုကြီးအောင်လို့၊ သူ့သမီးကို တော်ရာစေ၍၊ လော်မာချေခိုင်း...။

ချင်းအရိုးဟာမို့၊ မင်းမျိုးရာဇာလိုဖြင့်၊ စာတရားကိုယ် ဥပဒေသဘောတွေနဲ့၊ဗမာလိုထုချေလို့မပြောတတ်ပါဘု၊ (အမယ်လေး) တောကပါကွယ့်ဒို့အရိုင်း..."ဟူသော ငိုချင်းများသည် ယနေ့ထိပွဲကြည့်ပရိသတ်များ မမေ့နိုင်ကြသေးသော ငိုချင်းများဖြစ်သည်။

အလင်္ကာကျော်စွာရွှေမန်းတင်မောင်သည် ဗုဒ္ဓဝင်ဇာတ်တော်ကြီးများဖြစ်သည့်ဖွားတော်မူခန်း၊ လယ်ထွန်မင်္ဂလာခန်း၊ လေးတော်တင်ခန်း၊ တောထွက်ခန်းဇာတ်ထုပ်များကို တင်ဆက်ကပြခဲ့ရာ အောင်မြင်ကျော်ကြား လူကြိုက်များခဲ့ပေသည်။ စိန်အောင်မင်းကလည်း ရွှေမန်းတင်မောင်နည်းတူ ရာဟုလာအမွေတောင်းခန်း ဗုဒ္ဓဝင်ဇာတ်ထုပ်ကို ရှေ့ပိုင်းအော်ပရာအဖြစ် တင်ဆက်ကပြခဲ့ရာ အောင်မြင်ခဲ့ပြန်သည်။ ရာဟုလာအမွေတောင်းခန်းတွင် စိန်အောင်မင်းက သုဒ္ဓေါဒနမင်းကြီးအဖြစ် သရုပ်ဆောင်ခဲ့သည်။ သားဘုရားရှင် မြေးတော်ရာဟုလာကို သာသနာ့အမွေအဖြစ် ရှင်သာမဏေပြုပေးလိုက်သည်။ သုဒ္ဓေါဒနမင်းကြီးသည် ထီးညွန့်နန်းလျာအတွက် မြေးတော်ရာဟုလာအား မျှော်မှန်းထားရာ ဘုရားရှင်က ရှင်သာမဏေပြုပေးလိုက်သဖြင့် မချိတင်ကဲဖြစ်ရပုံကို - -

"ထီးမွေရာဇ်ဘာယာ ယခုဖြာလေတယ်၊ မြေးချစ်ရာဟုလာ ဗုဒ္ဓအမွေပေးပါသတဲ့၊ အဟုတ်ပဲ့မကျေအေးပြီ၊ ဒုက္ခောပအဖြာဖြာ မွေလိုက်တာက၊ သုဒ္ဓေါဒနေ ငါရာဇာအဖေကို မသနား - - -။ ဘမယာပြည် ညိုးအောင်လို့၊ သာကီမျိုးတွေတစ်ခါပင်ကုန်တော့၊ ဘဂဝါရှင် ယံ့ကာ ကတုံးတွေဖြစ်ပါလို့ဗျာ၊ ဘုန်းပရမေကို အဆုံးလေ ဟစ်လိုက်ချင်တော့တယ်၊ နလုံးပွေညစ်လို့ နဂ္ဂဟာစေတနာမထားနိုင်ဘု၊ (သားတော်မောင်ရယ်) နံ့ခွေရစ်လို့နေရပါပေ့၊ ဗုဒ္ဓအမွေပေးတာတွေ မတာရား၊ ရက်စက်လိုက်တဲ့သားတော်ပါကလား - - -"

ယင်းဇာတ်ထုပ်တွင် စိန်အောင်မင်း၏သမီးငယ် စီစီစိန်က ယသော်ဓရာမင်းသမီးအဖြစ် သရုပ်ဆောင်သည်။ ဘုရားရှင်သည် ကပိလ

ဝတ်ပြည်သို့ကြွတော်မူလာပြီးနောက် ယသော်ဓရာ၏တိုက်ခန်းသို့ ကြွလာသောအခါ ယသော်ဓရာသည် ဘုရားရှင်၏ခြေဖမိုးတော်ကို သူ၏ ဦးခေါင်းဖြင့်တိုက်ကာ ကန်တော့သည်။ ထိုအခန်းတွင် စီစီစိန်၏- -

"ယသော်ဓရာ၊ ဘဒ္ဒကဥ္စနာခေါ်ရာတစ်လီ၊ သာကီနွယ်တော် ယသော်ကြင်ဆွေနန်းလုံးမေသည်၊ ပါဒပိဋ္ဌေ၊ တစ်ရှာ့ရှစ်ကွက်၊ တံဆိပ်နက်၍၊ စက်လက္ခဏာ၊ ကောင်းစွာပြည့်ဖြိုး၊ အသရေတိုးတဲ့၊ ဘုရားရှင် ခြေဖမိုးတော်၌..."အစရှိသည့်ကန်တော့ချိုးကိုရွတ်ဆို၍ ရှိခိုးကန်တော့သည်။

စီစီစိန်၏ ကရုဏာရသမြောက်လှသောအလွမ်းကြောင့် ပွဲကြည့် ပရိသတ်တို့ရှင်နင့်ခဲ့ရသည်။ ရာဟုလာအမွေတောင်းခန်းဇာတ်မှာစီစီစိန် ၏အနုပညာအစွမ်းကြောင့် ပို၍ပြောင်မြောက်လာခဲ့ရသည်။

ဇာတ်သဘင်ခေတ်ကောင်းစဉ်အခါက ဇာတ်မင်းသားများ ရုပ်ရှင် ရိုက်ကူးခဲ့ကြဖူးသည်။ မင်္ဂလာဦးအောင်မောင်းကြီးက "ရှင်မွေးလွန်း မင်းနန္ဒာ"၊ ရွှေနန်းတင်က "သကုန္တလာ"၊ ကနက်စိန်က "သုယောနန္ဒီ"၊ ရွှေမန်းတင်မောင်က "ဝိမာန"၊ "သခ်"နှင့် "မနော်ဟရီ" ဟူ၍ဖြစ်သည်။ စိန်အောင်မင်းကလည်း အကယ်ဒမီကြည်ကြည်ဌေးနှင့် တွဲဖက်၍ "ဝိဇယကုမ္မာ" နှင့် "မင်းကုသ" ဟူသည့်ရုပ်ရှင်ဇာတ်ကားနှစ်ကား ရိုက်ကူး ခဲ့သည်။ ရုပ်ရှင်ရိုက်ကူးကြသောဇာတ်မင်းသားများအနက်စိန်အောင်မင်း မှာ အအောင်မြင်ဆုံးဖြစ်သည်ဟုဆိုနိုင်လေသည်။

စိန်အောင်မင်းသည် ကသက်နှစ်ပေါင်း ၄၀ကျော်အတွင်း နောက်ပိုင်းဇာတ်ထုပ်ပေါင်းများစွာကပြခဲ့သလို၊ ရှေ့ပိုင်းအော်ပရာများကို လည်း တစ်နှစ်တစ်မျိုးမရိုးအောင် တီထွင်ဆန်းသစ်ကပြခဲ့သည်။ အနန္တ ဘယ၊ လောဘမှောင်၊ သုညသဘင်ဂဏန်းဝင်၊ မောင်ရွှေမှိုင်း၊ ရတနာ

ခုနှစ်ပါ၊ ပဏ္ဏဝလုလင်၊ သာယာရွှေပြည်၊ နန်းညွန့်ရင်သွေး၊ မယ်မြစ်နှင့် မယ်ချစ်၊ ဝေဒါနှင့်ရွှေဝါ၊ တရားနှင့်မား၊ ပပဝတီနှင့်မင်းကုသ၊ သိကြားရေစင်၊ ရာဟုလာအမွေတောင်းခန်း၊ ဝစ္စမာလာ၊ ခေတ်သမိုင်းနှင့် တို့တိုင်းပြည်၊ သီးထပ်သီးညှပ်စိုက်ပျိုးရေး၊ ရေ့သို့အောင်ပရာများဖြင့်ပြည်သူလူထုကိုစည်းရုံးဖျော်ဖြေတင်ဆက်ခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ဂျူပလီဟောဦးစိန်အောင်မင်း၊ ရွှေမန်းတင်မောင်၊ ကနက်စိန်သုံးဦးပေါင်း၍ ဘဲလေးဟန်ပြစုပေါင်းအကကို တီထွင် ကပြခဲ့ဖူးသည်။ ထို့ပြင် စိန်အောင်မင်းသည် ၁၉၆၆ ခုနှစ်တွင် ရန်ကုန်မြို့ ကာဒ္ဒေးရုံ(ယခုကေသွယ်ရုံ)၌ညဥ့်ဝက်စနစ်ဖြင့်လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ဗိုလ်တစ်ထောင်ရုံ၌ ညဥ့်ဝက်စနစ်ဖြင့်လည်းကောင်း တီထွင်ကပြခဲ့လေသည်။

စိန်အောင်မင်းတွင် အိမ်ထောင်သုံးဆက်ရှိခဲ့ရာ ညွန့်ညွန့်စိန်၊ (အောင်ညွန့်စိန်)၊ အောင်ကြည်ဆွေ၊ သန်းသန်းစိန်၊ စီစီစိန်၊ ဌေးဌေးစိန်၊ အောင်ကိုမင်း၊ အောင်ကိုဝင်းတို့မှာ ဖခင်ကြီး၏ သဘာဝပညာအမွေကို ပြည့်ဝစွာရရှိခဲ့ကြသည်။ ဖခင်ကြီးနှင့်အတူလက်တွဲကပြခဲ့ကြသည်။

၁၉၅၈ ခုနှစ် တပ်မတော် အိမ်စောင့်အစိုးရလက်ထက်တွင် ဥက္ကလာပနှင့် သာကေတမြို့သစ်များတည်ထောင်စဉ်က စိန်အောင်မင်း တင်ဆက်ကပြခဲ့သောမြို့ရွာသန့်ရှင်းရေးမာယလုလင်ပြဇာတ်၊ နတ်သုဒ္ဓါ အော်ပရာများမှာ အထူးအောင်မြင်ခဲ့ပေသည်။ ထိုခေတ်ထိုအချိန်က တပ်မတော်အိမ်စောင့်အစိုးရသည် ဖရိုဖရဲဖြစ်နေသောတိုင်းပြည်ကို ပြန်လည်ထူထောင်နေချိန်ဖြစ်သည်။ အစိုးရ၏လုပ်ငန်းများ အောင်မြင်ပြီးပြည်သူများအားလုံးက အစိုးရ၏ဆောင်ရွက်ချက်များသဘောပေါက်နားလည်လာစေရန် ပညာပေးစည်းရုံးခြင်းလုပ်ငန်းများကိုမိမိတတ်စွမ်းရာ

သဘင်ပညာဖြင့် စိန်အောင်မင်းက ပါဝင်ကူညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုစဉ်က ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးကြီးထွန်းစိန်က "ဒဂုံ၊ ပုရံ၊ မနောရမံ" ဟူသော စာသားပါသည့် ရွှေတံဆိပ်ဆုကို ချီးမြှင့်ခဲ့ပေသည်။

ဝါရင့်ကျော်ထင် အကျိုးတော်ဆောင် စိန်အောင်မင်းသည် အသက် ၆၅ နှစ်ကျော်အထိ မိသားစုဇာတ်သဘင်အဖွဲ့ကြီးနှင့်အတူ ကပြခဲ့ပြီးနောက် ဇာတ်သဘင်လောကမှ အနားယူခဲ့သည်။ ဇာတ်လောကမှ အနားယူခဲ့သော်လည်း နိုင်ငံတော်အစိုးရမှ ကြီးမှူးကျင်းပသော အခမ်းအနားများတွင်မူ ပါဝင်ကူညီဆောင်ရွက်နေဆဲဖြစ်ပါသည်။ တစ်ဖက်ကလည်း မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါသည်။

ဤကဲ့သို့ နိုင်ငံတော်၏အကျိုးကို ပြောင်ပြောင်မြောက်မြောက် သဘင်အနုပညာဖြင့် စွမ်းဆောင်နိုင်ခဲ့သဖြင့် ၁၉၉၈ ခုနှစ်တွင် နိုင်ငံတော်အစိုးရက စိန်အောင်မင်းအား လူမှုထူးချွန်ဆု(ပထမဆင့်)၊ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်ဆု(ပထမဆင့်)တို့ကို ပေးအပ်ချီးမြှင့်ခဲ့ပေသည်။ စိန်အောင်မင်းသည် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်း၊ အမှတ်(၂၅)တွင် မိသားစုများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ရင်း ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကွယ်လွန်ခဲ့ပေသည်။ ။

သဘင်ပညာဖြင့် စိန်အောင်မင်းက ပါဝင်ကူညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုစဉ်က ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးကြီးထွန်းစိန်က "ဒဂုံ၊ ပုရုံ၊ မနောရမံ" ဟူသော စာသားပါသည့် ရွှေတံဆိပ်ဆုကို ချီးမြှင့်ခဲ့ပေသည်။

ဝဏ္ဏကျော်ထင် အကျိုးတော်ဆောင် စိန်အောင်မင်းသည် အသက် ၆၅ နှစ်ကျော်အထိ မိသားစုဇာတ်သဘင်အဖွဲ့ကြီးနှင့်အတူ ကပြခဲ့ပြီးနောက် ဇာတ်သဘင်လောကမှ အနားယူခဲ့သည်။ ဇာတ်လောကမှ အနားယူခဲ့သော်လည်း နိုင်ငံတော်အစိုးရမှ ကြီးမှူးကျင်းပသော အခမ်းအနားများတွင်မူ ပါဝင်ကူညီ ဆောင်ရွက်နေဆဲဖြစ်ပါသည်။ တစ်ဖက်ကလည်း မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါသည်။

ဤကဲ့သို့ နိုင်ငံတော်၏အကျိုးကို ပြောင်ပြောင်မြောက်မြောက် သဘင်အနုပညာဖြင့် စွမ်းဆောင်နိုင်ခဲ့သဖြင့် ၁၉၉၈ ခုနှစ်တွင် နိုင်ငံတော်အစိုးရက စိန်အောင်မင်းအား လူမှုထူးချွန်ဆု(ပထမဆင့်)၊ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်ဆု(ပထမဆင့်)တို့ကို ပေးအပ်ချီးမြှင့်ခဲ့ပေသည်။ စိန်အောင်မင်းသည် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်း၊ အမှတ်(၂၅)တွင် မိသားစုများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ရင်း ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကွယ်လွန်ခဲ့ပေသည်။ ။

# ကိုးကားသော စာအုပ်စာတမ်းများ

| | |
|---|---|
| ၁။ ကနက်စိန် | ဦးသော်ဇင် |
| ၂။ စိန်အောင်မင်း | ဦးသော်ဇင် |
| ၃။ ပြဇာတ်နှင့်ဇာတ်သဘင် | ဗမိုး |
| ၄။ ပြည်သူချစ်သောအနုပညာသည်များ | လူထုဒေါ်အမာ |
| ၅။ ပြည်ထောင်စုယဉ်ကျေးမှုစာစောင် (၁၉၆၃၊ ဧပြီလ) | ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၆။ ဗမာအမျိုးသမီး | စောမုံညင်း |
| ၇။ ဘိုးဘွားသက်ရှည် | ကမ္ဘောဇမြင့်လွင် |
| ၈။ မင်္ဂလာဦးအောင်မောင်း၏ရင်သွေးတော်ဇာတ် | ဆန်းညွှန့်ဦး - ဦးလှခင် |
| ၉။ မင်္ဂလာဦးအောင်မောင်း၏ပဒုမပေါင်တိုဇာတ် | ဆန်းညွှန့်ဦး - ဦးလှခင် |
| ၁၀။ မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၅) | မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း |
| ၁၁။ မြန်မာ့ဇာတ်သဘင် | ဦးဂုဏ်ဘဏ် |
| ၁၂။ မြန်မာ့ဇာတ်သဘင်တစ်ခေတ်ပြောင်းလဲရေး | မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ် |
| ၁၃။ မြန်မာ့ရုပ်စုံသဘင်သမိုင်း | ဂုဏ်ထူးဦးသိန်းနိုင် |
| ၁၄။ မြန်မာ့လွတ်လပ်ရေးနှင့်တေးဂီတ | မေမြို့မိုးကြည် |
| ၁၅။ ယဉ်ကျေးမှုပေါင်းကူးတံတား | ဒဂုဏ်ပဦးဘတင် |
| ၁၆။ ရွှေမန်းတင်မောင် | လူထုဒေါ်အမာ |
| ၁၇။ လင်းယုန်ဂျာနယ်အုပ်တွဲ (၁)အမှတ် (၁၂) | (၂၂-၁၁-၅၇) နေ့ထုတ် |
| ၁၈။ ဝဏ္ဏကျော်ထင်စိန်အောင်မင်း၏ ချင်းဇဝေးဇာတ် | ဆန်းညွှန့်ဦး - ဦးလှခင် |

| | | |
|---|---|---|
| ၁၉။ | ဝဏ္ဏကျော်ထင်စိန်အောင်မင်း၏ ဆင်ကဲဘို့မယ်ဇာတ်ထုပ် | ဓာတ်ပြား |
| ၂၀။ | ဝဏ္ဏကျော်ထင်စိန်အောင်မင်း၏ မောင်မစ္စကာဇာတ်ထုပ် | ဓာတ်ပြား |
| ၂၁။ | သောင်းပြောင်းထွေလာ ရေးချင်ရာရာ (၂) | လူထုဦးလှ |
| ၂၂။ | အနုပညာကျော်တစ်ရာ | စံထူး |
| ၂၃။ | အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ ဗုဒ္ဓဝင် ဖွားတော်မူခန်း | ဆန်းညွန့်ဦး - ဦးလှခင် |
| ၂၄။ | အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ ဗုဒ္ဓဝင် လေးတော်တင်ခန်း | ဆန်းညွန့်ဦး - ဦးလှခင် |
| ၂၅။ | အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ ဗုဒ္ဓဝင် တောထွက်တော်ခန်း | ဆန်းညွန့်ဦး - ဦးလှခင် |
| ၂၆။ | အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ လက်ဝဲသုန္ဒရ | ဆန်းညွန့်ဦး - ဦးလှခင် |
| ၂၇။ | အောင်ဗလ ဖိုးစိန် စိန်ကတုံး | လူထု ဒေါ်အမာ |
| ၂၈။ | ဦးစိန်ကတုံး၏အညသောဂဇာတ် | ဆန်းညွန့်ဦး - ဦးလှခင် |
| ၂၉။ | ဦးတောကျော်၏ရွှေလှူဝံဇာတ် | ဆန်းညွန့်ဦး - ဦးလှခင် |
| ၃၀။ | ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၇ ခုနှစ်ဝန်းကျင်ထုတ် ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းနှင့် ရုပ်ရှင်အောင်လံမဂ္ဂဇင်းများ | ကြေးမုံသတင်းစာ (၄-၁၁-၇၇) |